www.burmeseclassic.com

# သောကြာထောင့်မှာ မစောင့်တဲ့ဗီးနပ်စ်

## လင်းဆာရေအောင်




(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၃၈၆၀၄၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၄၉၅၀၅၁၁ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဇွန်လ၊ ၂၀၁၁ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | မျိုးကျော် |
| အဖုံးဖလင် | – | EMPIRE |
| အတွင်းဖလင် | – | အေဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက် အမှတ် ၁၈၁၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်ခင်မာချို ပန်းဝေဝေစာပေ (မြ–၀၃၇၃၈) အမှတ် ၃၆၀ ၊ဗိုလ်အောင်ကျော်လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၀၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

လတ်တေဇအောင်

သောကြာတော့မှာ မစောင့်တဲ့ ဓိနပ်(စ်) / လတ်တေဇအောင် – ရန်ကုန်။

ပန်းဝေဝေစာပေ၊ ၂၀၁၁။

၂၀၆ – စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ


## (၁)

'ဆောင်း' ဟုအမည်တပ်ထားသော နေ့စွဲများသည် လွန်းထိုးဆုတ်ခွာသွားသော်လည်း ရက်လွန်ဆောင်း၏ ကြွင်းကျန်ရန့်တချို့ကတော့ အမည်ပေါက်ထိုးဆွဲနေဆဲ . . .။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ကျပ်ပါးသော်လည်း အနည်းငယ် ဖွဲ့ဖွဲ့ကျနေသည့် မြူဝတ်မှုန်ခိုးများဖြင့် လှပနေမည်ထင်သည်။

ထိုသို့သော ရာသီဥတုခင်းကျင်းထားသည့် မနက်ခင်းလေးမှာ အာကာအိပ်ယာမှ နိုးလာခဲ့သည်။ မျက်စိကို တစ်ချက်ဖွင့်ကာ ဝါးကနဲ သမ်းလိုက်သေး၏။ ပြီးမှ မျက်လုံးကို ပြန်မှိတ်ကာ နှပ်နေလိုက်၏။

ထိုစဉ် . . .

နာရီနှိုးစက်မြည်သံအား ကျယ်လောင်စွာ ကြားလိုက်ရ၏။ ထိုအခါမှ ကိစ္စတစ်ခုကို စဉ်းစားမိပြီး အာကာစိတ်ညစ်သွားရသည်။ ထိုကိစ္စသည် မေမေညက အမိန့်တော်ချမှတ်ခဲ့သော ကိစ္စဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ . . .

နာရီနှိုးစက်အား အိပ်ချင်မူးတူးနှင့် လှမ်းပိတ်ပြီး ပြန်တွေးနေလိုက်သည်။ သို့သော်လည်း သိပ်မကြာလိုက်ချေ။ တံခါးဖွင့်သံနှင့်အတူ . . .

"သား . . . အာကာ . . . ထတော့လေ၊ မေမေခိုင်းစရာရှိလို့ ဒီနေ့စောစောထပါလို့ မှာထားတာကို"

အာကာက အိပ်ယာထက်မှာ လူးလိမ့်လိုက်ရင်း . . .

"အင်းပါ မေမေရာ . . . ထပါ့မယ်၊ ခဏလေးပါ"

"မရဘူး . . . ခုထ၊ တစ်ခုပြီးတစ်ခု နောက်ကျနေရင်ကျောင်းမမီဘဲ နေလိမ့်မယ်၊ ထ . . ထ . . ထပါသားရယ်"

အတင်းလှုပ်နှိုးနေတော့လည်း ဆက်အိပ်လို့ မဖြစ်တော့ချေ။ မထချင်၊ ထချင်နှင့် အိပ်ယာက ထလိုက်ရတော့သည်။

မေမေနှင့်အတူ အောက်ထပ်သို့ ဆင်းလာခဲ့ပြီး ရေချိုးခန်းဝင်ခဲ့၏။ ရေချိုးပြီး ထွက်လာတော့ မေမေက . . .

"ကဲ . . . တစ်ခါတည်း အဝတ်အစားသွားလဲထားတော့၊ မေမေ အောက်မှာ မနက်စာပြင်ထားလိုက်မယ်"

ဘာမှပြန်ပြောမနေဘဲ အဝတ်အစား သွားလဲလိုက်သည်။ ထွေထွေထူးထူးတော့ မဟုတ်။ ရာသီဥတုက အနည်းငယ် အအေးဓါတ်ကြွင်းကျန်နေသေးသည်မို့ တီရှပ်လက်ရှည်တစ်ထည်နှင့် ဂျင်းဘောင်းဘီကိုသာ ဝတ်လိုက်ခြင်းဖြစ်သည်။

အောက်ထပ်ပြန်ဆင်းလာတော့ မေမေက မနက်စာပြင်ဆင်ထားလေပြီ။ မနက်စာ ကော်ဖီနှင့်မုန့်ကို စားသောက်ရင်း အာကာက . . .

"မေမေ . . . ဖေဖေကော ထုံးစံအတိုင်းပဲလား"





"အေးလေ . . . သားလိုမှ အိပ်ပုတ်မကြီးဘဲ"

ဒီလောက်ဆိုလျှင် အာကာသဘောပေါက်လိုက်ပြီ။ ဖေဖေမနက်စောစော ထုံးစံအတိုင်း ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်သွားခြင်း ဖြစ်မည်။

သို့နှင့် အာကာက . . .

"ကဲ . . . မေမေ့သားက ဘယ်တွေသွားပြီး ဘာတွေပို့ပေးရမှာလဲ . . . ပြော"

ထိုအခါမှ မေမေက လေးဆင့်ချိုင့်ကြီးကို စားပွဲပေါ် ချလိုက်ကာ . . .

"ရော့ . . . ဒီမှာ၊ ဒီချိုင့်ကို သားအန်တီအေးတို့အိမ်ကို သွားပို့လိုက်"

"လိပ်စာက . . ."

အာကာ ပြန်မေးလိုက်သည်။ အန်တီအေးဆိုသည်မှာ မေမေဘို့၏မိတ်ဆွေဖြစ်ပြီး မန္တလေးမှ ပြောင်းလာသည်မှာ မကြာသေး။ ရက်ပိုင်းပဲ ရှိသေးသည်။ အာကာတို့ မန္တလေးမှာနေတုန်းက အန်တီအေးသည် အိမ်သို့ မကြာခဏ အဝင်အထွက်ရှိနေသည်ကို အမှတ်ရမိ၏။ ခုတော့ ရန်ကုန်သို့ပြောင်းလာသော သူ့မိတ်ဆွေကို မေမေက စားသောက်စရာ သွားပို့ခိုင်းခြင်း ဖြစ်သည်။

ခုလည်း မေမေက လိပ်စာတစ်ခုရွတ်ပြပြီး . . .

"သား . . . သေသေချာချာ သွားပို့လိုက်နော်၊ သူတို့ပြောင်းလာပြီးကတည်းက မေမေတို့ ထမင်းဖိတ်မကျွေးရသေးလို့ ခုလိုသွားပို့ခိုင်းတာ"

"ဟုတ်ပါပြီ မေမေရယ်၊ ဒါနဲ့ အထဲက ဘာတွေလဲ"

ချိုင့်ထဲမှာ ဘာတွေလဲဟု မေးလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက . . .

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ မနက်က ပုစွန်ထုပ်တွေ ဈေးမှာတွေ့တာနဲ့ ဆီပြန်လေးချက်လိုက်တာ၊ ပြီးတော့ အုန်းထမင်းပါ တစ်ခါတည်း ချက်လိုက်တယ်၊ အဲဒါ သားအန်တီအေးကိုလည်း စားစေချင်တာနဲ့"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ၊ သားပဲ သွားပို့လိုက်ပါ့မယ်၊ မေမေတို့မှာက ခိုင်းစရာ ဒီသားလေးတစ်ယောက်ပဲ ရှိတာမဟုတ်လား"

အာကာက ချိုင့်ကိုဆွဲရင်း နောက်တောက်တောက် ပြောလိုက်သည်။ မေမေက မျက်စောင်းဒိုင်းကနဲ လှမ်းထိုးရင်း . . .

"အံမယ် . . . မုန့်ဖိုးပေးစရာရှိရင်လည်း ဒီသားလေးပဲ မဟုတ်လား"

"ဟဲ . . ဟဲ . . . ဒါဆိုလည်း လာထားလေ"

ရယ်ကာပြောရင်း လက်ဖြန့်လိုက်သည်။ မေမေက ပိုက်ဆံတစ်ချို့ကို ပိုက်ဆံအိတ်ထဲမှထုတ်ကာ လှမ်းပေးပြီး . . .

"ကဲ . . . ရော့ . . . ရော့ . . . မြန်မြန်ကြွပါ ကိုယ်တော်လေးရယ်"

အာကာလည်း မေမေ့ပါးကို ပြွတ်ကနဲနမ်းရင်း ထွက်ခဲ့လိုက်၏။ ကားမောင်းလာရင်း မေမေပြောလိုက်သော လိပ်စာကို ရွတ်ကြည့်ရသေးသည်။ ဖြစ်ချင်တော့ အန်တီအေးတို့အိမ်ကိုလည်း သူတို့ပြောင်းလာပြီးကတည်းက တစ်ခါမှ မရောက်ဖူး၍ ဖြစ်သည်။

ရပ်ကွက်ကတော့ လူချမ်းသာတွေနေသော ဆိတ်ငြိမ်ရပ်ကွက်ဖြစ်သည်။ မနက်စောစောကြောင့်လား မသိ။ လမ်းပေါ်မှာ လူသူပင် ကျဲပါးနေ၏။ မေမေပြောသည့် လိပ်စာအတိုင်း လမ်းသွယ်





လေးထဲသို့ ချိုးဝင်လာခဲ့သည်။

ထိုစဉ်မှာပဲ ဟွန်းသံကင်းမဲ့ဖုန်မဟုတ်ဘဲ ဟွန်းတီးစရာကိစ္စက ပေါ်လာခြင်းဖြစ်သည်။ တစ်ခြားတော့ မဟုတ်။ ဖေဖေတို့အရွယ် လူကြီးတစ်ယောက်သည် သူ့ကားကို ဖင်ပေးကာ လက်တစ်ဖက်က ရေဒီယိုကို နားနှင့်ကပ်ကာ နားထောင်ရင်း ကျန်လက်တစ်ဖက်က လည်း တုတ်ကောက်ကြီး တဒေါက်ဒေါက်လုပ်ကာ လမ်းလျှောက်နေ၍ ဖြစ်သည်။

လမ်းအလည်တည့်တည့်မှာမို့ ဘေးမှကွေ့ရှောင်၍လည်း မရချေ။ ဒင်းကလည်း ရေဒီယိုကို နားနှင့်ကပ်ထား၍ ကားစက်သံ မကြားသည်လား မသိ။ ဘယ်က လွှင့်ထုတ်မှန်းမသိသော အသံလွှင့် အစီအစဉ်ကို အာရုံစိုက်နားထောင်ရင်း အေးအေးလူလူပင် ဆက်လျှောက်နေသည်။

ကြာတော့ နောက်မှအရှိန်လျှော့ကာ လိုက်နေသော အာကာလည်း စိတ်မရှည်နိုင်တော့။ ထို့ကြောင့် လက်ကလည်း ကားစတီယာရင်ပေါ်မှ ဟွန်းပေါ်သို့ အလိုလို ရောက်ရှိသွားလေသည်။

"တီ!"

"ဟဲ့ . . . သောက်ပလုပ်တုတ် . . ."

"ဒုတ်!"

ထိုသောက်ပလုပ်တုတ်နှင့် ဒုတ်သည် တစ်ပြိုင်နက်နီးပါး ထွက်ပေါ်လာသော အသံများဖြစ်သည်။ သောက်ပလုပ်တုတ်ကတော့ လန့်သွားသဖြင့် ပါးစပ်မှ အလိုအလျောက် ထွက်ပေါ်လာသော အသံဖြစ်ပြီး ဒုတ်ဆိုတာကြီးက သူ့လက်မှ ရေဒီယိုလွတ်ကျသွားခြင်း ဖြစ်လေသည်။

သွားပြီ။ ကွိုင်ပဲဟု အာကာရွတ်လိုက်မိ၏။ ထိုလူကြီးက



www.burmeseclassic.com

www.burmeseclassic.com



တော့ အာကာကားဘက်ကို ဆတ်ကနဲ လှည့်ကြည့်ပြီးမှ သူ့ရေဒီယို ကို ငုံ့ကောက်လိုက်သည်။ ပြီးမှ ခလုတ်အား ဟိုမွှေ့ဒီမွှေ့လုပ်သည်။ ထိုသို့လုပ်ပြီး အာကာကားဘက် ကြည့်လိုက်ပုံကတော့ သူ့ရေဒီယို ဘာသံမှ ထွက်လာပုံမရသော ပုံစံမျိုးဖြစ်သည်။

အာကာလည်း ကားကို အသာရပ်ထားလိုက်သည်။ ထိုအခါ မှ အန်္ကိုလူကြီးလည်း ကားဆီသို့ ကော့ပတ်ကော့ပတ်နှင့် လျှောက် လာပြီး . . .

"ဟေ့ကောင် . . . မင်းမှာ မျက်စိမပါဘူးလား"

အာကာကလည်း . . .

"မျက်စိပါလို့ ဟွန်းတီးတာပေါ့ ဦးလေးရာ၊ ဦးလေးမှာပဲ နောက်စိမပါလို့ မမြင်တာ"

"ဘာကွ . . . "

အမှန်တော့ ဘာမှမကွပါ။ သူ့ဟာသူ တင်းသွားခြင်း ဖြစ် သည်။ အာကာကိုလည်း စူးစူးဝါးဝါးကြည့်ရင်း . . .

"ဟေ့ကောင် . . . မင်းဘာကောင်လဲကွ၊ ဘာကောင်လဲကွ"

"လူပါပဲ ဦးလေးရယ်"

"ဘာ . . . "

ရှုံ့ရှုံ့ရှားရှား ဖြစ်သွားပုံရသည်။ ချက်ချင်းပဲ . . .

"တော်စမ်း . . . ငါ့နာမည် မင်းမောင်ကွ . . မင်းမောင်"

"ကျွန်တော့်နာမည်ကတော့ အာကာပါ . . . ဦးလေး"

"ဘာကွ . . . "

"ဟင် . . . ဦးလေးပဲ မိတ်ဆက်တာ မဟုတ်ဘူးလား"

"တော်စမ်းကွာ၊ ဟေ့ကောင် နောက်တောက်တောက် မလုပ် နဲ့နော်၊ ဒီအနားမှာ မင်းမောင်ဆိုရင် လူတိုင်းသိတယ်ကွ၊ လမ်းလူကြီး





မင်းမောင်ဆိုတာ ငါပဲ . . . "

ခက်ပြီ။ လမ်းလူကြီးမင်းမောင်ဆိုတော့ အင်း . . . × + - လူကြမ်းမောင်မင်းပေါ့ဟု အာကာက ပြောင်ချော်ချော်တွေးမိသည်။

ထို့နောက် အပြစ်ကင်းစင်ဟန်လေးနှင့် ကြည့်ရင်း . . .

"ကဲ . . . ဦးလေးမင်းမောင်ရယ်၊ ကျွန်တော့်ကို ဘာပြော ချင်လို့လဲ . . . ပြော"

ခင်းကိုပဲ ဦးစားပေးလိုက်သည်။ ကိုယ်က လူငယ်လေ။ တစ် ချိန်မှာ တိုင်းပြည်ကို ဦးဆောင်ရမည့် သူတစ်ယောက်ဖြစ်နိုင်သည်ပဲ။

လေပြေထိုးလိုက်တာပင် နားဝင်ပုံမရသော ဦးမင်းမောင် တပဲ . . .

"ဟေ့ကောင် . . . ကြောင်တောင်တောင် လုပ်မနေနဲ့၊ မင်း ကြောင့် ငါ့ရေဒီယိုလွှတ်ကျပြီး ပျက်စီးသွားပြီ၊ မင်း ခုလျော်ပေး၊ မလျော်ပေးရင်တော့ ဒီအနားက သွားခွင့်မပြုနိုင်ဘူးကွ"

ခက်တာတော့ ခက်နေပြီ။ ကိုယ်ကလည်း ဟွန်းသံကင်းမဲ့ ဇုန်မဟုတ်၍ ဟွန်းတီးခြင်းသာ ဖြစ်သည်။ သူ့ရေဒီယိုလွှတ်ကျသွား စေဖို့ ဆန္ဒလည်း စိုးစဉ်းမျှမရှိချေ။ ခုလိုဖြစ်သွားတာကိုပဲ ကိုယ်က လျော်ရမည်တဲ့လား။ ဒီကိစ္စက မတော်တဆပဲဟု တွေးလိုက်မိသည်။ ဦးမင်းမောင်ကို ကြည့်လိုက်တော့လည်း သူ့ဆီက အလျော်ကို လုံးဝ အပိုင်ရယူမည့် ပုံစံမျိုးဖြင့် ခပ်တင်းတင်းကြည့်ကာ စောင့်နေသည် ရှုပါသည်။

အာကာ တစ်ချက်စဉ်းစားလိုက်ပြီး . . .

"ဦးလေးမင်းမောင် . . . "

"ဘာလဲ . . . "

အသံက ပိုပြီးပင် မာရေကျောရေ နိုင်လာသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အာတာတ မျက်နှာလေးညှိုးပြရင်း . . .

"ကဲ . . . ကျွန်တော်ကပဲ တောင်းပန်ပါတယ် ဦးလေးမင်းမောင်ရယ်၊ ဒီလိုလုပ်ပါလား၊ ကားက လမ်းမအလယ်မှာဆိုတော့ မကောင်းဘူး။ ဦးလေး ကားရှေ့က ခဏဖယ်လိုက်၊ ကျွန်တော်ကားကို လမ်းဘေးထိုးလိုက်မယ်၊ တော်ကြာ နောက်ကားတွေ ဝင်လာမှာစိုးလို့ပါ။ စိတ်ချ . . . ကျွန်တော်လျော်ပေးပါ့မယ်"

ထိုအခါမှ မယုံသလို တစ်ချက်ကြည့်ရင်း ဦးမင်းမောင်က မဖယ်ချင်၊ ဖယ်ချင်နှင့် နေရာရွှေ့ပေးသည်။ ဒါတောင် ပါးစပ်က တတွတ်တွတ်နှင့် . . .

"အေးလေ . . . ဖယ်ပေးရမှာပေါ့၊ ကားကို လမ်းဘေးမှာသာ ထိုးလိုက်၊ ဟင်း . . . ဟင်း . . . လမ်းလှူကြီးမင်းမောင်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲကွာ"

ကားကို ရှေ့နည်းနည်းတိုးပြီး ဘေးကပ်ပေးလိုက်သည်။ ကားစက်ကိုတော့ မသတ်ရသေး။ ဦးမင်းမောင်ကတော့ ရေဒီယိုအပျက်ကလေးကိုကိုင်ပြီး ကားဆီသို့ မျှော်လင့်ချက်ခြေလှမ်းများဖြင့် လျှောက်လာသည်။

ဒီအချိန်ဟာ အချိန်ကောင်းပဲဟု အာကာတွေးလိုက်မိသည်။ ဒင်း အားကျိုးမာန်တက်လျှောက်လာ၍ ကားနားသို့ ရောက်ခါနီးမှာပဲ လီဗာနင်းကာ ဝူးခနဲ မောင်းထွက်လိုက်သည်။

နောက်ကြည့်မှန်ကို ကြည့်လိုက်တော့ မြန်မာဘာသာစကားဖြင့် အော်ဟစ်ဆဲဆိုကျန်ရစ်ခဲ့သော ဦးမင်းမောင်ကို တွေ့လိုက်ရ၏။

အာကာလည်း ဟာဟာဟု ရယ်ရွှတ်လိုက်ရင်း . . .

"ဘိုင့် . . . ဘိုင် . . . လမ်းလှူကြီး ဦးလေးမင်းမောင်ရေ ဒါဟာ မတော်တဆ ကိစ္စပဲလေ"



(၂)

ကားကိုလမ်းသွယ်လေးအတိုင်း ခပ်မြန်မြန်မောင်းလာခဲ့သည်။ နောက်မှ လမ်းလှူကြီးဦးမင်းမောင် ဘယ်လောက်တင်းပြီး ကျန်ခဲ့မည်ကို မသိတော့။ မောင်းလာရင်း သုံးလမ်းကျော်လောက်မှ မေမေပြောလိုက်သည့် လိပ်စာပါလမ်းသို့ ချိုးဝင်လိုက်၏။

လမ်းထဲရောက်တော့လည်း အိမ်နံပါတ်တွေကို ဂရုတစိုက်ကြည့်ရသေးသည်။ မေမေပြောလိုက်သည့် အိမ်နံပါတ်က ရှစ်ဆယ့်ကိုး (၈၉)။ ဖြစ်ချင်တော့ အိမ်နံပါတ်တွေကလည်း အိမ်တိုင်းမှာ မရှိချေ။

ကံကောင်းထောက်မစွာပင် လမ်းအလယ်လောက်ရောက်တော့ အိမ်နံပါတ်ရှစ်ဆယ့်ကိုးအား မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရလေသည်။

သို့နှင့် . . .

ကားရပ်ကာ ထမင်းချိုင့်ကိုဆွဲပြီး ခြံရှေ့သို့ လျှောက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏၊ ခြံရှေ့ရောက်ချိန်မှာပဲ မြင်ကွင်းတစ်ခုကို ထပ်မြင်လိုက်ရခြင်း ဖြစ်သည်။ အားပါးပါးဟုပင် ရေရွတ်လိုက်မိ၏။ တခြားတော့ မဟုတ်။ နှစ်ဆယ့်တစ်ရာစု၏ ခေတ်သမီးပျိုလေးတစ်ယောက် မနက်စောစော ခြံထဲမှာ အားကစားလေ့ကျင့်ခန်းလုပ်နေခြင်းကို နောက်ကျောဘက်မှ တွေ့လိုက်ရခြင်း ဖြစ်သည်။

လှမ်းကြည့်နေရင်း ခြံဝမှဘဲ(လ်)ပင် မတီးဖြစ်ဘဲ အာကာ ငုတ်တုတ်မေ့နေမိ၏။ ကောင်မလေးက အားကစားဝတ်စုံ အဖြူရောင် ကျပ်ကျပ်လေးကိုဝတ်ကာ လေ့ကျင့်ခန်းလုပ်နေခြင်း ဖြစ်သည်။ ပုန်းပု ဆရာတစ်ယောက်က စနစ်တကျ ထုဆစ်ထားသလို ကောက်ကြောင်းလေးက ထင်းနေ၏။

အာကာလည်း ထမင်းချိုင့်ကြီးကိုင်ကာ ကြည့်ရင်း မျောနေမိသည်။ ပါးစပ်ကပင် ကောင်မလေး၏ လေ့ကျင့်ခန်းစည်းချက်တွေကို လိုက်ရေနေမိရင်း ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ၏။

"တစ် . . နှစ် . . သုံး . , လေး . . ငါး . . ခြောက် . . ခွန် ရှစ် . . . ရှစ် . . ခွန် . . ခြောက် . . ငါး . . လေး . . သုံး . . တစ်မျိုးပြောင်း"

ထိုသို့ လိုက်ရေရွတ်ရင်း ဘယ်လောက်ကြာသွားသည် မသိ။ ကောင်မလေးက ဆတ်ကနဲ မြက်ခင်းပေါ် လှဲချလိုက်သည်။ ဟာ . . . ဒါအိပ်ထမတင် လေ့ကျင့်ခန်းပဲဟု ခပ်တိုးတိုး ရေရွတ်လိုက်မိသည်။ ဒါ . . . ကောင်းခန်း . . . အဲလေ . . . မဟုတ်သေးပါဘူး။ ဒီလေ့ကျင့်ခန်းဆိုလျှင်တော့ ကောင်မလေး၏မျက်နှာကို မြင်ရပြီဟု တွေးရင်း အူမြူးသွားရ၏။

တွေးရင်းနှင့်ပင် . . .

"တစ် . . နှစ် . . သုံးလေး . . ငါးခြောက် . . ခွန် . . .





အမှတ်စဉ်ပင် မဆုံးလိုက်ချေ။ ထိုအချိန်မှာပဲ . . .

"ဒီမှာ ရှင် . . . ဘာလာချောင်းနေတာလဲ"

"အမလေး . . . မြွေပွေးကိုက်"

အာကာ လန့်ဖျန့်သွားရ၏။ အသံရှင်ကို ကြည့်လိုက်တော့ အသက်ရွယ်တူလောက်ရှိမည့် ဖက်တီးမတစ်ယောက်ကို တွေ့လိုက်ရသည်။ ဒင်းက သူ၏တုတ်ခိုင်ကြီးမားကျယ်ပြန့်သော ခါးပေါ်လက်ထောက်ရင်း သူခိုးဖမ်းသည့်အကြည့်နှင့် ကြည့်နေသေးသည်။

အာကာက . . .

"နေစမ်းပါဦး၊ ခင်ဗျားက ဘာကိစ္စနဲ့ လာအော်နေတာလဲ"

ဖက်တီးမက ခပ်တင်းတင်း ပြန်ကြည့်ကာ . . .

"အောင်မာ . . . ရှင်ကပဲ ပြောရတယ်ရှိသေး၊ ပြောစမ်းပါဦး . . . ရှင်ဘာခိုးမလို့ လာချောင်းနေတာလဲ"

အာကာ တင်းသွားသည်။ စူးစူးဝါးဝါး ပြန်ကြည့်လိုက်ပြီး-

"ဒီမှာ ကြည့်ဦး၊ ဒီရုပ်က သူခိုးရုပ်လားလို့"

ဖက်တီးမကလည်း စုန်ချည်ဆန်ချည် ပြန်ကြည့်ပါသည်။ ပြီး မျက်နှာကို မလှမပ ရှစ်ခေါက်ချိုးလိုက်ရင်း . . .

"ဩော် . . . သူခိုးကတော့ သူ့ကိုယ်သူ သူခိုးလို့ ဘယ်ပြောမလဲ၊ နေစမ်းပါဦး . . . ဒါဆို ရှင်က မိန်းကလေးတွေ လေ့ကျင့်ခန်းလုပ်တာကို လိုက်ချောင်းနေတာပေါ့၊ နှာဘူးလိုက်ထနေတာပေါ့၊ ဒီလိုလား"

ရှက်စိတ်က ငယ်ထိပ်ပေါ် ဖတ်ကနဲ တက်ကပ်လာသည်။ နိုးထလာသည့် မာနနှင့်အတူ မာန်တင်းလိုက်ပြီး . . .

"ခင်ဗျား . . . စကားပြောတာ ကြည့်ပြောပါ၊ ကျုပ်အမေ ဘာ ဒီအိမ်က အန်တီအေးကို ဒါပို့ခိုင်းလိုက်လို့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း စတီးချိုင့်ကိုပါ မြှောက်ပြလိုက်သည်။ ဖက်တီးမ တွေတွေကနဲ ဖြစ်သွား၏။

"အန်တီအေးကို . . . ဟုတ်လား"

"ဟုတ်တယ် . . ."

ထိုအချိန်မှာပဲ . . .

"ဟဲ့ . . . ချောချော ဘာတွေဖြစ်နေတာလဲ"

အသံနှင့်အတူ ခုနက လှေကျင့်ခန်းလုပ်နေသည့် ကောင်မလေးကို တွေ့လိုက်ရလေသည်။ အသံလေးက မာနေသလို မျက်နှာတော်လေးကလည်း မဆိုစလောက် တင်းနေ၏။

ချောချောဆိုသည့် ဖက်တီးမကပဲ . . .

"ဒီမှာလေ . . . ဒီကို ထမင်းချိုင့်ပို့ခိုင်းလို့တဲ့"

ကောင်မလေးက အာကာကို စူးစမ်းသလို ကြည့်ကာ . . .

"ရှင်က ဘယ်သူလဲ၊ ဘယ်သူက ပေးခိုင်းလိုက်တာလဲ၊ ဘယ်သူ့အတွက်လဲ"

ဆက်တိုက်ထွက်လာသော မေးခွန်းတွေကြောင့် အာကာ ကျွဲမြီးတိုသွားရသည်။ ချက်ချင်းပဲ ယောက်ျားတန်မဲ့ ကတ်ကတ်လန် ပြန်ပြောလိုက်၏။

"အေး . . . ငါ့နာမည်က အာကာ၊ စမ်းချောင်းမှာနေတယ်၊ ဒီချိုင့်က အန်တီအေးအတွက်ဆိုပြီး ငါ့အမေဒေါ်ခင်တုတ်က ပို့ခိုင်းလိုက်တာ"

"ဩော် . . . ဒီလိုလား"

ကောင်မလေးက ခပ်တိုးတိုးပြောရင်း ဖက်တီးမကို တစ်ချက်လှမ်းရှိုးလိုက်သည်။ ချောချောဟုအမည်တွင်သော ဖက်တီးမကပဲ . . .





"ဒေါ်လေးအေးအတွက် ဖြစ်မှာပေါ့ဟာ၊ ယူထားလိုက်လေ"

စကားအဆုံးမှာ ကောင်မလေးက မျက်ခုံးကို့အတွန့်ချိုးရင်း . . .

"နေစမ်းပါဦး၊ ရှင့်ကို ဒီကိုလာတာ မမြင်ဖူးပါဘူး"

"အေး . . . ငါကလည်း ခုမှရောက်ဖူးတာ"

"ဒါဆိုလည်း ထားခဲ့လေ"

"ထားခဲ့မှာပါ၊ မင်းတို့ကမှ တံခါးမှ မဖွင့်ပေးသေးတာ"

ထိုအခါမှ သတိရသလို ဖက်တီးမက တံခါးဖွင့်ပေးလာသည်။ ကောင်မလေးက ပေးလိုက်သောချိုင့်ကို ဆတ်ကနဲ ဆွဲယူရင်း . . .

"ရပြီ . . . အိမ်မှာလူကြီးတွေမရှိတော့ ရှင့်ကို ဧည့်မခံနိုင်တော့ဘူး၊ နောက်မှ ချိုင့်ပြန်ပို့ခိုင်းလိုက်မယ်"

"ရတယ်လေ . . ဒါဆိုလည်း ပြီးရော၊ ဒါနဲ့ အိမ်ပြန်ရောက်လို့မေးရင် ဒီချိုင့်ကို ဘယ်သူလက်ခံထားတယ်လို့ ပြန်ပြောရမှာလဲ"

မျက်စောင်းကို ဒိုင်းကနဲ လှမ်းထိုးရင်း ကောင်မလေးက-

"မိုးဆွေလို့ ပြောလိုက်"

ခပ်ပြတ်ပြတ်ပြောရင်း ကောင်မလေးလှည့်ထွက်သွားသည်။ နေနိုင်သော ပါးစပ်ကပဲ . . .

"ဟိတ် . . . ဟိတ် . . . ရွှတ် . . . ရွှတ်"

"ဘာလဲ . . . ဘာပြောဦးမလို့လဲ"

မိုးဆွေဆိုသော ဒင်းကလေးက ဆတ်ကနဲ လှည့်ကြည့်ရင်း မေးလာသည်။

အာကာက ပြောင်စပ်စပ်မျက်နှာပေးနှင့် . . .

"ဟိုလေ . . . မိုးဆွေဆိုတော့ မြွေဆိုးပေါ့နော် . . . ဟဲဟဲ"

မိုးဆွေကလည်း ရှုံ့ရှုံ့ရှားရှား ဖြစ်သွားဟန်ဖြင့် . . .



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ငါက မြွေဆိုးဆိုရင် နင်ကတော့ သေချင်းဆိုး ဖြစ်မှာပဲ"

"အင် . . ."

ဘာမှပြန်မပြောနိုင်ဘဲ အာကာနင်ပြီး ကျန်ရစ်ခဲ့ရ၏။ ထို အချိန်မှာပဲ မိုးဆွေက အနိုင်နှင့်ပိုင်းကာ ချိုင့်ကို ပိုင်ပိုင်နိုင်နိုင်ယူပြီး လှည့်ထွက်သွား၍ ဖြစ်လေသည်။

ထိုသို့ဖြင့် . . .။

* * * *



(၃)

အိမ်ပြန်ရောက်သည်အထိ အအေးခါတ်က ပါးပါးလေး လွှမ်းခြုံနေဆဲ။ ရောက်ရောက်ချင်း မေမေက ဆီးမေးလာသည်။

"သား . . . အဆင်ပြေရဲ့လား၊ အိမ်ကိုကော ရှာလို့တွေ့ရဲ့ လား"

အာကာက ရေတစ်ခွက်မော့သောက်လိုက်ပြီးမှ . . .

"ပြေပါတယ် မေမေရာ၊ အန်တီအေးကိုတော့ မတွေ့ခဲ့ဘူး၊ တွေ့တဲ့လူပဲ ပေးထားခဲ့တယ်"

"ဟင် . . . ဒါဆို ချိုင့်ကော . . ."

"ဒီအတိုင်းပဲ ပေးထားခဲ့တယ် မေမေရာ၊ ပြီးရင် အန်တီအေး ပြန်လာပို့မှာပေါ့"

မေမေက မျက်စောင်းထိုးရင်း . . .

"ပြီးရော . . . ပြီးရော . . . ဒါဆိုလည်း ကျောင်းသွားဖို့ ပြင်ဆင်တော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ."

အဝတ်အစားလဲပြီး ကျောင်းသို့ ထွက်လာခဲ့သည်။ ကျောင်းတိုတော့ ထုံးစံအတိုင်း ကျောင်းကားပဲ စီးရသည်ပေါ့။ အိမ်မှကားက ဖေဖေအလုပ်သွားလျှင် ယူသွားမည်လေ။ ကျောင်းရောက်တော့လည်း ထုံးစံအတိုင်း ကင်တင်းကို ဦးတိုက်ရပြန်သည်။ ကင်တင်းထဲမှာက သူငယ်ချင်းများဖြစ်သော သူရနှင့် နိုင်ဝင်းတို့က ရောက်နေကြပြီ။

အာကာဝင်ထိုင်လိုက်တော့ နိုင်ဝင်းက . . .

"ဟေ့ကောင် . . . မင်း ဟိုသတင်းကြားပြီးပြီလား"

နိုင်ဝင်းကို စွေကြည့်ရင်း အာကာက . . .

"ဘာလဲ . . . အင်ဒိုနီးရှားမှာ မီးတောင်ပေါက်တဲ့ သတင်းလား၊ ကြားပြီးပါပြီကွာ . . . ဒါများ"

နိုင်ဝင်း ညစ်သွားပုံရသည်။ အာကာက တမင်ရွဲ့ပြောလိုက်ခြင်းဖြစ်၏။ နိုင်ဝင်းသည် စလောင်းမှလွှင့်သော နိုင်ငံခြားသတင်းတွေကို အလွန်ကြည့်သူဖြစ်၍လည်း ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။

နိုင်ဝင်းက ခေါင်းကို တဗျင်းဗျင်းကုတ်ကာ . . .

"ဘာတွေပြောနေတာလဲကွာ၊ ငါပြောတာက ကျောင်းမှာ စစ်တုရင်ပြိုင်ပွဲလုပ်မယ့် သတင်းကိုပြောတာကွ"

"သြော် . . . ဒါလား၊ အဲဒါလည်း သိသားပဲ"

အာကာ့အပြောကြောင့် နိုင်ဝင်းငြိမ်ကျသွားသည်။ ထိုအခါမှ သူရက နာရီကိုကြည့်လိုက်ရင်း . . .

"မင်းက ဒီနေ့မှ ဘာဖြစ်လို့ နောက်ကျနေတာလဲ"

အာကာက စောစောစီးစီး လေပူကြီးကို မှုတ်ထုတ်လိုက်ကာ . . .





"ဟူး . . . မပြောချင်တော့ပါဘူးကွာ"

"ဒါဆိုလည်း မပြောနဲ့လေ"

နိုင်ဝင်းက 'ဘု' ဝင်ပြောသည်။ အာကာက ရှုတင်းတင်းကြည့်လိုက်ပြီး . . .

"ဟ . . . ပြောချင်လို့ စကားခံနေတာကွ၊ မနက်က ငါ့အမေနိုင်းလို့ အိမ်တစ်အိမ်ကို ရောက်သွားတာ၊ အဲဒီမှာ ကောင်မလေးတစ်ယောက်နဲ့ တွေ့လာခဲ့တယ် . . . ဟဲ ဟဲ"

"ဟာ . . . ဘာများလဲလို့၊ မင်းသတင်းကလည်း ရုရှားမှာ မီးလောင်တဲ့ သတင်းလောက်တောင် စိတ်ဝင်စားဖို့ မကောင်းဘူး"

နိုင်ဝင်းကတော့ လုပ်လာပြန်ပြီ။ ဒီတစ်ခါတော့ သူရကပဲ နိုင်ဝင်းကို လက်ကာပြရင်း . . .

"နေစမ်းပါဦး လဒရယ်၊ ဟေ့ကောင် . . . အာကာ ဆက်ပြော၊ ကောင်မလေးက လန်းလို့လား"

ကောင်မလေးဟု ဆိုလိုက်တာနှင့် သူရက မေးလာတော့၏။ ဒီကောင့်အကျင့်ကတော့ တစ်မျိုး။ အပြည်ပြည်ဆိုင်ရာမှ ငယ်ငယ်ချောချော ကောင်မလေးတိုင်းကို သူ့ရည်းစားလောင်းဟု ထင်နေသူဖြစ်သည်။ သို့သော်လည်း ယနေ့အထိ ရည်းစားတစ်ယောက်ကို ဖြစ်ဖြစ်မြောက်မြောက်ထားဖူးသူ မဟုတ်ချေ။ ထားတော့ . . .။ ဒါက ဒင်း၏နာဘူးကိစ္စဖြစ်သည်။

ခုတော့ အမေးရှိ၍ ဖြေရလေတော့၏။

"အင်း . . . ချောပါတယ်၊ ဒါပေမယ့် စွာတေးလန်လေးကွ၊ မနက်ပိုင်း သူ့ခြံထဲမှာ အားကစားလေ့ကျင့်ခန်းလုပ်နေတာကို တွေ့ခဲ့တာ"

"ဟေ . . . ရှာရာဗိုယာလို တင်းနစ်ရိုက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



စလောင်းနိုင်ဝင်း၏ မေးသံဖြစ်သည်။ အာကာက စိတ်မရှည်ဟန်ဖြင့် ရှုတင်းတင်းကြည့်လိုက်ကာ . . .

"ဘယ်ကလာ . . . သူ့ဟာသူ ရိုးရိုးကာယလေ့ကျင့်ခန်း လုပ်နေတာပါကွာ"

"ဒါဆို ခန္ဓာကိုယ်အချိုးအဆစ်ကတော့ မိုက်မှာပဲ၊ ဟုတ်တယ်မလား"

ဒါကတော့ နှာဘူးသူရ၏စကား ဖြစ်သည်။ အာကာက မဆိုးပါဘူးဟု မဖြေချင်၊ ဖြေချင် ပြန်ဖြေလိုက်၏။

ဒါသည်ကိုပင် သူရက အားတောမသတ်နိုင်သေးဘဲ . . .

"ဟေ့ကောင် . . . မင်းအမေနဲ့ အဲဒီအိမ်က ဘယ်လိုပတ်သက်နေတာလဲ"

အာကာက လေပူတစ်ချက်ကို မသိမသာ မှုတ်ထုတ်လိုက်ရင်း . . .

"ဟိုကွာ . . . ငါတို့မန္တလေးမှာနေတုန်းက မေမေတို့နဲ့ အန်တီအေးတို့လင်မယားက မိတ်ဆွေတွေလေ"

"ဒါဆို . . . အဲဒီကောင်မလေးက အန်တီအေးရဲ့သမီးပေါ့ . . . ဟုတ်လား"

သူရအမေးကို အာကာခေါင်းခါပြလျက် . . .

"မဖြစ်နိုင်ဘူးကွ၊ အန်တီအေးတို့မှာ သားသမီးရှိတယ်လို့ ငါတစ်ခါမှ ပြောသံမကြားဖူးဘူး"

"ဒါဆို တူမတွေ ဘာတွေဖြစ်နိုင်တာပေါ့"

"အင်း . . . ထင်တာပဲ"

ခေါင်းညိတ်ထောက်ခံလိုက်သည်။ ထိုအခါမှ နိုင်ဝင်းက-

"ဟေ့ကောင် . . . မင်းတော့ ပွပြီထင်တယ်"





"ဟင် . . . ဘာကိုပွရမှာလဲကွ"

"ဒီလိုကွာ၊ သူတို့တူမနဲ့ မင်းကို လူကြီးတွေက ကြိတ်ပြီး ရည်ရွယ်ထားလားမှ မသိတာ၊ ဒါကြောင့် မင်းတို့ချင်းသိအောင် သွားနိုင်းတာဖြစ်မှာပေါ့"

"တော်ပါကွာ၊ မင်းပြောပုံက ဗီဒီယိုဇာတ်လမ်းအတိုင်းပဲ၊ အဲဒီလိုကိစ္စမျိုး ငါ့အမေက တစ်ခါမှတောင် လေသံမဟဖူးဘူး"

မှုန်ကုတ်ကုတ်ဖြင့် ပြန်ပြောလိုက်သည်။ သူရက ပခုံးကို ဟန်ပါပါတွန့်လျက် . . .

"ငါတို့ကလည်း ဖြစ်နိုင်တာကို စဉ်းစားကြည့်တာပါ"

"အဲဒီအတွေးက တိမ်ပါတယ်ကွာ"

အာကာစကားကြောင့် နှစ်ကောင်စလုံး ကိန်ဟုပင် ဖော်လိုက်ရမလို ဖြစ်သွားရ၏။ သို့သော်လည်း လူစင်စစ်မို့ ထိုအသံထွက်လာခြင်းတော့ မရှိချေ။ နှစ်ကောင်စလုံးတော့ နင်သွားပုံရသည်။

နိုင်ဝင်းက မထီတရီကြည့်ကာ . . .

"ငါမေးပါဦးမယ်၊ အဲဒီကောင်မလေးက ချောတယ်ဆို မင်းစိတ်မဝင်စားဘူးလား"

ထိုအမေးကိုတော့ အာကာရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ။ လှပတင်းမာနေသော မျက်နှာလေးကိုတော့ ဖျတ်ကနဲ ပြန်မြင်ယောင်မိသည်။ ရည်းစားမထားဖူးသော သူ့အဖို့မှာတော့ ထိုမေးခွန်းသည် အဖြေမဲ့နေ၏။

ငြိမ်သွားသော အာကာပုံစံကိုကြည့်ကာ သူရက ခပ်ဟဟရယ်ပြီး . . .

"ဟင်း . . ဟင်း . . . အာကာ၊ မင်းတွေဝေသွားပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အာကာက လက်ကာပြတားရင်း . . .

"ခဏလေး . . . ခဏလေး၊ ငြိမ်သွားတာက တွေဝေသွားတာတော့ မဟုတ်ဘူး၊ အဲဒီကောင်မလေး လှတယ်ဆိုတာကို ငါမငြင်းလိုပါဘူး၊ ခက်တာက ငါလည်း ရည်းစားတစ်ခါမှ မထားဖူးဘူးလေ၊ ခု မင်းတို့က ရုတ်တရက်ကြီး မေးလိုက်တော့ ငါ့မှာ ရည်စားထားဖို့ လိုနေသေးပါလားဆိုပြီး စဉ်းစားမိသွားတာ"

သူရက ရှုံ့မဲ့မဲ့နှင့် ကြည့်သည်။

"ဒါဆို မင်း အဲဒီကောင်မလေးကို လုံးဝစိတ်မဝင်စားဘူးပေါ့"

"ဟဲ ဟဲ . . . အဲဒီလိုကြီးတော့ ပြတ်ပြတ်သားသား မပြောလိုပါဘူးကွာ၊ ငါ ရည်းစားထားဖို့ လူရွေးရင် ဒင်းကလေးက ပမာဏစာရင်းထဲမှာတော့ ပါမှာပါ"

"ခွေးကောင် . . ."

"ငပေါ . . ."

နှစ်ကောင်သား မေတ္တာပို့ကြတော့သည်။ အာကာကတော့ ဆရာကြီးဟန်အပြည့်ဖြင့် . . .

"ငါ ခုလိုပြောရတာ အကြောင်းရှိတယ်ကွ"

"အောင်မာ . . . ဘာအကြောင်းလဲ"

"ပြင်သစ်စကားပုံအရဆိုရင် သူတို့ရွေးချယ်တဲ့ကောင်မလေးမှာ မျက်ခုံးနက်နက်၊ မျက်ဝန်းနက်နက်၊ မျက်တောင်နက်နက်တွေ ရှိရမယ်လို့ စံထား,ထားတာကွ"

"အေး . . . အဲလိုဆိုတော့ . . ."

"ငါနဲ့တွေ့ခဲ့တဲ့ မိုးဆွေဆိုတဲ့ ကောင်မလေးမှာ အဲဒါတွေနဲ့ ပြည့်စုံတယ်လေ"





"သြော် . . . သြော် . . ."

သူရက ရွှဲ့သလိုပင် ရေရွတ်လာသေးသည်။

အာကာက . . .

"ခဏလေး . . . မပြီးသေးဘူး၊ နောက်ပြီး နူးညံ့ခြင်းသုံးမျိုးနဲ့လည်း စံထားရွေးချယ်သေးတယ်ကွ၊ အဲဒါတွေကတော့ လက်ကလေးတွေရဲ့ နူးညံ့ခြင်း၊ ဆံပင်ရဲ့နူးညံ့ခြင်းနဲ့ နှုတ်ခမ်းလေးရဲ့နူးညံ့ခြင်းတဲ့"

"ဟေ့ကောင် . . . ဟေ့ကောင် . . . အဲဒါတွေက ချစ်သူရည်းစားဖြစ်ပြီးမှ သိရမှာလေ"

စူပွပွနှင့် နိုင်ဝင်းက ဝင်ပြောလာသည်။ အာကာက ပခုံးတွန့်ပြလိုက်ကာ . . .

"သိသားပဲ၊ မင်းတို့စောင့်ကြည့်လိုက်ပေါ့ကွာ၊ ဘာတွေဘယ်လို ဖြစ်လာမလဲဆိုတာ"

ပြောရင်း ထရပ်လိုက်သဖြင့် သူရက . . .

"ဟင် . . . ဒါက ဘယ်ကိုလဲ"

"ဘုရင်မကြီး သွားစားမလို့ကွ"

"ဟေ . . . ဟေ . . . ဘယ်လို . . . ဘယ်လို"

"သြော် . . . ဝေးလိုက်တာကွာ၊ စစ်တုရင် သွားကစားမလို့ . . . လို့ ပြောတာကွ၊ သွားပြီ . . . သွားပြီ"

နှစ်ကောင်သား ပါးစပ်အဟောင်းသားလေးတွေနှင့် ကျန်ရစ်ခဲ့ရသည်။ အာကာဆိုသည့် ငနဲက အကြောကြီးပြောသွားသလို ဒင်းမှာယူသောက်သုံးမျိုးဆို့သွားသည့် ကော်ဖီမစ်နှင့် မုန့်ဖိုးလည်း ရှင်းမသွားပါချေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၄)

"ဟဲ့ . . . မိုးဆွေ၊ ဒီမှာလာကြည့်ဦး၊ တကယ့် ပုဇွန်ထုပ်ကြီးတွေဟ"

ရေချိုးပြီး ထွက်လာသော မိုးဆွေကို ချောချောဝမ်းသာအားရလှမ်းပြောလိုက်ခြင်း ဖြစ်သည်။ မိုးဆွေက ခေါင်းလျှော်ပြီးစ ဆံနွယ်များကို တံဘက်ပွပွနှင့် သုတ်နေရင်းက . . .

"နင်ကလည်း ပုဇွန်ထုပ်ဆိုမှတော့ အတုရှိမလားဟဲ့၊ အစားအသောက်ဆိုရင် မျက်လုံးက ဝင်းဝင်းတောက်နေတာပဲ"

ချောချောမှာ မစားခင်ကပဲ နင်သွားရသည်။ ကိုယ်ကလည်း ဟုတ်နေသည်မို့ ထိုစကားကို မချေပတော့ဘဲ . . .

"မိုးဆွေ . . . ဒါတွေကို ဘယ်လိုလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ၊ ပန်းကန်ထဲကို အရင်ပြောင်းထည့်လိုက်ပေါ့၊ ပြီးရင် ဘုရားဆွမ်းတော်တင်၊ ဖေဖေနဲ့ မေမေတို့အတွက် ဦးချဖယ်ထား၊ ကျန်တာ ငါတို့စားမှာပေါ့"





"ဟီး . . . ပွတာပဲ၊ ဒါနဲ့ နင် အဲဒီအာကာဆိုတာကို တကယ်မသိတာလား"

မိုးဆွေက မျက်စောင်းထိုးရင်း . . .

"မသိဘူးလေ၊ သူပြောသွားတာကို နင်မကြားဘူးလား၊ သူလည်း ဒီကို ခုမှရောက်ဖူးတယ် ဆိုတာကို"

"အေး . . . ဟုတ်မယ် . . . ဟုတ်မယ် . . . မိုးဆွေ၊ ရုပ်ကတော့ ခပ်သန့်သန့်ပဲနော် . . . အဟင်း"

အရေးထဲ ချီးမွမ်းခန်းက ဖွင့်နေသေးသည်။ ကိုယ့်မှာတော့ မွေ့ဆိုးဟု ရွတ်နောက်နောက်ပြောသွားသည့် ဒင်းကို မနက်စောစော စိတ်တိုလိုက်ရသေး၏။

ချောချောက . . .

"သိလား . . . အဲဒီအာကာဆိုတဲ့ လူလေ၊ နင်ကစားတာကို ကြည့်နေလိုက်တာ ငုတ်တုတ်ကြီးကိုမေ့လို့"

"အဲဒါတော့ မသိဘူး၊ သူနောက်တစ်ခေါက် ပြန်ရောက်လာမှာတော့ သေချာတယ်"

ချောချောက မျက်ခုံးလေးပင့်လိုက်ကာ . . .

"ဘာလဲ . . . နင့်ကို စိတ်ဝင်စားလို့ ပြန်လာမယ်ဆိုတဲ့သဘောလား"

ရုတ်တရက် မိုးဆွေရှက်အမ်းသွားပြီးမှ . . .

"နင်ဟာလေ စကားပြောတာကိုက၊ ပြန်လာမှာ သေချာတယ်ဆိုတာ သူ့ချိုင့်သူ ပြန်လာယူမှာလို့ ဆိုလိုတာဟေ့၊ ကဲ . . . ကဲ . . . ခဏနေ စားရအောင်၊ ပြီးရင် ကျောင်းသွားရဦးမယ်"

"အေးပါဟဲ့ . . ."

နှစ်ယောက်သား အာကာပွိုလာသော အုန်းထမင်းနှင့် ပုဇွန်



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ဟင်းတို့ကို တွဲစပ်ကာ မြိန်ရည်ယှက်ရည် သုံးဆောင်လိုက်ကြသည်။

ပြီးမှ ကျောင်းသွားရန် ပြင်ဆင်လိုက်ကြ၏။ အားလုံးပြင်ဆင်ပြီး၍ ကျောင်းသွားဖို့ အဆင်သင့်ဖြစ်နေချိန်မှာတော့ . . .

"ဩော် . . သမီးတို့ ကျောင်းသွားကြတော့မလို့လား"

မေမေဈေးက ပြန်လာခြင်း ဖြစ်သည်။ မိုးဆွေက စားပွဲပေါ်မှ ကားသော့ကိုယူရင်း . . .

"ဟုတ်ကဲ့ မေမေ၊ ဩော် . . . ဒါနဲ့၊ မနက်ဖြန်ကျောင်းပိတ်ရက်ဆိုတော့ ဒီည ချောချောတို့အိမ်မှာပဲ အိပ်မှာနော်"

"အေး . . . အေး . . ."

ချောချောက မိုးဆွေနှင့် ညီအစ်မနှစ်ဝမ်းကွဲလောက် စပ်လျှင်တော်သည်။ ကျောင်းဖွင့်ရက်တွေဆိုလျှင် ချောချောက မိုးဆွေ၏အိမ်ကနေ ကျောင်းအတူတက်လေ့ရှိပြီး ကျောင်းပိတ်ရက်မှာတော့ မိုးဆွေက ချောချောတို့အိမ်သို့ ညအိပ်လိုက်လည်သည်။

နှစ်ယောက်သား ထွက်လာခါနီးမှ မိုးဆွေက မေမေ့ဈေးဆွဲခြင်းကိုကြည့်ကာ သတိရဟန်ဖြင့် . . .

"ဩော် . . . မေမေ၊ ဟင်းကို လျှော့ချက်လိုက်ဦး . . . သိလား"

"ဟင် . . . ဘာဖြစ်လို့လဲ"

မေမေ၏အံ့ဩသလို အမေးကို မိုးဆွေက . . .

"ဒီမနက်က မေမေ့မိတ်ဆွေဆိုတဲ့တစ်ယောက်က အုန်းထမင်းနဲ့ ပုဇွန်ထုပ်ဟင်းလာပို့သွားတယ်၊ ဘုရားဆွမ်းတော်တင်၊ မေမေတို့ကို ဦးချဖယ်ပြီးလို့ သမီးတို့တောင် စားပြီးသွားပြီ"

"ငါ့မိတ်ဆွေ ဟုတ်လား၊ ဘယ်သူတဲ့လဲ"





ချောချောက ဝင်ပြီး . . .

"စမ်းချောင်းက ဒေါ်ခင်တုတ်တဲ့၊ လာပို့တာက သူ့သားအာကာဆိုတဲ့သူပဲ၊ ချိုင့်တောင် ပြန်မပေးလိုက်မိဘူး"

"ဟော . . ."

"ကဲ . . . သွားပြီ မေမေရာ၊ သမီးတို့ နောက်ကျနေပြီ"

သမီးနှင့်တူမတို့၏ ကျောပြင်ကိုကြည့်ကာ ဒေါ်မိုးမိုးအေး နဝေတိမ်တောင် ကျန်ရစ်ခဲ့သည်။ စမ်းချောင်းက ဒေါ်ခင်တုတ်ဟူ၍လည်း ခပ်တိုးတိုး ရေရွတ်ရင်း စဉ်းစားလိုက်၏။ သေချာသည်ကတော့ စမ်းချောင်းမှာ သူ့အသိဒေါ်ခင်တုတ်ဆိုတာ မရှိချေ။ လုံးဝသေချာသည်။

ထို့ကြောင့် တစ်ခုခုတော့ မှားနေပြီဟူသော အတွေးဖြင့် သမီးနောက်လိုက်မေးရန် အိမ်ထဲမှ အပြေးလေးထွက်လာခဲ့၏။ လှမ်းခေါ်ချိန်ပင် မရလိုက်ချေ။ အိမ်အဝရောက်စဉ်မှာပဲ မိုးဆွေတို့၏ကားက ခြံထဲမှ မောင်းထွက်သွားလေပြီ။

အိမ်ထဲပြန်ဝင်ပြီး ပေးပို့လာသော ပုဇွန်ထုပ်ဟင်းကို သွားကြည့်မိသေး၏။ မှားပို့လာလျှင်တောင် ပုဇွန်ထုပ်ကြီးတွေက သွားရည်ယိုစရာအတိ ဖြစ်နေသည်။ လှိုက်ကနဲ သင်းပျံ့တက်လာသော ဟင်းရနံ့ကြောင့် ဒေါ်မိုးမိုးအေးတစ်ယောက် တံတွေးပင် ဂလုဟု မျိုချလိုက်မိသေး၏။ မနေနိုင်တော့ဘဲ ဇွန်းကလေးနှင့် တစ်ဖွဲ့ဖွဲ့စားမိသည်။ အရသာကလည်း ကောင်းမှကောင်း။

သို့သော်လည်း ထိုအရသာကို ငြိမ်ဆွဲခံနေ၍ မဖြစ်သေးချေ။ ဘယ်လိုမှားပို့လာသည်ကိုလည်း စဉ်းစားရသေးသည်။ ကိုယ့်အိမ်သားတွေက စားမိပြီဖြစ်သော်လည်း မှားပို့သည့်အကြောင်းအရင်းကို သိမှဖြစ်မည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ငေးစားရင်း ဒေါ်မိုးမိုးအေးစိတ်ထဲ ဖျတ်ကနဲ တစ်စုံတစ်ခုကို သတိရသွားမိ၏။ တစ်ခါတုန်းက စာပို့သမားတစ်ယောက်လိုများလား?၊ ဟုတ်ပြီ။ ထိုအတွေးနှင့် ခြံဝသို့ အပြေးလေးထွက်ခဲ့လိုက်၏။

ခြံဝရောက်တော့ အုတ်တိုင်မှာ သံနှင့်ရိုက်ထားသော ခြံနံပါတ်ပြားကို အမောတကော ကြည့်လိုက်မိ၏။

(89) ဟု ညွှန်ပြနေလေသည်။ ခုမှ ဘယ်လိုများသည်ကို အတိအကျ သိလိုက်ရလေပြီ။ တကယ်ဆို သူတို့အိမ်နံပါတ်ပြားက (68) ဖြစ်သည်။ အပေါ်အောက် သံတစ်ချောင်းစီရိုက်ထားရာမှ အပေါ် သံကျွတ်ပြီး လည်ထွက်ကာ (89) ဖြစ်နေခြင်း ဖြစ်သည်။

ခေတ္တမျှငိုင်တွေကာ နံပါတ်ပြားကို မမြင်ဖူးသလို ကြည့်နေမိပြီးမှ သတိဝင်လာကာ တူနှင့်သံယူရန် အိမ်ထဲသို့ ပြန်ဝင်လာခဲ့လိုက်ပါ၏။

ထို့နောက်မှာတော့ . . . ။

* * * *



(၅)

ပြဿနာသည် အိမ်ပြန်ရောက်ရောက်ချင်း ကိုယ့်ကိုဆီးကြိုနှုတ်ဆက်တော့မည်မှန်း အာကာယောင်လို့ပင် မစဉ်းစားမိခဲ့ပါချေ။ ဒီနေ့ ဖလော်မှ သော်ဦးနှင့် သူစစ်တုရင်သုံးပွဲတိတိ ထိုးဖြစ်သည်။ သုံးပွဲစလုံးလည်း အနိုင်ရခဲ့၏။ ထိုအနိုင်၏ရလာဒ်ဖြစ်သော သော်ဦးဆီမှ မသထာရေစာ ကော်ဖီမစ်နှစ်ခွက်နှင့် အအေးတစ်လုံးတို့ကို ဆောင့်ကြွားကြွား သောက်ပြခဲ့သည်။

ထိုသို့သော ပီတိလေးနှင့် လေလေးချွန်ကာ အိမ်ထဲသို့ လှမ်းဝင်ဝင်ချင်း . . .

"အာကာ . . . ဒီကိုလာပါဦး"

မေမေ့အသံ ဖြစ်သည်။ အသံက မဆိုစလောက် မာနေသည်ကိုလည်း သတိထားမိလိုက်သည်၊ ဘာဖြစ်ပြန်ပြီ မသိချေ။

ကျောပိုးအိတ်ပင် ပခုံးမှမချသေးဘဲ မေမေ့အနားသို့ သွားလိုက်သည်။

ကြယ်ပွင့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေမေက . . .

"အာကာ . . . မင်းအန်တီအေး အိမ်ကိုလာသွားတယ်၊ ခုန ကမှ ပြန်သွားတာ"

စကားအဆုံးမှာ အာကာက ဟက်ကနဲ ရယ်လိုက်ပြီး . . .

"ဘာများလဲလို့ မေမေရာ၊ ချိုင့်ပြန်လာပို့တာ မဟုတ်လား၊ ဘယ်လိုလဲ စားကောင်းတယ်တဲ့လား"

"ဘာပြောတယ်၊ မင်းအန်တီအေးက တစ်မနက်လုံး အိမ်မှာရှိတာတဲ့၊ မင်းဘာမှ လာမပို့ဘူးလို့ ပြောတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ"

အာကာ အူတီးအူကြောင် ဖြစ်သွားရသည်။ မနက်ကပဲ အန်တီအေးအိမ်ဟုဆိုသဖြင့် သူသေသေချာချာ ပေးခဲ့သည်။ အိမ်နံပါတ်ကလည်း မှားစရာမရှိချေ။

ထို့ကြောင့် . . .

"ဟာဗျာ . . သား အသေအချာ ပေးခဲ့ပါတယ်၊ အိမ်နံပါတ် (89) လေ၊ အိမ်ထဲမှာ သူ့တူမလားမသိဘူး၊ နာမည်က မိုးဆွေတဲ့၊ သူ့လက်ထဲကို အသေအချာ ထည့်ခဲ့တာ"

ဒီတစ်ခါ ကြောင်တောင်တောင် ပြန်ဖြစ်သွားသူက မေမေဖြစ်သည်။ အာကာကိုလည်း စူးစမ်းသလို ပြန်ကြည့်လာပြီး . . .

"မဟုတ်သေးဘူး ထင်တယ်နော်၊ မအေးတို့က လင်မယားနှစ်ယောက်တည်းနေတာ၊ ဘယ်က တူမမှမရှိဘူး"

"အခုမှ လာနေတာ ဆိုရင်ကော"

စာဒက တက်လိုက်မိသည်။ ထိုအခါမှ မေမေက . . .

"ဩော် . . . မအေးကိုယ်တိုင် အိမ်ကိုလာသွားပါတယ်ဆို ဘာမှလာမပို့ဘူးတဲ့၊ မှားရင် မင်းပဲ မှားမှာ"





ထိုသို့ပင် သားအမိနှစ်ယောက် တိုင်ပတ်နေကြတော့သည်။ အာကာလည်း အူတူတူ စဉ်းစားမိ၏။ မနက်က သူပဲ အိမ်နံပါတ်မှားတာလား။ ဒါမှမဟုတ် ဟိုကောင်မလေးကပဲ ဥစ္စာစောင့်မလေးလား။ ဒင်းကလေးက ဥစ္စာစောင့်ဖြစ်နိုင်ချေ ရှိသော်လည်း ဟိုဖက်တီးမမျိုးတော့ ဥစ္စာစောင့်မဖြစ်နိုင်ချေ။ ရာဇဝင်ထဲမှာပင် ဒီလောက်ဝသည့် ဥစ္စာစောင့်မျိုးကို တစ်ခါမှ မမြင်စဖူး။

တောင်တော်အီအီတွေ တွေးနေမိပြန်၏။ ထိုအချိန်မှာပဲ အိမ်ရှေ့ဆီမှ ဖေဖေ့ကားသံကြားလိုက်ရသဖြင့် စဉ်းစားခြင်းအမှုကို ရပ်ကာ လက်တွေ့သွားကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

မေမေ့ကိုကြည့်ပြီး . . .

"ခဏလေး မေမေ၊ သားမညာဘူးဆိုတာ သက်သေပြမယ်"

ဖေဖေ့ဆီမှကားယူပြီး အာကာချက်ချင်းထွက်လာခဲ့၏။ ညနေခင်း၏ အလင်းဖန့်ဖန့်က ကမ္ဘာမြေပေါ်မှ တဖြည်းဖြည်း ရုပ်သိမ်းနေလေပြီ။ ညနေအစစ်ကို ပုံဖော်ရန် လေညှင်းလေးများပင် သဲ့သဲ့တိုက်ခတ်လာပြီ ဖြစ်၏။

ကားလမ်းမကြီးထက်မှ မနက်ကလာခဲ့သော လမ်းသွယ်လေးထဲသို့ ချိုးဝင်လိုက်သည်။ ဘာမှမှားစရာမရှိ၊ ထပ်ကာ မနက်က သူပို့ခဲ့သော အိမ်ရှေ့ဆီသို့ မောင်းသွားလိုက်၏။ အိမ်ရှေ့ရောက်တော့လည်း ခြံတံခါးက ဖွင့်ထားသည်မို့ ခြံထဲတန်းမောင်းဝင်သွားလိုက်သည်။

ထိုစဉ် . . .

"ဟော့ . . . ဟော့ . . . ကားရပ်စမ်း၊ မင်းဘယ်သူလဲ"

အော်ပြောလိုက်သံကြောင့် ကားရပ်ကာ ကားပေါ်က မဆင်းသေးဘဲ အာကာငဲ့ကြည့်လိုက်သည်။ မျက်လုံးပြူးသွားရ၏။ ခေါ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သူက တစ်ခြားသူမဟုတ်။ လမ်းလူကြီးဦးမင်းမောင် ဖြစ်လေသည်။ ပြဿနာက တစ်ပူပေါ် တစ်ပူဆင့်လေပြီလား မသိချေ။

ကားပေါ်မှဆင်းလိုက်ကာ အာကာက . . .

"ကျွန်တော်ပါ ဦးလေး၊ ဦးလေးက ဒီအိမ်ကလား"

"ဟင် . . . မင်း . . . မင်း . . . အေး . . . ဒါငါ့အိမ်ပဲ၊ မင်းဘာပြဿနာရှာဦးမလို့လဲ"

မျက်လုံးနှစ်လုံးစလုံး ဝင်းဝင်းတောက်ကာ ဦးမင်းမောင် စူးစူးဝါးဝါး ပြောလာသည်။

အာကာက ရုပ်တည်ဖြင့် . . .

"ကျွန်တော်က ဒီမှာ ရှင်းစရာရှိလို့ လာတာဗျ"

"အေး . . . ရှင်းချင်ရင် တစ်ခါတည်း ရှင်းသွား၊ ငါ့ရေဒီယို က တစ်သောင်းနီးပါးတန်တယ်၊ ဟင်း . . . ဟင်း . . . မင်းငါ့ကို ကျွတ်ကျဲပြီး လာလျော်ပေးမယ်လို့တော့ ထင်သားပဲ"

နားလည်မှုကတော့ လွဲလေပြီ။ လေပူကြီးကို စိတ်ပါလက်ပါ မှုတ်ထုတ်လိုက်ပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်မိ၏။

ခပ်လှမ်းလှမ်းမြက်ခင်းပေါ်မှာတော့ ဒရင်းဘတ်တစ်ခုကို တွေ့လိုက်ရသည်၊ ဒရင်းဘက်ဘေး စားပွဲပုလေးပေါ်မှာလည်း နိုင်ငံခြားဖြစ် ဂျော်နီလမ်းလျှောက်တံဆိပ် အစိမ်းရောင်ပုလင်းကြီးကို တွေ့လိုက်ရ၏။ ကြည့်ရတာ ဦးမင်းမောင်ဆော်နေပြီ ထင်သည်။

တကယ်လည်း ညနေပိုင်း မိန်းမအပြင်သွားနေ၍ ဦးမင်းမောင် စိတ်လွတ်ကိုယ်လွတ် အနားယူနေခြင်းဖြစ်၏။ ခုမှသတိရလာပြန်သဖြင့် အာကာကို ဆတ်ကနဲ ခပ်တင်းတင်း ကြည့်လိုက်ပြီး တစ်ခွက်ဆော်ရန် လျှောက်သွားလိုက်သည်။

အာကာလည်း ယောင်ပြီး နောက်ကလိုက်သွားမိ၏။ ဦးမင်းမောင်တစ်ခွက်မော့အပြီး မြည်းရန်နှိုက်ယူလိုက်သော အမြည်းကို ကြည့်ကာ စိတ်ထဲမှာ ဟာကနဲ၊ ဟင်ကနဲပင် ဖြစ်သွားရသည်။





သွားပါပြီ။ ကုန်ပါပြီ၊ လမ်းလူကြီးဦးမင်းမောင် ဝိစကီနှင့် မြည်းနေသည်က မနက်က သူပို့ခဲ့သော ပုဇွန်ထုပ်ဟင်း ဖြစ်လေသည်။

အာကာပုဇွန်ထုပ်ပန်းကန်သို့ လက်ညှိုးငေါက်ငေါက်ထိုးရင်း . . .

"ဟာ . . . ဟာ . . . ဟာ . . . ပုဇွန်ထုပ် . . . ပုဇွန်ထုပ်"

အော်သံကြောင့် ဦးမင်းမောင်လန့်ကာ နောက်တစ်လှမ်းဆုတ်လိုက်ပြီး . . .

"ဟေ့ကောင် . . . ပုဇွန်ထုပ်က ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ အဲဒီပုဇွန်ထုပ်က ကျွန်တော့်ဟာဗျ၊ ခုသည်း အဲဒီကိစ္စကို ရှင်းဖို့လာတာ"

"ဘာကွ . . ."

"ဟုတ်တယ် ဦးလေး၊ အဲဒီပုဇွန်ထုပ်က ကျွန်တော်မနက်က အန်တီအေးအတွက် လာပို့တာ"

"ဟာ . . . မင်းကလည်း မအေးဆိုတာ ငါ့မိန်းမလေကွာ"

အာကာက မျက်မှောင်ကြုတ်ကာ ခေါင်းခါလိုက်ရင်း . . .

"ဘယ်ကလာ၊ အန်တီအေးယောကျ်ားကို ကျွန်တော်မြင်ဖူးပါတယ်၊ ဦးလေး မဟုတ်ပါဘူး"

"ဘာ . . ."

အကျယ်ကြီး အော်လိုက်သဖြင့် အာကာပင် လန့်သွားရသည်။ အာကာက မျက်လုံးလေး ပြာလတွတ်၊ ပြာလတွတ်လုပ်လျက်-

"ဟုတ်ပါတယ်ဗျာ၊ အန်တီအေးယောကျ်ားနာမည်က ဦးရဲ



www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်ပါ"

"တော်ကွာ၊ မင်းစကားရပ်တော့ . . ."

ဘယ်လိုစကားဆက်ရမှန်းပင် မသိအောင် ဖြစ်သွားရသည်။ မအေးမှာ နောက်တစ်ယောက်များ . . . အို . . . ဖြစ်နိုင်ပါဘူးလေ ဟု အူတူတူ စဉ်းစားမိပြီးမှ . . .

"ဟော့ . . . ဟော့ကောင် . . . မင်းအန်တီအေးရဲ့နာမည်က ဘာလဲ"

"ဒေါ်အေးသီတာ . . ."

"ဟူး . . ."

ခုမှပဲ ဦးမင်းမောင်သက်ပြင်းကျရတော့သည်။ ပြီးမှ ပုဆွန်ထုပ်ကိစ္စကို စဉ်းစားမိပြီး . . .

"ဒါ . . . ဒါဆို ဒီပုဆွန်ထုပ်က . . ."

"ဟုတ်တယ် . . . အဲဒီ အန်တီအေးအတွက် လာပို့တာ၊ ဒီအိမ်နံပါတ်ပဲ၊ ဒီအိမ်က မိုးဆွေဆိုတဲ့ ကောင်မလေးက လက်ခံယူထားလိုက်တာဗျ"

"ဟင် . . . မိုးဆွေဆိုတာ ငါ့သမီးပဲ"

ခုမှ အာကာက မျက်နှာထားတင်းတင်းနှင့် . . .

"ဩော် . . . မနက်က သမီးက လိမ်ယူထားတယ်၊ ညနေကျတော့ အဖေက အရက်နဲ့မြည်းတယ်၊ ဦးလေးတို့က ဘာတွေလဲဗျာ"

"မ . . . မဟုတ်သေးဘူးလေ"

"ဘာမဟုတ်တာလဲဗျ၊ ဦးလေးမယုံရင် ဦးလေးသမီးကို ခေါ်ပေး၊ ကျွန်တော်ရှင်းမယ်"

"ငါ့ သမီးက အိမ်မှာမှမရှိဘဲ"





အာကာ တစ်ချက်စဉ်းစားလိုက်သည်။ ဒီလူကြီး သူ့ကို ပြောင်လိမ်နေပြီလား မသိချေ။

ထို့ကြောင့် . . .

"ဒါဆိုလည်း ဦးလေးနဲ့ ရှင်းမယ်ဗျာ၊ ဦးလေးအိမ်ထဲဝင်ကြည့်လိုက်၊ စတီးလေးဆင့်ချိုင့် စတေကာလေးတွေ ကပ်ထားတယ်၊ အဲဒါကိုတွေ့ရင် ရှင်းပြီလေ"

အာကာကိုကြည့်ရင်း ဦးမင်းမောင်ရုပ်က တည်သွားသည်။ ပြီး မျက်မှောင်ကြုတ်လိုက်ကာ . . .

"အေး . . . မင်းခဏစောင့်၊ ငါ သွားကြည့်ပေးမယ်"

ပြောရင်း ဆတ်ကနဲ အိမ်ဘက်လှည့်ထွက်သွားလေသည်။ အာကာမှာပဲ ပုဆွန်ထုပ်ဟင်းပန်ကန်အား နှမြောတသစွာကြည့်ရင်း ကျန်ခဲ့ရ၏။

ထမင်းစားခန်းထဲဝင်သွားပြီးမှ မျက်စိကို ဝေ့ကြည့်လိုက်ရင်း ဦးမင်းမောင်မျက်လုံးက တစ်နေရာအရောက်မှာ ပြူးကျယ်သွားရ၏။ ဟိုကောင်ပြောသည့် စတေကာကပ်ထားသော စတီးလေးဆင့်ချိုင့်ကြီးသည် စားပွဲထက်တစ်နေရာမှာ မားမတ်စွာ ပိုင်ရှင်ကို စောင့်မျှော်နေလေသည်။

ရုတ်တရက် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကာ ဘာလုပ်ရမည်မှန်းပင် မသိတော့။ ယူသွားကာ ဟိုကောင့်ကို ပြန်ပေးလိုက်ရအောင်တော့ အရှက်တော် ပြန်းပြန်းကွဲလေပြီ။

ထို့ကြောင့် ညဏ်နီညဏ်နက်ကလေး ထုတ်ရတော့၏။ မတွေ့ဘူးဆိုလျှင် ဟိုကောင်ဘာတတ်နိုင်မည်နည်း။ အိမ်ထဲထိတော့ ဝင်းဝင်ရှာရဲမည်မဟုတ်။ ရှာဖွေပုံစံဝရမ်းလည်း ပါလာပုံမပေါ်ချေ။

ခပ်တည်တည်ပဲ ခြံထဲသို့ ပြန်ဆင်းလာခဲ့ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



“ဟော့ကောင် . . . ဘာချိုင့်မှ မတွေ့ဘူးကွ၊ မင်းအိမ်မှားတာပဲ ဖြစ်မှာပါ”

စိတ်ထဲ ထောင်းကနဲ ဖြစ်သွားရသည်။ ဟိုဘက်က လူကြီးဖြစ်နေသည်မို့ ဆက်မငြင်းချင်တော့။ ညာနိုင်တုန်းတော့ ညထားဦးပေါ့ဗျာဟု မခံချိမခံသာ တွေးလိုက်ရင်း . . .

“ဒါဆိုလည်း ရတယ်လေ၊ ချိုင့်တစ်လုံးက တန်ဖိုးဘယ်လောက်မှ မရှိပါဘူး၊ ဒါပေမယ့် ကျွန်တော်အိမ်မမှားတာ သေချာတယ်၊ ဦးလေးတို့ အိမ်နံပါတ်က (89) ဟုတ်တယ်မလား၊ ကဲ . . . သွားပြီဗျာ”

ပြောရင်း ကားပေါ်တက်ကာ ပြန်မောင်းထွက်လာခဲ့သည်။ အာကာကားထွက်သွားတော့မှ ဦးမင်းမောင်စိတ်ထဲ ထင့်ကနဲ ဖြစ်သွားရ၏။ ဟင် . . . ငါ့အိမ်နံပါတ်က (89) မှမဟုတ်တာ (68) ပဲဟု စဉ်းစားမိပြီး ခြံရှေ့သို့ အပြေးလေးထွက်ကြည့်မိသည်။

ခြံရှေ့မှာတော့ မနက်က ဒေါ်မိုးမိုးအေး သံနှင့်တူရှာမရ၍ ပြန်မရိုက်ဖြစ်သော နံပါတ်ပြားကလေးက (89) ဟုပဲ အတိအကျ ဖော်ပြနေလေသည်။

စိတ်အိုက်စွာဖြင့် နဖူးမှ ချွေးသီးများကို သပ်ချလိုက်ရင်း-

“တောက်! ဒီကိစ္စဟာ မိမိုးဆွေ နမော်နမဲ့နိုင်လို့ ဖြစ်ရတာ၊ ပြန်လာရင်တော့ ဒင်းမလွယ်ဘူး”

ထိုသို့ ခပ်တင်းတင်းပြောကာ ခွက်ထဲမှ လက်ကျန်ဝီစကီကို မော့ချလိုက်ရင်း ပုဇွန်ထုပ်တစ်ဖတ်ကိုလည်း ပါးစပ်ထဲပစ်သွင်းလိုက်လေသည်။

“အား . . . အရသာရှိလိုက်တာ”

* * * *



(၆)

“ဟား . . . ဟား . . . ဟား . . . ဖြစ်မှဖြစ်ရလေ အာကာရယ်၊ အဖေနဲ့ သမီးကို တစ်ရက်တည်းတွေ့ပြီး ပြဿနာတက်ရတယ်လို့”

အာကာစကားအဆုံးမှာ နိုင်ဝင်းက တဟားဟားရယ်ပြီး ပြန်ပြောလာသည်။ လိုက်မရယ်နိုင်သော အာကာမှာပဲ မှုန်ကုပ်နေမိသည်။

“စိတ်ထဲမှာ တော်တော်ခံပြင်းတယ်ကွာ၊ ငါ့ဘက်က လုံးဝမှားတာမဟုတ်ဘူး၊ အဘိုးကြီးက ပြောင်ညာတာ၊ မနက်က သူ့သမီးကလည်း မသိသလိုလိုနဲ့ ယူထားလိုက်တာ”

“ဒါဆို မင်းချိုင့်တစ်လုံးဆုံးသွားတာပေါ့”

သူ့ရဲ့အမေးကို အာကာက ခေါင်းခါပြလိုက်ရင်း . . .

“ဆုံးတော့ မဆုံးပါဘူး၊ မေမေကတော့ ငါ့ကိုဆူတာပေါ့။ ငါလည်း နောက်နေ့မနက်ကျတော့ ထပ်ရှင်းမယ်ဆိုပြီး အဲဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



လပ်ရောက်သွားတယ်"

"အဲဒီတော့ . . ."

"ဘာဖြစ်ရမှာလဲ၊ သူတို့ခြံနံပါတ်က (68) ပြန်ဖြစ်နေတယ်လေ"

"ဟ . . . ဒါဆို မင်းက စမှားတာပေါ့"

နှုတ်ခမ်းကိုမဲ့ရင်း အာကာခေါင်းခါလိုက်သည်။ ပြီး . . .

"ဘာလို့မှားရမှာလဲ၊ ငါသွားတုန်းက (89) ပဲဟာကို၊ ပြီးတော့ အန်တီအေးအိမ် ဟုတ်လားဆိုတော့ သူတို့ပဲ ဟုတ်တယ်လို့ ပြောတာလေ၊ ငါက ငါ့နာမည်ကော၊ ငါ့အမေနာမည်ကော ပြောပြလိုက်သေးတာပဲ၊ သူတို့မသိဘူးဆိုရင် မသိဘူးလို့ ငြင်းပေါ့၊ ခုတော့ ဖြောင်ကြီးလိမ်ယူထားလိုက်တယ်၊ ညနေသွားမေးတော့လည်း သူ့အဘိုးကြီးက ချိုင့်တောင်မရှိဘူးလို့ ထပ်ညာပြန်ရော . . ."

"ဟုတ်ပါပြီ၊ နောက်နေ့ထပ်သွားတော့ကော ဘယ်သူနဲ့တွေ့လဲ"

အာကာက မဲ့ပြုံးပြုံးလိုက်သည်။ ထို့နောက် ခံပြင်းဟန်ဖြင့် စကားဆိုလိုက်၏။

"အဲဒီဟာ ပိုတင်းတာပေါ့၊ ဘယ်သူမှ မရှိဘူးတဲ့၊ အိမ်ဖော်မလေးတစ်ယောက်က ငါ့ချိုင့်ကို ထွက်လာပေးရင်း ပြောတာ၊ တကယ်ဆို ငါ့ကို အကျိုးအကြောင်းတော့ ထွက်ပြောသင့်တာပေါ့၊ ခုတော့ သူတို့ဘက်က ခပ်တည်တည်နဲ့ စားပစ်လိုက်တဲ့အပြင် မထီမဲ့မြင်လုပ်တာကွ"

"အေး . . . ဒါတော့ဟုတ်တယ်"

နိုင်ဝင်းက ခေါင်းညိတ်ကာ ထောက်ခံသည်။ သူရကလည်း-

"အင်း . . . ဒါဆို မင်းထပ်ခံလာရတာပေါ့"





"အဲဒီလောက်ကြီးတော့လည်း မခံရသေးပါဘူးကွာ၊ ငါအိမ်ဖော်မလေးကို မေးခဲ့တယ်၊ မိုးဆွေဘယ်သွားလဲလို့"

"ဘာပြန်ပြောလဲ"

"ကျောင်းသွားတာတဲ့၊ ဘယ်ကျောင်းလဲဆိုတော့ အဟင်း . . . ငါတို့နဲ့ တစ်ကျောင်းထဲပဲကွ"

"ဟာ . . ."

သူရက အံ့သြသလို ရေရွတ်လိုက်သည်။ နိုင်ဝင်းကလည်း စိတ်ဝင်စားဟန်ဖြင့် . . .

"ဘာ . . . ဘာမေဂျာကတဲ့ . . . လဲ"

"အဲဒီလောက်ကြီးတော့ ကောင်မလေးလည်း မသိဘူးကွ၊ ဒါပေမယ့် တစ်ကျောင်းတည်းဆိုတော့ ရှာရတာ သိပ်မခက်လောက်ပါဘူး"

"ဟင် . . . မင်းက သူ့ကိုလိုက်ရှာဦးမယ် . . . ဟုတ်လား၊ ဘာလုပ်မလို့လဲ"

မထင်မှတ်ထားသော အာကာ့စကားကြောင့် သူရက အံ့သြသံဖြင့် ပြန်မေးလာသည်။ အာကာက မျက်နှာထားကိုတည်လျက်-

"ရှာရမှာပေါ့ကွ၊ ကိစ္စကမှ မပြတ်သေးဘဲ"

"တွေ့ . . . တွေ့ရင် ဘာလုပ်မှာလဲ"

"ရှင်းပါတယ်၊ ငါ့အပေါ် လိမ်သလိုလုပ်ခဲ့ပြီး မတူမတန်သလို ဆက်ဆံတဲ့အတွက် ပြန်တောင်းပန်ခိုင်းမလို့"

"ဟေ . . ."

အာကာစကားကြောင့် သူရက ရေရွတ်လိုက်သလို နိုင်ဝင်းကလည်း ခပ်လေးလေး ခေါင်းခါလိုက်မိသည်။

အာကာမျက်နှာကတော့ ဆုံးဖြတ်ပြီးသားဟန်နှင့် တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားနေ၏။

ထိုသို့ဖြင့် . . .

* * * *



(၇)

တစ်ဖက်မှာလည်း ပုဒ္ဓန်ထုပ်ကိစ္စနှင့် ပတ်သက်ပြီး မိုးဆွေမှာ အကြီးအကျယ် အဆူခံရလေသည်။ ပထမ သေသေချာချာမမေးဘဲ ယူထားလိုက်သည့်ကိစ္စ၊ ဒုတိယမှာက စားသောက်ပစ်လိုက်သည့်ကိစ္စ။ မေမေမှာလည်း အိမ်နံပါတ်ပြားကို ပြန်မရိုက်ထားမိ၍ ဖေဖေ့ဆီမှာ အပြောအဆိုခံရပြန်သည်။ သူလည်း အာကာ့ဆီမှာ အပြောခံခဲ့ရ၍ တင်းပြီး ပြန်ဆူခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ . . .

ကိုယ့်ဘက်ကလည်း အမှားအယွင်းရှိနေသည်မို့ မိုးဆွေကျေကျေနပ်နပ် အဆူခံပါသည်။

ချောချောကပင် . . .

"မိုးဆွေ . . . ဒီကိစ္စကို ဟိုအာကာဆိုတဲ့လူ တင်းနေမလား မသိဘူးနော်"

သက်ပြင်းကိုသာ ချမိတော့၏။ အာကာတင်းသည်ဆိုလည်း





www.burmeseclassic.com

www.burmeseclassic.com



တင်းနိုင်လောက်ပါသည်။ မေမေကိုယ်တိုင် အိမ်မှာရှိနေရက်နှင့် အကျိုးအကြောင်း မပြောပြဖြစ်ဘဲ အိမ်ဖော်ကောင်မလေးအား ချိုင့်ပြန်ပေးခိုင်းလိုက်သည်ကို။ ပို့ပြီးဆိုးသွားသည်က သူမဘယ်ကျောင်းမှာ တက်သည်ဆိုတာကိုလည်း အိမ်ဖော်ကောင်မလေးက ပြောလိုက်သေးသည်တဲ့လေ။

စဉ်းစားနေရင်းကပင် မိုးဆွေက . . .

"တင်းတော့လည်း တင်းပေါ့ဟာ၊ ဘယ်တတ်နိုင်မှာလဲ၊ တမင်ကြိုတင်ကြံစည်တာမှ မဟုတ်တာပဲ"

"အေးလေ . . . ဘာပဲဖြစ်ဖြစ် သူနဲ့ ငါတို့နဲ့ ထပ်တွေ့စရာအကြောင်း မရှိဘူးဆိုတော့ တော်သေးတာပေါ့"

ချောချောက စဉ်းစဉ်းစားစား ပြောလာသည်။ မိုးဆွေသက်ပြင်းပဲ ဆွဲဆွဲငင်ငင်ချမိတော့၏။

အတန်ကြာမှ ချောချောက . . .

"ဒါနဲ့ တစ်ခုတော့ ရှိတယ်၊ အာကာ နင့်ကိုတင်းပြီး လိုက်ရှာမှာလား မသိဘူးနော်"

"ရှာချင်လည်း ရှာပေါ့၊ အဲဒီလို လိုက်ရှာမယ်ဆိုရင်လည်း ငါ့ဘက်က စဉ်းစားထားပြီးသား . . ."

မိုးဆွေအပြောကြောင့် ချောချော၏မျက်ခုံးနှစ်ဖက် မြင့်တက်သွားရင်း . . .

"ဟေ . . . နင်က ဘာကိုစဉ်းစားထားတာလဲ"

"တောင်းပန်တာတော့ တောင်းပန်ရမှာပေါ့ဟာ၊ ဒါပေမယ့် မတောင်းပန်ခင်မှာတော့ . . . ဟင်း . . . ဟင်း"

"ဟဲ့ . . . ဘာဟင်း . . . ဟင်းလဲ"

"ဩော် . . . စောင့်ကြည့်ပေါ့ ချောချောရယ်"





မထိတရိဟန်လေးနှင့် မိုးဆွေက ပြောလာသည်။ ထိုသို့ဆိုခဲ့သော်လည်း . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၈)

ကျောင်းပတ်ဝန်းကျင်တစ်ခုလုံးသည် အရောင်အသွေးစုံလိပ်ပြာများဖြင့် လင်းဝင်းလှပနေ၏။ ထိုကဲ့သို့ မျိုးကွဲလိပ်ပြာတွေကြားမှာ မိုးဆွေဆိုသော လိပ်ပြာမလေးတစ်ကောင်ကို ရှာဖွေရမည်ဆိုတာက လွယ်လှသည်တော့ မဟုတ်ပါချေ။

မည်သို့ပင်ဖြစ်စေ . . .

ဘယ်မေဂျာ၊ ဘယ်အတန်းကမှန်း မသိသေးသော်လည်း မိုးဆွေ ဒီကျောင်းမှာ တက်သည်ဆိုတာကတော့ သေချာနေပြီ။ အာကာလည်း မိုးဆွေရှာဖွေရေး အော်ပရေးရှင်းအတွက် သူငယ်ချင်းတွေဖြစ်သည့် သူရနှင့်နိုင်ဝင်းတို့ကို အကူအညီ တောင်းပြီးခဲ့ပြီ။

"ငါ စဉ်းစားနေတာ တစ်ခုတော့ ရှိတယ်ကွ"

နိုင်ဝင်းစကားကြောင့် အာကာနှင့် သူရတို့ ခါးမတ်သွားကြသည်။ သူရက မျှော်လင့်တကြီးဟန်ဖြင့် . . .

"အေး . . . ဘာလဲ . . . ပြောစမ်းပါဦး"





"ဒီလိုကွာ၊ စက်တင်ဘာ (၁၁) တုန်းက မျှော်စင်ညီနောင်အဆောက်အဦးကို ဝင်တိုက်တဲ့ လေယာဉ်မှူးစိတ်ထဲမှာ အဲဒီအချိန်တုန်းက ဘယ်လိုခံစားနေရမလဲ မသိဘူးနော်"

"ဟာ . . . နိုင်ဝင်းရာ၊ မင်းကလည်း တစ်မျိုး . . ."

စိတ်ရှုပ်သွားဟန်ဖြင့် အာကာက ညည်းလိုက်သည်။ သူရကလည်း မြင်ပြင်းကတ်ဟန်ဖြင့် ကြည့်ကာ . . .

"ဘယ်လိုခံစားရမှာလဲကွ၊ ဝင်တိုက်လို့ရှိရင် ငါလည်း မသာပေါ်တော့မှာပဲလို့ တွေးနေမှာပေါ့"

"အေး . . . အဲဒါတော့ ဟုတ်တယ်နော်"

အူတိုးအူကြောင်ပုံစံဖြင့် နိုင်ဝင်းက ပြန်ပြောလာသည်။ နားထောင်ရင်း အာကာလည်း စိတ်မရှည်တော့ချေ။

ထို့ကြောင့် . . .

"တော်ကြပါတော့ကွာ၊ စကားတွေက ဘေးချော်ကုန်ပြီ၊ ငါ့အတွက်ကိုလည်း စဉ်းစားပေးကြပါဦး"

နှစ်ကောင်သား ငြိမ်ကျသွားကြသည်။ သူရက အရင်စဉ်းစားဟန်လေးလုပ်ကာ . . .

"မင်းရဲ့မိုးဆွေက ဒီကျောင်းကဆိုပေမယ့် ကျောင်းမှာမေဂျာတွေက အများကြီး၊ ပြီးတော့ ကျောင်းသူတွေကလည်း အများကြီး၊ တစ်ယောက်ချင်းလိုက်မေးနေရင် ထမင်းထုပ်သိုးသွားလိမ့်မယ်"

"အေး . . . ဟုတ်တယ်၊ ဒီလိုလုပ်မယ်ကွာ၊ မေဂျာတစ်ခုစီမှာ အလကားနေရင်း ကျောင်းသူတွေကို စာရင်းပြုစုနေတဲ့ ငနဲတွေရှိတာပဲ၊ အဲဒီကောင်တွေကို ချဉ်းကပ်ပြီး လိုက်မေးရင်တော့ ဖြစ်မှာပေါ့ . . ."

နိုင်ဝင်းစကားကတော့ သဘာဝကျနေသည်။ လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ် ထိုနည်းက အကောင်းဆုံးလိုလို ဖြစ်နေ၏။

အာကာက တွေကနဲ စဉ်းစားရင်း သက်ပြင်းချလိုက်ပြီး-

"ဟုတ်ပြီလေ၊ ဒါဆိုရင် ဘယ်ကစကြမှာလဲ"

သူရက မျက်မှောင်ကြုတ်လိုက်ရင်း . . .

"ငါတို့နဲ့ အနီးဆုံး သင်္ချိုင်းက စမယ်ကွာ"

"အိုကေ . . ."

သုံးယောက်သား လက်ဖဝါးချင်းရိုက်လိုက်ကြလေသည်။

* * * *



(၄)

သင်္ချိုင်းဖက်ရောက်တော့ သိပ်မစုံစမ်းလိုက်ရပါချေ။ မိနစ်နှစ်ဆယ်လောက်အကြာမှာပဲ သင်္ချိုင်းမြေဂျာမှ ကျော်စိုးဆိုသူနှင့် တွေ့ဆိုက်ရလေသည်။ ထိုလူကလည်း သင်္ချိုင်းမြေဂျာရှိ ကျောင်းသူစာရင်းအား ပြုစုထားသူတစ်ယောက်ဟု လူသိများသဖြင့် သူတို့လိုက်ရှာပြီးသာတွေ့ခြင်း ဖြစ်၏။

အာကာကပဲ ဦးဆောင်ကာ မိုးဆွေဆိုသည့် နာမည်ပိုင်ရှင်အား လိုက်ရှာနေကြောင်း ပြောပြအကူအညီတောင်းလိုက်ပါသည်။ ထိုအခါမှ ကျော်စိုးက . . .

"မိုးဆွေ . . . ဟုတ်လား၊ ဒီကောင်ဆိုရင်တော့ ကျောင်းမှာရှိလောက်ဘူးဗျ၊ လိပ်ခေါင်းဖြစ်နေလို့ဆိုပြီး ကျောင်းမတက်တာပဲ အင်ပတ်လောက်ရှိပြီ"

"ဗျာ . . ."

တစ်အုပ်စုလုံး ပါးစပ်အဟောင်းသား ဖြစ်သွားရ၏။ တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တည်း လွဲတော့လွဲနေပြီဆိုတာကို အာကာစဉ်းစားမိလိုက်၍-

"ခင် . . . ခင်ဗျားပြောတာက ဘယ် . . . ဘယ်မိုးဆွေလဲ ဟင်"

ကျော်စိုးက မျက်မှောင်ကြုတ်လျက် . . .

"ကဗျာရေးတဲ့ မိုးဆွေလေ၊ မိုးဆွေ (တဖောင်းကြီးကုန်း) ဆိုတဲ့ နာမည်နဲ့ ရေးတဲ့သူပေါ့"

"ဟာဗျာ . . ."

"ဟင် . . . မဟုတ်ဘူးလား"

"မဟုတ်ဘူးဗျ၊ ကျွန်တော်မေးတဲ့ မိုးဆွေက တဖောင်းကြီးမကုန်း . . . အဲလေ . . . မိုးဆွေဆိုတာ ကောင်မလေးကိုပြောတာ"

ထိုအခါမှ ကျော်စိုးက ခေါင်းခါလိုက်ရင်း . . .

"အဲဒါဆိုရင်တော့ မသိတော့ဘူးဗျ၊ ကျွန်တော်တို့ မေဂျာမှာ မိန်းကလေးမိုးဆွေဆိုတာ မရှိဘူး၊ ခုနက ပြောတဲ့ တဖောင်းကြီးကုန်း မိုးဆွေပဲ ရှိတာ"

စိတ်ပျက်လက်ပျက်နှင့် လှည့်ထွက်ခဲ့ရတော့သည်။ ယောကျ်ား မိုးဆွေနှင့်တော့ မတွေ့ချင်ပါ။ ထိုလိပ်ခေါင်းထွက်နေသည့် တဖောင်းကြီးကုန်းမိုးဆွေကို သူတို့ဘာလုပ်ရမည်နည်း။

သို့နှင့် နီးစပ်ရာ ကင်တင်းတစ်ခုမှာပဲ ခေတ္တဝင်ထိုင်ဖြစ်ကြသည်။ နိုင်ဝင်းကတော့ လေပူတစ်ချက်ကို ဆောင့်ကြီးအောင့်ကြီး မှုတ်ထုတ်လိုက်ရင်း . . .

"ဟူး . . . အရေးထဲ လာလွဲနေရသေးတယ်"

"အေးကွာ၊ လွဲပုံများတော့ ခုလွဲတဲ့ လိပ်ခေါင်းမိုးဆွေလေး တောင် မတွေ့ရဘူး"

"တွေ့ရင် မင်းဘာလုပ်မလို့လဲ၊ သူ့လိပ်ခေါင်းကို မင်းက





သားရေကွင်းနဲ့ ပစ်ပေးမလို့လား"

"ဟာ . . ."

အာကာစကားအဆုံးမှာ သူရမျက်နှာကြီး ညှိုမဲ့ရှုတ်တွသွား၏၊ နိုင်ဝင်းက သူရအဖြစ်ကိုကြည့်ပြီး တဟားဟား ထရယ်တော့သည်။

ပြီး အရယ်ရပ်တော့မှ . . .

"ကဲ . . . တော်ကြပါတော့ဗျာ၊ ဒီကောင့်ကိစ္စက ဒီအတိုင်း လိုက်ရှာနေလို့ ထူးလာမှာမဟုတ်ဘူး"

"ဒါဆို မင်းက ဘယ်လိုရှာချင်လို့လဲ"

သူရက ချက်ချင်းပြန်မေးလိုက်သည်။ နိုင်ဝင်းက မျက်နှာ ထို့ တည်လိုက်ပြီး . . .

"ဒီလိုလုပ်မယ်ကွာ၊ ငါတို့သုံးယောက်စလုံး ဒီလိုပူးပြီး အုပ်စု ဖိုက်ကြီး လိုက်ရှာနေမယ့်အစား လူခွဲပြီးရှာတာက ပိုပြီးခရီးရောက် ယ်ကွ၊ ကျန်တဲ့မေဂျာတွေမှာလည်း ငါတို့အသိတွေ ရှိတာပဲ၊ သူတို့ ီတာတစ်ဆင့် စုံစမ်းတာပေါ့၊ မကောင်းဘူးလား"

"အေး . . . မင်းအကြံမဆိုးဘူးကွ"

အာကာ ခေါင်းညိတ်ထောက်ခံလိုက်သည်။ သူရက စဉ်းစား န်နှင့် ငြိမ်နေ၏။ စိတ်စောနေသော အာကာကပဲ . . .

"ကဲ . . . ရှာမယ်ဆိုလည်း ဒီအတိုင်းထိုင်နေလို့တော့ ပြီးမှာ တည်၊ ခုပဲ လူခွဲပြီး သွားရှာရအောင်"

"အားအဆုံးမှာ အာကာက ထရပ်လိုက်သဖြင့် သူရနှင့် တို့လည်း ကိုယ်စီထရပ်ကြတော့သည်။

နိုင်ဝင်းကပဲ . . .

"ငါတို့မေဂျာနဲ့ သင်္ချာကိုတော့ ပယ်လို့ရသွားပြီ၊ အာကာ



www.burmeseclassic.com

www.burmeseclassic.com



မင်းက ဓာတုဘက်ကိုသွား၊ ငါက ဖလော်ဘက်ကို သွားမယ်"

"ဒါဆို . . . ငါက စာကြည့်တိုက်ဘက်ကို ဒိုးမယ်ကွာ"

သူ့ရစကားကြောင့် နိုင်ဝင်းက မျက်ခုံးပင့်လိုက်ပြီး . . .

"ဟေ့ကောင် လူသွားရှာမယ်ဆိုမှ စာကြည့်တိုက်ကို ဘာသွားလုပ်မှာလဲ"

"ဟာ . . . စာကြည့်တိုက်ဆိုတာ မေဂျာကို ပြောတာကွ၊ အဲဒီမေဂျာတွေက လူနည်းတော့ အရင်စုံစမ်းရလွယ်မလားလို့"

"အေး . . . ဟုတ်သားပဲ၊ ဒါဆိုလည်း ဒိုးရအောင်၊ ထမင်းစားချိန်ကျရင် ထိုင်နေကျကင်တင်းမှာ ပြန်ဆုံမယ် . . ဟုတ်ပြီလား"

နိုင်ဝင်းစကားအဆုံးမှာ သူတို့နှစ်ကိုယ်စီ ခေါင်းညိတ်ပြလိုက်ကြသည်။ ပြီးလမ်းခွဲကာ တစ်ယောက်တစ်လမ်းစီ ထွက်လာခဲ့ကြ၏။

အာကာလည်း ဓာတုဘက်ကို ယောင်လည်လည်နှင့် ထွက်လာရင်းက လမ်းမှာ စဉ်းစားရသေးသည်။ ဓာတုဘက်မှာ အသိအကျွမ်း ဘယ်သူများ ရှိနိုင်မလဲပေါ့။

လမ်းလျှောက်ရင်း စေ့စေ့တွေးရင်းက ရေးရေးကလေးတော့ ပေါ်လာသည်။ ဓာတုဗိုင်နယ်တန်းမှာ မင်းထက်အောင်ဆိုသော ငတိကြီးတစ်ယောက်တော့ ရှိသည်။ ဒင်းကြီးနှင့် နှစ်စတုန်းက ကဗျာစာအုပ်လေးတစ်အုပ် တွဲထုတ်ဖူး၏။ နှစ်ယောက်တည်းတော့ မဟုတ်၊ တစ်ခြားကျောင်းသားတွေနှင့် စုထုတ်ကြခြင်း ဖြစ်သည်။

မည်သို့ပင် ဖြစ်စေ . . .

ဒင်းလို အသိတစ်ယောက်ရှိရုံနှင့်ပင် မေးမြန်းစုံ ့ယ်နိုင်သည်ပဲ။ ထို့ကြောင့် မင်းထက်အောင်ထိုင်တတ်သည့် ကင်တင်းလေးကိုပဲ ဦးတည်လိုက်သည်။ ကင်တင်းရောက်တော့ ကျောင်းစာကိုကြိုးကြိုးစားစား သင်ယူချင်စိတ်ရှိပုံရသော မင်းထက်အောင်အား





အသင့်တွေ့လိုက်ရပါသည်။ တစ်ယောက်တည်းထိုင်ကာ ဘာတွေများစဉ်းစားနေသည် မသိချေ။

အာကာက မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း . . .

"ကိုမင်းထက် . . . ဘာတွေစဉ်းစားနေတာတုန်းဗျ"

"ဩော် . . . အာကာပါလား၊ ဒီလိုပါပဲကွာ၊ ဘာရယ်မဟုတ်ပါဘူး"

အကြည့်က အာကာဆီရောက်လာပြီး စကားဆိုလာသည်။ အာကာက . . .

"ဟဲ . . . ဟဲ . . . ကဗျာအတွေး၊ စာအတွေးပေါ့ . . . ဟုတ်လား"

"ဆိုပါတော့ကွာ၊ အင်း . . . ပြောသာပြောရတယ်၊ ကဗျာမရေးဖြစ်တာတောင် ကြာပြီကွ၊ ငါ့မှာလည်း ကဗျာအတွေးတွေ ခန်းလာပြီနဲ့တူပါတယ်၊ မင်းကော ရေးဖြစ်ရဲ့လား"

"ဟင့်အင်း . . . မရေးဖြစ်ပါဘူး၊ မရေးဖြစ်ဆို ကျွန်တော်က အရင်ကပဲ ကိုမင်းထက်တို့လောက် ရေးအားမှမကောင်းဘဲ၊ စာအုပ်ထုတ်တယ်ဆိုတာကလည်း အမှတ်တရ သဘောလေးပါ"

မင်းထက်အောင်က သက်ပြင်းဖွဖွချလိုက်သည်။ ပြီးမှ . .

"အင်းလေ . . . ကဗျာဆရာဆိုတာ စာပေနယ်ထဲမှာ ဂုဏ်အရှိဆုံးလို့ ပြောလို့ရပေမယ့် ငါတို့ဆီမှာတော့ ကဗျာဆရာဘဝနဲ့ ရပ်တည်ဖို့ဆိုတာ အတော်မလွယ်တဲ့ ကိစ္စကွ"

"အင်း . . . ဘာပဲဖြစ်ဖြစ် အောင်မြင်ကျော်ကြားနေတဲ့ ကဗျာဆရာတွေလည်း ရှိနေကြတာပဲလေ"

"ဟုတ်တော့လည်း ဟုတ်ပါတယ်"

အလ္လာပ၊ သလ္လာပတွေပြောရင်းက ကဗျာနှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သော အကြောင်းအရာတစ်ချို့ကို ပြောဖြစ်နေကြသေးသည်။

အတန်ကြာမှ မင်းထက်အောင်က သတိဝင်လာဟန်ဖြင့်-

"စကားကောင်းနေလိုက်တာ၊ ဒါနဲ့ မင်း ငါ့ဆီလာတဲ့ကိစ္စက"

မင်းထက်အောင် မေးလာတော့မှပဲ အာကာက ရယ်ကျဲကျဲ လုပ်ကာ . . .

"ကျွန်တော်လား၊ လူတစ်ယောက်ကို စုံစမ်းချင်လို့ ဒီဘက် ထွက်လာခဲ့တာဗျ"

"ဟေ . . . ဘယ်သူလဲ"

"နာမည်က မိုးဆွေတဲ့၊ ကောင်မလေးတစ်ယောက်ပါ"

ထိုသို့လည်း ပြောထားရသေးသည်။ တော်ကြာ တဖောင်း ကြီးကုန်းမှ လိပ်ခေါင်းမိုးဆွေကဲ့သို့ လူမှားပြီး ပြောလာမှာစိုး၍ ဖြစ် သည်။

အာကာအပြောကြောင့် မင်းထက်အောင် မျက်ခုံးပင့်သွား ပြီး . . .

"မိုးဆွေဆိုတဲ့ နာမည်နဲ့ကောင်မလေး . . ဟုတ်လား၊ ဒါနဲ့ သူက ဘယ်ရီးယားကလဲ . . ."

"ဟင် . . . အဲဒါတော့ မသိဘူးဗျ"

"ဩော် . . . ဒါဆို ငါတို့ခေတ်ကဆိုတာလောက်ပဲ သိတာ လား"

"အဲဒါလည်း မသိဘူး"

"ဟောဗျာ . . ."

အံ့ဩသလို ရေရွတ်လိုက်ပြီးမှ မင်းထက်အောင် တဟားဟား ဟင်းရယ်တော့သည်။ အာကာလည်း ရှက်ကိုးရှက်ကန်းဟန်လေးဖြင့်-

"အဟင်း . . . ဒီလိုဗျာ၊ ကျွန်တော်က သူနဲ့ လူချင်းတစ်ခါမှ





ဆုံဖူးတာ၊ မြင်ရင်တော့ မှတ်မိပါတယ်၊ အဲ . . . ကျွန်တာတော့ သူ့နာမည်တစ်ခုပဲ သိတာ"

"ဟာ . . . ဒါဆို လိုက်ရှာဖို့က ဘယ်လွယ်မလဲ အာကာရဲ့"

အာကာက မသက်မသာ ခေါင်းညိတ်ပြလိုက်သည်။ ပြီးမှ-

"မလွယ်မှန်းတော့ သိပါတယ်၊ ဒါပေမယ့် ခုလိုပေါ့ဗျာ၊ ကိုမင်းထက်ရဲ့အသိထဲမှာ အဲဒီနာမည်နဲ့ ကောင်မလေးများ ရှိမလား ပေါ့၊ ရှိရင်တော့ ကျွန်တော်ရှာနေတဲ့ မိုးဆွေများ ဟုတ်နေမလားဆိုပြီး လာမေးကြည့်တာပါ"

"အေးပါ . . . အေးပါ၊ ငါသဘောပေါက်ပြီ၊ အင်း . . . ငါ့ အသိထဲမှာတော့ မိုးဆွေဆိုတဲ့ ကောင်မလေးမရှိဘူးကွ၊ ဒါပေမယ့် ငါတို့မဂ္ဂဇင်းထဲမှာတော့ ငါ့အသိတွေကတစ်ဆင့် စုံစမ်းကြည့်ပေးမယ် လေ"

"ဟုတ်ကဲ့ . . . ကျွန်တော်ပြောချင်တာလည်း အဲဒီသဘော မျိုးပါပဲ၊ ကူညီပါဦးဗျာ"

မျက်နှာငယ်လေးနှင့် အားကိုးတကြီး ပြောလိုက်မိသည်။ ထိုအခါမှ မင်းထက်အောင်က ခေါင်းတဆတ်ဆတ်ညိတ်ကာ စူးစမ်း သလို ပြန်ကြည့်လာပြီး . . .

"ဟုတ်ပါပြီ . . . ကူညီပါ့မယ်၊ ဒါနဲ့ နေစမ်းပါဦးကွ၊ မင်း မှာတောင် ခုလိုကောင်မလေးတစ်ယောက်ကို လိုက်ရှာရတဲ့အဖြစ် မျိုး ရှိနေပြီပေါ့ . . . ဟုတ်လား"

"ဟဲ . . . ဟဲ . . . ဆိုပါတော့ဗျာ"

ချော်လဲရောထိုင်ပြောရင်း အာကာရယ်ကျဲကျဲလုပ်နေလိုက် သည်။ မင်းထက်အောင်တော့ ဘယ်လိုထင်သွားမည်မသိ။ ကိုယ့် သဘောကတော့ မိုးဆွေနှင့် ပတ်သက်ခဲ့သည့်ကိစ္စကို သူ့ကိုယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



အရင်းတွေကလွဲပြီး ဘယ်သူ့ကိုမှ မပြောပြချင်သေးဟု အာကာဆုံးဖြတ်ထား၍ ဖြစ်လေသည်။

အတန်ကြာသည်အထိ မင်းထက်အောင်နှင့် လေပေါ်ပြီးမှ အာကာပြန်လာခဲ့သည်။ ချိန်းထားသည့် ကင်တင်းသို့ရောက်တော့ နိုင်ဝင်းနှင့် သူရတို့ပင် ရောက်နေကြလေပြီ။

"ဟော့ကောင်တွေ ဘာထူးလဲ"

အာကာ့အမေးကို နှစ်ကောင်စလုံးက ခပ်ယဲ့ယဲ့ ခေါင်းခါပြ၏။ အာကာလည်း သက်ပြင်းကို ထပ်ကာထပ်ကာ ချတော့သည်။

အာကာ၏ စိတ်ပျက်လက်ပျက်ပုံစံကိုကြည့်ကာ သူရက ဆိုလာ၏။

"ငါတို့လည်း တတ်နိုင်သလောက် လိုက်မေးတာပဲကွာ၊ ခက်တာက မင်းလို လူပုံစံကို မမြင်ဖူးတော့ ဘေးကနေ ဖြတ်လျှောက်သွားရင်တောင် သိမှာမဟုတ်ဘူး၊ မင်းစုံစမ်းတာကော ဘာထူးသေးလဲ"

"ထူးတော့ မထူးသေးပါဘူးကွာ"

ထိုသို့အစချီကာ မင်းထက်အောင်နှင့်တွေ့ပြီး အကူအညီတောင်းထားခဲ့ကြောင်း ပြန်ပြောပြလိုက်သည်။ သို့သော် ဒါကလည်း အားရစရာ အခြေအနေတော့ မဟုတ်သေးချေ။

စကားအဆုံးမှာ သူရက စဉ်းစားမိဟန်ဖြင့် . . .

"တစ်ခုတော့ ရှိတယ်ကွ၊ ဒီနေ့ ငါတို့လိုက်မေးကြည့်တာ ယောက်ျားလေးတွေချည်းပဲ ဖြစ်နေတယ်၊ ငါတို့လိုက်ရှာနေတာက မိန်းကလေးလေ၊ နောက်နေ့ကျရင် မိန်းကလေးတွေဆီမှာ စုံစမ်းရင် မကောင်းဘူးလား"

"အေး . . ကောင်းသားပဲ၊ မိုးဆွေကို မတွေ့သေးရင်တောင် တခြားကောင်မလေးတွေကို အဓိကကလီလုပ်လို့ ရတာပေါ့"





နိုင်ဝင်းက လိုက်လိုက်လဲ့လဲ့ ထောက်ခံလိုက်ခြင်း ဖြစ်သည်။ ပြီးမှ အာကာဘက် ဆတ်ကနဲ ကြည့်လိုက်ရင်း . . .

"ကဲ . . . မောင်အာကာ၊ မင်းအတွက် ငါတို့အနစ်နာခံပြီး လိုက်စုံစမ်းပေးမယ်ကွာ၊ တစ်ခုတော့ရှိတယ်"

"ဘာလဲ . . . ပြော"

နိုင်ဝင်းနှင့် သူရတို့ တစ်ယောက်မျက်နှာတစ်ယောက် အရင်ကြည့်လိုက်ကြသေးသည်။ ပြီးမှ နိုင်ဝင်းက . . .

"ဒီလိုကွာ၊ မင်းကိုစွက ကျောင်းထဲမှာ အပ်ပျောက်တာကို လိုက်ရှာရမယ့် ပုံစံမျိုးဆိုတော့ အချိန်တားကကတ်တစ်ခုတော့ သတ်မှတ်ထားမှရမယ်၊ ဥပမာ - တစ်ပတ်လား၊ နှစ်ပတ်လား၊ တစ်လလား ဒါမျိုးပေါ့ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့မှာ အတန်းလည်း တက်ရဦးမယ်လေ၊ ပြီးတော့ အော်ပရေးရှင်းကာလအတွင်းမှာ တစ်ပတ်တစ်ကြိမ် ဘီယာတိုက်ရမယ်"

"ဒါပဲလား . . ."

လေကြောရှည်နေသဖြင့် အာကာက ဖြတ်ကာထပ်မေးလိုက်ခြင်း ဖြစ်သည်။ ဒီတစ်ခါတော့ သူရက ညာညာတာတာ စဉ်းစားဟန်ဖြင့် . . .

"ဘယ်ကဦးမလဲ၊ ဒီကာလမှာ နေ့စဉ်လက်ဖက်ရည်ဖိုးကိုလည်း မင်းပဲ ရှင်းပေးရမယ်"

"ဟုတ်ပါပြီ . . . ဆက်ပြောပါဦး"

"ပြီးတော့ ဒီအော်ပရေးရှင်းကြီး အောင်မြင်သွားရင် ငါတို့ကိုကြိုက်ကဲနိုင်ဖို့ တစ်ရက်လိုက်ပို့ပေးရမယ်၊ ဥပမာ - ကလပ်တို့ဘာတို့ . . ."

"လက်ခံတယ် . . . တောင်းဆိုချင်တာတွေ ပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



လက်ကာပြရင်း အာကာထပ်မေးလိုက်ပြန်သည်။ ထိုအခါမှ သူရက သွက်သွက်လက်လက် ခေါင်းညိတ်ပြကာ . . .

"အေး . . . ဒီလောက်ပါပဲ၊ ဒါတောင် ငါတို့က လျှော့ထားတာနော်၊ ခုမင်းလက်ခံပြီဆိုတော့ ဒီကိစ္စအတွက် အချိန်ပေးဖို့ ဘယ်နှစ်ရက်လောက် သတ်မှတ်ထားလဲဆိုတာကိုပဲ ပြောတော့၊ ခြေတိုပါးစပ်ညောင်းအောင် လိုက်ရှာစုံစမ်းရမှာဆိုတော့ ငါတို့ဘက်ကိုလည်း သက်သက်ညှာညှာ စဉ်းစားပြီးပြောပေါ့"

တရားကျဖို့ပင် ကောင်းလှသေးတော့၏။ သူတို့ဘက်ကတော့ မညှာမတာ တောင်းဆိုထားပြီးမှ ကိုယ့်ဘက်ကျ သက်သက်ညှာညှာလုပ်ပါတဲ့။

အာကာလည်း သူငယ်ချင်းအရင်းတွေမို့ စေတနာထားကာ ညှာညှာတာတာ စဉ်းစားပြီး ပြန်ပြောလိုက်ပါသည်။

"အချိန်ကတော့ကွာ၊ အများကြီးတော့လည်း စဉ်းစားမထားပါဘူး"

"အေးလေ . . . ဘယ်နှစ်ရက်လောက်လဲ"

"မတွေ့မချင်းလောက်ပါပဲ"

"ဟေ . . ."

* * * *



(၁၀)

တစ်ဖက်မှာဆိုခဲ့သည့်အတိုင်း ဈေးတည့်ခဲ့ကြသလို နောက်နေ့ကျောင်းကိုရောက်တော့လည်း ဒင်းတို့နှစ်ယောက်အား လက်ဖက်ရည်၊ မုန့် စသော မသထာရေစာများနှင့် စားစားစီးစီး တည်ခင်းဧည့်ခံကျွေးမွေးရသေးသည်။

နှစ်ကောင်စလုံး အားရပါးရ နင်းကန်မျိုဆို့ပြီးကျမှ သူရက စကားစလာသည်။

"ဒီနေ့က မိန်းကလေးတွေကိုပဲ ရွေးပြီး စုံစမ်းမယ်ဆိုတော့ တစ်ယောက်တကွဲစီသွားလို့ အဆင်မပြေလောက်ဘူးကွ၊ အုပ်စုလိုက်တွေနဲ့တွေ့ရင် လှောင်ခံရမှာ သေချာတယ်"

"ဒီတော့ . . ."

အာကာ စကားထောက်ပေးလိုက်သည်။ နိုင်ဝင်းက . . .

"ဒီနေ့တော့ကွာ၊ ငါတို့သုံးယောက်စလုံးပဲ ပူးပေါင်းပြီး စစ်ဆင်ရေးစတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သဘောကွာ၊ မင်းတို့စားပြီးရင်လည်း သွားရအောင်"

သို့နှင့် သုံးလောက်သား ရင်ကော့၊ ခေါင်းမော့ပြီး ထွက်လာခဲ့ကြသည်။ စုံစမ်းလို့ရမည်လား၊ မရလားတော့ မပြောတတ်သေး။ အိပ်ကပ်ထဲမှ ပိုက်ဆံအချို့ကတော့ ဒီနေ့အဖို့ ဈေးဦးပေါက်ထွက်ခွာသွားပြီဖြစ်သည်။

ဒီနေ့အတွက် သွားရောက်စုံစမ်းမည့်နေရာကို ဗွေဆော်ဦးရွေးချယ်လိုက်သူကတော့ သူရဖြစ်သည်။ ဒင်းရွေးလိုက်သည့်နေရာက ပထဝီမေဂျာဘက် . . ။ စာသင်ခန်းတွေဘက် လျှောက်လာရင်း ကော်ရစ်တာအကွေ့နားလောက်မှာ ကောင်မလေးသုံးယောက် ခေါင်းချင်းဆိုင်နေကြသည်ကို တွေ့လိုက်ရ၏။

သူရက လှမ်းကြည့်ကာ မျက်ရိပ်ပြလာသည်။ ပြီး . . .

"ဒီနေ့အတွက် စစ်မျက်နှာကို ငါအရင်ဖွင့်မယ်၊ မင်းတို့စောင့်ကြည့်လိုက်"

ပြောပြောဆိုဆို ဝရုန်းသုန်းကား ပြေးထွက်သွားတော့၏။ ကောင်မလေးတွေအနားသို့ ရောက်ပြီး၍ ပါးစပ်ပင် မဟရသေး။

"လဲ့လဲ့ရယ်၊ ငါမှာလေ စိတ်ပူလိုက်ရတာ သိလား၊ ဘာဖြစ်လို့ ဒီလကျမှ နောက်ကျနေတာလဲလို့လေ၊ တော်သေးတာပေါ့၊ ဒီနေ့မနက်မှ စလာ . . . လာ . . . ဟင် . . ."

စကားမဆုံးခင်မှာဘဲ သူရမျက်နှာကြီးကို ဘွားကနဲ တွေ့လိုက်ရ၍ ဖြစ်သည်။ ကောင်မလေး၏ မျက်နှာတစ်ခုလုံး ရဲရဲနီသွားပြီး သူရမျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ စူးစူးဝါးဝါး ပြောလေတော့၏။

"ဒီမှာ မိန်းကလေးတွေ စကားပြောနေတာကို ဘာလာနားထောင်နေတာလဲ၊ ရုပ်ကိုက အရှက်မရှိတဲ့ ရုပ်နဲ့"





"ဟာ . . . မ . . . မဟုတ်ပါဘူး၊ မေးစရာလေးတ . . . တစ်ခု . . . ရှိ . . . ရှိလို့"

"ဘာမှလာမမေးနဲ့၊ ဖြေစရာလည်း မရှိဘူး၊ လာ . . . လဲ့လဲ့၊ အခန်းထဲသွားပြောရအောင်"

ကောင်မလေးသုံးယောက်စလုံး အခန်းထဲဝင်သွားကြတော့၏၊ မသွားခင်မှာပင် သူရအား ရွံ့ရှာစက်ဆုတ်သော အကြည့်များဖြင့် ကြည့်သွားကြသေးသည်။ သူရမှာပဲ အူတူတူဖြင့် ခေါင်းကုတ်ကာ ကျန်ရစ်ခဲ့ရ၏။

အာကာတို့လည်း သူရအနားသို့ လျှောက်သွားလိုက်ကြပြီး-

"ဟေ့ကောင် ဘယ်လိုဖြစ်တာလဲကွာ၊ မင်းက ဘာတွေသွားပြောလိုက်လို့ ဟိုက ဒီလောက်ကောသွားတာလဲ"

သူရက အူတီးအူကြောင်အသွင်ဖြင့်ပင် . . .

"ဘာမှကို မမေးရသေးပါဘူးကွာ၊ သူတို့အနားကိုလည်း ရောက်သွားရော၊ ငါ့ကိုမြင်ပြီး ကောတော့တာပဲ၊ သူတို့ပြောတာတွေကို လာနားထောင်လို့တဲ့"

"မင်းကလည်း မင်းပဲ၊ အသံမပေး ဘာမပေးဘဲ နွားသိုးပြုတ်သလို ပြေးဝင်သွားတာကိုးကွ၊ ပြီးတော့ သူတို့ပြောနေတာက ယောက်ျားလေးတွေ မသိစေချင်တဲ့ ကိစ္စမျိုးကြောင့် ဖြစ်မှာပေါ့"

"မသိတော့ပါဘူးကွာ . . . ဟူး"

အာကာစကားအဆုံးမှာပဲ သူရတစ်ယောက် ကိုယ့်ကိုယ်ကို ကြိတ်ခွဲဆို့နစ်သော ဟန်ကြီးဖြင့် လေပူကြီးကို မောမောလွလွ မှုတ်ထုတ်လိုက်လေ၏။

အာကာလည်း စဉ်းစားရတော့သည်။ ဒီပုံစံအတိုင်း ဆက်သွားနေလျှင်တော့ ပါးပဲကွဲမလား၊ ကျောင်းပဲအထုတ်ခံရမလား မပြော



www.burmeseclassic.com

www.burmeseclassic.com



တတ်တော့ချေ။

ထို့ကြောင့် . . .

"ကဲ . . ဒီပတ်ဝန်းကျင်ကတော့ ငါတို့အတွက် အခြေအနေ သိပ်မကောင်းတော့ဘူး၊ ကြာရင် ဇယားစောင်းသွားလိမ့်မယ်၊ နေရာ ပြောင်းရအောင်"

"အေး . . . ကောင်းတယ်"

သို့နှင့် တစ်ခြားမေဂျာတွေဘက် ခြေဦးလှည့်ရပြန်သည်။ ဒီတစ်ခါတော့ မိန်းကလေးအုပ်စုတွေကို တွေ့တွေ့ချင်း နိုင်ဝင်းက-

"သူရ . . . ကောင်မလေးတွေကို ဘယ်လိုဝင်ရမယ်ဆိုတာ ငါပြမယ်"

ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသာ မျက်နှာပေးဖြင့် နိုင်ဝင်း က ပြောလာသည်။ ပြီး သက်တောင့်သက်သာ ခြေလှမ်းများနှင့် ချဉ်း ကပ်သွားရင်း အပြုံးတစ်ပွင့်ကို ဖန်ဆင်းလျက် . . .

"ဒီက ညီမလေး . . . "

ကောင်မလေးတွေကလည်း နိုင်ဝင်းအသံကြောင့် ပြိုင်တူနီး ပါးလှည့်ကြည့်ကြပါသည်။ ခပ်သွက်သွက်ကောင်မလေးတစ်ယောက် က ချက်ချင်းပြန်ပြောလာ၏။

"ကဗျာစာအုပ်လာရောင်းတာလား . . . မဝယ်သေးဘူး"

နိုင်ဝင်းက ဟက်ကနဲ ရယ်လိုက်ရင်း . . .

"ဘာလဲ . . . ကိုယ့်ပုံစံက အဲဒီပုံစံပေါက်နေလို့လား"

ထိုကောင်မလေးကပဲ အစုန်အဆန် ပြန်ကြည့်ပါသည်။ ပြီး-

"ဩော် . . . ဒါဆို ဒီအတိုင်းဘလိုင်းကြီး ပိုက်ဆံလာတောင်း တာပေါ့၊ ဒါဆိုရင်လည်း ကန်တော့ပါသေးရဲ့"

"အာ . . . "





နိုင်ဝင်းနင်သွားရ၏။ ချက်ချင်းပဲ လိုရင်းရောက်မည့်စကား လုံးကို ရွေးချယ်လိုက်ကာ . . .

"မဟုတ်ပါဘူးဗျာ၊ ဒီက ညီမလေးတွေကို မေးစရာရှိလို့ပါ"

"မေးစရာရှိရင်လည်း ဆရာ၊ ဆရာမတွေကို သွားမေးလေ၊ ညွှန်မတို့အုပ်စုက စာသာတော်ကြတာ၊ သူများကိုတော့ ပြန်သင် ပေးတတ်ဘူး"

"ဟာဗျာ . . . မနောက်ပါနဲ့"

"အိုရှင် . . . မနောက်ပါဘူး"

ပြောရင်း အုပ်စုလိုက်ကြီး ရယ်ကြပြန်သည်။ နိုင်ဝင်းတစ် ယောက် ယုံကြည်မှုတွေ ကြက်ပျောက်ငှက်ပျောက်ပျောက်ကာ ကြက် ကြီးလည်လိမ်သလို ဖြစ်နေတော့၏။

ထိုအခါမှတော့ အာကာလည်း မနေသာတော့ချေ။ ထို ကောင်မလေးတွေအနားသို့ ခပ်သွက်သွက်လျှောက်သွားလိုက်ပြီး-

"ဒီလိုပါ . . . မေးစရာရှိတယ်ဆိုတာက ခင်ဗျားတို့မေဂျာ မှာ မိုးဆွေဆိုတဲ့ ကောင်မလေးများ ရှိသလားလို့ပါ"

ကောင်မလေးတွေက တစ်ယောက်နှင့်တစ်ယောက် ကြည့် လိုက်ကြရင်း တစ်ယောက်က . . .

"မိုးဆွေ . . . ဟုတ်လား၊ ဟဲ့ . . . နွေးနွေး . . . မိုးဆွေကို မေးနေတာဟဲ့"

"မိုးဆွေ . . . "

နွေးနွေးဆိုသည့် ကောင်မလေးက လိုက်ရေရွတ်ရင်း အခန်း ဆီသို့ ငေးကြည့်ပြန်သည်။ ဒီတစ်ခါတော့ သေချာပြီဟုတွေးကာ အာကာ အားတက်သွားရပြီး . . .

"ဟုတ်ပါတယ်ဗျာ၊ မိုးဆွေကို သိတယ်မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဒင်းကလေးတွေက တစ်ယောက်နှင့်တစ်ယောက် မမြင်ဖူး သလို ထပ်ကာကြည့်ကြပြန်သည်။ ပြီး တက်ညီလက်ညီပဲ . . .

"မသိဘူး . . ."

ပြိုင်တူပြောရင်း ရယ်ကြတော့၏။ သွားပြီဆိုတာကိုတော့ အာကာလည်း တိတိကျကျ နားလည်လိုက်တော့၏။ ဒင်းတို့တွေက သိသလိုလိုနှင့် ဝိုင်းလှောင်နေကြခြင်းသာ ဖြစ်သည်။ ဒီနေရာမှာ တော့ ဒီနေ့အဖို့ အလုပ်ဖြစ်မည် မထင်တော့ချေ။

ထို့ကြောင့် နိုင်ဝင်းနှင့် သူရတို့ကို မျက်ရိပ်ပြလိုက်ရင်း ကောင်မလေးတွေဘက်လှည့်ကာ . . .

"အင်း . . . ထင်တော့ထင်သားပဲ၊ ခင်ဗျားတို့ပုံစံတွေနဲ့တော့ မိုးဆွေကို မသိလောက်ဘူးလို့"

"ဘာရှင့် . . ."

ထိုအချိန်မှာပဲ အာကာတို့လည်း တချိုးတည်း လှည့်ထွက်ခဲ့ တော့သည်။ ကောင်မလေးတွေလည်း စူပွပွရေရွတ်ရင်း ကျန်ခဲ့လေ ၏။

သို့သော် ဒီလောက်လေးနှင့်တော့ စိတ်မလျှော့နိုင်သေးချေ နောက်ထပ် နီးစပ်ရာမေဂျာတွေ သွားပြီးစုံစမ်းပါသေးသည်။

"ဟိတ် . . . ညီမ,သူငယ်ချင်းတွေထဲမှာ မိုးဆွေဆိုတာရှိ လားဟင်"

"ဘယ်သိမှာလဲ၊ ကျောင်းသားရေးရာ သွားမေးပေါ့"

ထိုသို့ပြောပြီး လှည့်ထွက်သွားသူတွေလည်း ရှိသည်။ ရယ် သည်။ နောက်တစ်နေရာပေါ့ဟု အားတင်းကာ ဆက်မေးပါသေး သည်။

"ဒီက ဘော်ဒါ အသိထဲမှာ မိုးဆွေဆိုတဲ့ ကောင်မလေး





လားဗျ"

"ကျွန်တော် မိန်းမတွေနဲ့ မဗတ်သက်ဘူးဗျ၊ အဲဒီမာတုကာ တွေနဲ့ ကင်းကင်းပဲနေတယ်"

စိတ်ညစ်ရသေးတော့၏။ ကိုယ်တွေကလည်း ဘုန်းကြီး ကျောင်းသားကိုမှ သွားမေးမိသည်ကိုး။

အားမလျှော့သေးပါ။ လုံးဝစိတ်မပျက်သေးပါ။ ဇနကထုံး ကို နှလုံးမူပြီး ထပ်စုံစမ်းပါသည်။

"ညီမလေး . . . မိုးဆွေကို သိ . . . သိလား"

"မသိဘူး၊ သိလည်း မပြောဘူး"

သွားပြီ။ လာထားနောက်တစ်ယောက်ဟု စိတ်ထဲက ကြုံး ဝါးလိုက်ရင်း . . .

"ဒီက ညီမ၊ ဟိုလေ . . . မိုးဆွေကို . . . ကို . . ."

စကားပင် မဆုံးလိုက်။ ဒင်းက တပြန်ကြီးပင် . . .

"လာမရောနဲ့နော်၊ ဒီအကွက်တွေ ရိုးနေပြီ"

ပြောပြီး ကော့ပတ်ကော့ပတ်နှင့် လှည့်ထွက်သွားတော့၏။ စိတ်မပျက်နိုင်သေးသော်လည်း သုံးယောက်သား စိတ်တော့တိုလာ ကြပြီ။ သို့နှင့် တင်းပြီး ကျောင်းပင်မတက်ဘဲ တစ်ရက်လုံး လျှောက် မေးနေကြ၏။ အဖြေကလည်း ရှင်းပါသည်။ အားလုံး၏စကားအဆုံး သတ်က 'ဘူး' တွေချည်း ဖြစ်လေ၏။

ညနေကျောင်းဆင်းချိန်နီးတော့ သုံးယောက်စလုံး မျှော့ မှော့လေးသာ ကျန်တော့၏။ ကိုယ်ကပဲ ရှာတာဖွေတာ ညံ့လို့လား။ မိုးဆွေဆိုသော ဒင်းကပဲ ရှာနေမှန်းသိ၍ အရှောင်အပုန်းကောင်းနေ သည်လား မပြောတတ်တော့။

အားလုံးစိတ်ပျက်လက်ပျက်နှင့် ကင်တင်းမှာ အမောပြေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရန် ထွက်လာခဲ့ကြသည်။

"ဘယ်လိုလဲ အာကာ၊ တစ်ရက်ပဲ ရှိသေးတယ်နော်၊ တော်
တော်ပြိုင်းသွားတာတော့ အမှန်ပဲ"

သူရစကားကြောင့် အာကာက . . .

"ဘာလဲ . . . မင်းတို့ နောက်နေ့မလိုက်ချင်တော့ဘူးလား
ရတယ်လေ . . . ငါ့ဟာငါပဲ . . ."

"အဲဒီသဘောမဟုတ်ပါဘူးကွာ၊ မင်းကိစ္စလည်း ငါတို့ကိစ္စ
ပေါ့၊ တော်ကြာ . . . မင်းရဲ့မိုးဆွေက ငါတို့ရှာနေမှန်းသိလို့ တမင်
ရှောင်နေတာမျိုးဆိုရင် လိုက်ရတာ ပိုဝေးမလားလို့ပါ"

တွေးတွေးဆဆ ပြောလိုက်သော နိုင်ဝင်းစကားကြောင့်
အာကာမျက်နှာတည်သွားရသည်။ ချက်ချင်းပဲ မဲ့ပြုံးပြုံးလိုက်ရင်း

"အဲဒီလိုဆိုရင်လည်း လုပ်ထားဦးပေါ့ကွာ၊ ငါရှာလို့တွေ့ရ
တော့ ငါ့အပေါ်တင်နေတဲ့အကြွေးကို နှစ်ဆပြန်ယူရမှာပဲ"

နိုင်ဝင်းနှင့် သူရတို့လည်း အာကာကိုကြည့်ကာ ကိုယ်
သက်ပြင်းပဲ ချလိုက်ကြလေသည်။

ထိုသို့ဖြင့် . . .။

* * * *



(၁၀)

"နင် ဘယ်လိုလုပ်မလဲ မိုးဆွေ၊ နွေးနွေးတို့ ပြောပုံအရဆို
ရင် အာကာ နင့်ကို သဲကြီးမဲကြီး လိုက်ရှာနေတာ သေချာနေပြီဟ"

စကားအဆုံးမှာ မျက်ခုံးလေးအတွန့်ချိုးရင်း မိုးဆွေငြိမ်သွား
သည်။ တကယ်တော့ နွေးနွေးတို့စကားနှင့်တင် မဟုတ်။ တစ်ခြား
သူငယ်ချင်းတွေထံမှလည်း ကျောင်းသားသုံးယောက်က မိုးဆွေဆို
သော ကောင်မလေးအား လိုက်ရှာနေကြောင်း သတင်းတွေက ပွနေ
၏။

ထို့ကြောင့် တစ်ချက်စဉ်းစားလိုက်ပြီး . . .

"ချောချောရယ်၊ နင့်ကို ငါပြောဖူးသားပဲ၊ သူလိုက်ရှာမယ်
ဆိုရင်တောင် ငါ့ဘက်က စဉ်းစားပြီးသားပါလို့"

"ဟုတ်ပါတယ်၊ အဲဒီတုန်းကတော့ သေမှမသေချာသေး၊
ခုတာက နင့်ကို တကယ်လိုက်ရှာနေပြီလေ၊ အဲလိုဆိုတော့ နင်ဘယ်
လိုစဉ်းစားထားလဲ ဆိုတာကိုပဲ ငါသိချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . နင်က သိပ်သိချင်နေတယ်ပေါ့ . . ဟုတ်လား"

ပခုံးလေးတွန့်ကာ မထုံတက်တေးဟန်လေးနှင့် ပြောလာသော မိုးဆွေကိုကြည့်ကာ ချောချောအူယားလာရသည်။ ဗိုက်ထဲက ယားနေသည့် အူကိုတော့ လက်ဖြင့် ကုတ်၍ရသည် မဟုတ်။ ထို့ကြောင့် မိုးဆွေကိုပဲ လက်ကုတ်ကာ မေးရပြန်တော့၏။

"ကဲ . . . ပြောပါ မိုးဆွေရယ်၊ ငါ တကယ်သိချင်လို့ပါ"

မိုးဆွေမျက်နှာလေးက အနည်းငယ် တည်သွားသည်။ ပြီး စဉ်းစဉ်းစားစား ပြောလာ၏။

"ခုကိစ္စအတွက် အာကာတင်းနေနိုင်လောက်တယ်ဆိုတာ ငါသိပါကယ်၊ နောက်နေ့ ငါအိမ်မှာရှိရင်တော့ တစ်ခါတည်း အကျိုးအကြောင်းပြောပြပြီး တောင်းပန်လိုက်မှာပါ၊ ဒါပေမယ့် ဖြစ်ချင်တော့ ငါက နင်တို့အိမ်ကို ရောက်နေတာကိုး၊ နောက်ဆုံးတော့ သူ့အပေါ် မထီမဲ့မြင်လုပ်သလို ဖြစ်သွားတာပေါ့"

"ဒါဆိုလည်း နင့်ကို သူ အခုလိုက်ရှာနေတာပဲ၊ နင်ကိုယ်တိုင် သွားတွေ့ပြီး တောင်းပန်လိုက်ပါလား"

"အဲဒီလိုကြီးကျတော့လည်း ငါမရဲသေးဘူးဟ၊ သူ့ကို အားနာနေတယ်၊ ပြီးတော့ ရှက်လည်းရှက်တယ်"

စကားအဆုံးမှာ ချောချောက ပြူးပြူးပြဲပြဲ ကြည့်လာပြီး-

"ဟယ် . . . မိုးဆွေ၊ နင် အာကာနဲ့ပတ်သက်ပြီး ဒီလောက် တောင် ဖြစ်နေတယ် . . . ဟုတ်လား"

ချောချောစကားကြောင့် မိုးဆွေရှက်ရသေးတော့သည်။ ပြီးမှ မျက်နှာလေးကို ဟန်လုပ်ကာ တည်လိုက်ရင်း . . .

"မဟုတ်ဘူးလေ၊ ခုဟာက သူ့ဘက်ကတင်းပြီး လိုက်ရှာနေတော့ လောလောဆယ် ငါ့ဘက်က မတွေ့ရဲသေးတာမျိုးပါ"





ချောချောလည်း ခဏတော့ ငြိမ်သွားသည်။ ပြီးမှ လက်ညှိုး နှင့် နားထင်ကိုထောက်ကာထောက်ကာ စဉ်းစားဟန်လုပ်လျက် . .

"ငါစဉ်းစားမိတာ နောက်တစ်ခုရှိသေးတယ်၊ အဲဒါက နင် အိမ်မှာ အာကာကို စတွေ့တုန်းက နင့်ကိုငေးနေတဲ့ အကြည့်ရယ်၊ ပြီးတော့ ခုလိုက်ရှာနေပုံအရ နင့်ကိုစိတ်ဝင်စားလို့ ပတ်သက်ချင်နေ တာဆိုရင်ကော . . . "

"အာ . . . မဟုတ်တာ နင်ကလည်း၊ ခဏလေးပဲ တွေ့ဖူး တာကို . . . "

စကားအဖြစ် ထိုသို့ပြောလိုက်ရသော်လည်း မိန်းကလေး ပီပီ ရင်ထဲမှာတော့ လှိုင်းတစ်ချို့ ဖြတ်သန်းသွားရသည်။ ထိုပုံစံမျိုး နှင့်တော့ သူမလည်း တစ်ခါမှ မစဉ်းစားဘူးချေ။ တကယ်သာ အဲဒီ လိုဆိုရင်တော့ . . . အို . . . ။

တွေးမိလိုက်သော အတွေးစကြောင့် ရင်ထဲမှာ မောသလို ကြည်နူးသလို ဖြစ်သွားရပြန်သည်။

ထိုအချိန်မှာပဲ ချောချောက မျက်စောင်းထိုးလိုက်ပြီး . . .

"ဘယ်လိုလဲ မိုးဆွေ၊ ငါပြောသလို ဖြစ်နိုင်တယ် မဖြစ်နိုင် ဘူးဆိုတာကိုကော စောင့်ကြည့်ဦးမလား"

"မသိတော့ပါဘူးဟာ၊ လောလောဆယ် သူလိုက်ရှာနေတာ ကို အားနာပေမယ့် ငါ့ဘက်ကတော့ ခဏရှောင်နေချင်သေးတယ်၊ အဲဒါ ငါစဉ်းစားထားတာပဲ"

"အဲဒါမှ ဟိုဘက်က ကျွလိကျွလိ ပိုဖြစ်လာဦးမယ်"

ဒီတစ်ခါတော့ မိုးဆွေလည်း ဘာမှပြန်ချေပမနေတော့ချေ။ တုံဏှိဘာဝေလုပ်နေစဉ်မှာပဲ ချောချောက ရုတ်တရက် လှမ်းပြော လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . မိုးဆွေ၊ ဟိုမှာ . . . ဟိုမှာ အာကာတို့ . . ."

မိုးဆွေ ထူပူသွားပြီး ဝရန်းသုန်းကား လှမ်းကြည့်မိသည်။

"ဟင် . . ."

မတွေ့ . . .။ အာကာနှင့် ခပ်ဆင်ဆင်ပင် မတွေ့ပါ။ ခုမှ စဉ်းစားမိပြီး ရှက်အမ်းသွားရ၏။ ပြိတီတီနှင့် ကြည့်နေသည့် ချောချောကိုလည်း လှမ်းရိုက်မိတော့၏။

"ကဲဟာ . . . ကဲဟာ . . . စချင်ဦး၊ ငါ့မှာ လန့်သွားတာပဲ"

ချောချောက ရှောင်တိမ်းရင်း ထပ်ပြောလာသည်။

"မိုးဆွေ . . . နင်ဒီအတိုင်းဆိုရင်တော့ ရွှေ့လျှောက်ပိုလန့် ရတော့မယ် ထင်တယ်"

မိုးဆွေလည်း ခုမှစိတ်အေးသွားရသလို ပခုံးကလေးတွန့် ပြလိုက်ရင်း . . .

"အဟင်း . . . ဒါကတော့ ငါ့ကိစ္စပါဟာ၊ လောလောဆယ်တော့ သူဘယ်လောက် ခွဲကောင်းကောင်းနဲ့ ရှာနိုင်မလဲဆိုတာကို ရှောင်ရင်းတိမ်းရင်း စောင့်ကြည့်တာပေါ့"

"သဘောပဲ၊ နင့်ဇာတ် နင်နိုင်ရင် ပြီးတာပဲလေ"

ဒီတစ်ခါလည်း ချောချော၏စကားကို တုန့်ပြန်မနေတော့ဘဲ သက်ပြင်းဖွဖွချရင်း အဝေးဆီသို့ အကြည့်ကို ရွှေ့ပစ်လိုက်သည်။ ဆောင်းနှောင်းပိုင်း၏ နေ့လည်ခင်းတိုက်ခတ်လာသော လေပြည်တစ်ချက်ကြောင့် ကြွေဝဲကျပြန့်သွားသည့် သင်းကွဲရွက်ကြွေခြောက်ကလေးများကို နေရာအနှံ့တွေ့နေရပြန်သည်။

ဆောင်းနှောင်းပိုင်း၏တစ်ဖက်က နွေဦးစာမျက်နှာသစ်မှာတော့ သူမနှလုံးသား ဖူးသစ်လာမည်လား ဆိုတာကိုတော့ မိုးဆွေလည်း ကြိုတင်မမြင်နိုင်သေးချေ။



(၁၂)

ရက်အားဖြင့်ဆိုရလျှင်ပင် အတော်ရှည်လျားခဲ့ချေပြီ။ တစ်ဆကျော်လာသည့်တိုင် မိုးဆွေ၏သတင်းကို အစအနပင် စုံစမ်း၍ရေ ကြာလာတော့ သူရနှင့်နိုင်ဝင်းတို့လည်း စိတ်မရှည်နိုင်တော့၍ သား မသိ။ စိတ်ပျက်အားလျော့သံတွေ ထွက်လာကြလေသည်။

"အာကာရာ . . . ရှာနေတာပဲ တော်တော်ကြာနေပြီ၊ မင်းစိတ်မပျက်သေးဘူးလား"

သူရ၏ ညည်းညည်းညူညူ စကားသံအဆုံးမှာ နိုင်ဝင်းကသည်း ခေါင်းကိုတဖျင်းဖျင်းကုတ်လျက် . . .

"အေးလေ . . . ဒီလောက်တောင် ရှာမတွေ့တာကို စဉ်းစားကြည့်ရင်တော့ မင်းရှာနေတာကို သူသိလို့ တမင်ရှောင်နေတာပဲဖြစ်ရမယ်၊ ခက်တာက မိုးဆွေဆိုတာကို မင်းတစ်ယောက်တည်းပဲမြင်ဖူးတာက ငါတို့အတွက် အားနည်းချက်ဖြစ်နေတယ်ကွ"

"ဟုတ်တယ် အာကာ၊ ဒီရှာဖွေရေးအတွက် မင်း ငါတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွေးနေရတာလည်း ငါတို့အားနာလှပြီ၊ ဒီတော့ လွယ်တာကို ခက်အောင်လုပ်မနေနဲ့တော့"

နှစ်ကောင်စလုံးကို အာကာက တစ်လှည့်စီ စူးစိုက်ကြည့်ရင်း . . .

"ဘယ်လို . . ဘယ်လို . . ငါက လွယ်တာကို ခက်အောင်လုပ်နေတယ် . . . ဟုတ်လား"

"အေးလေ . . . မင်း မိုးဆွေရဲ့အိမ်ကို သိနေတာပဲ၊ ဒဲ့သွားတွေ့လိုက်ပေါ့"

ခေါင်းသာ ခါရမ်းမိတော့သည်။

"မဖြစ်နိုင်ဘူးကွ၊ ကျောင်းမှာတောင် ဒီလောက်ရှောင်နေတာ အိမ်သွားလို့တော့ လက်ခံတွေ့မယ် ထင်လို့လား။ အိမ်သွားမှမသိဘူး၊ မရှိဘူးဆိုရင် ငါအရှက်ထပ်ကွဲဦးမယ်၊ ပြီးတော့ နောက်တစ်ချက်က သူ့အဘိုးကြီးနဲ့ ငါနဲ့လည်း လုံးဝတည့်တာ မဟုတ်ဘူး"

"ဒါဆို မင်းဘာဆက်လုပ်မှာလဲ၊ ငါတို့သဘောကတော့ ရန်ငြိုးကြီးကြီးမားမားမရှိဘဲ မင်းအသည်းအသန် လိုက်ရှာနေတာကို လက်လျှော့သင့်ပြီလို့ ထင်တာပဲ"

"ဟုတ်တယ်ကွ၊ မင်းလိုက်နေရင် သူလည်း ပြေးနေဦးမှာပဲ၊ မင်းရပ်လိုက်ရင်တော့ သူ ရှေ့ကိုထွက်လာမှာပဲလို့ ယူဆမိတယ်"

နှစ်ယောက်စလုံး၏ စကားအဆုံးမှာတော့ အာကာသက်ပြင်းကိုပဲ ဆွဲဆွဲငင်ငင် ချလိုက်မိသည်။ ကိုယ်ကိုယ်တိုင် မခံချိမခံသာ ခံစားနေရသည့် ခံစားမှုကို ဒီကောင်တွေ အပြည့်အဝ နားလည်မပေးနိုင်ပေမယ့်လည်း လောလောဆယ် သူတို့ပြောနေသော စကားများကတော့ သဘာဝကျနေပြန်သည်။

ထို့ကြောင့် ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ ခေါင်း





ထက်မှဆံပင်တွေကြားထဲ လက်ချောင်းများထိုးသွင်းကာ သပ်တင်လိုက်ရင်း . . .

"အေးပါကွာ၊ ငါ အတတ်နိုင်ဆုံး စိတ်လျှော့လိုက်ပါ့မယ်၊ ကျောင်းဝင်းထဲမှာ သွားရင်းလာရင်း လိုက်ကြည့်တာကလွဲရင် အသဲအသန် လိုက်မရှာတော့ပါဘူး"

"ကောင်းတယ် အာကာ၊ ငါဖတ်ဖူးတဲ့ စကားပုံတစ်ခုလိုပေါ့၊ မိန်းကလေးဆိုတာ လိုက်ရင်ပြေးပြီး ပြေးရင်တော့ ပြန်လိုက်တယ်တဲ့၊ ရန်ကုန်မြို့နဲ့စာရင် ငါတို့ကျောင်းက ကျဉ်းကျဉ်းလေးပါကွာ၊ မင်းမဆုံချင်ရင်တောင် ပြန်တွေ့ဦးမယ်လို့ ငါယုံတယ်"

အေးပါကွာဟူ၍ပင် အာကာပြန်မပြောဖြစ်တော့။ ဆေးလိပ်ကို ဖွာရှိုက်ကာ မီးခိုးငွေ့များကို မှုတ်ထုတ်လိုက်ရင်း အဖြူရင့်ရောင် အငွေ့များကြားမှ ကောင်းကင်လွင်ပြင်ဆီသို့ ငေးရီနေမိသည်။ တိမ်ဖြူတိမ်ကွဲများဖြင့် တို့ဆရက်ဖောက်ထားသည့် ကောင်းကင်သည် အထီးကျန်စွာ ခမ်းနားနေ၏။ အာကာသလေစီးကြောင့်လည်း တိမ်အုပ်တစ်ချို့က မျောကာလွင့်ကာ . . .။

မည်မျှကြာအောင် ကြည့်ငေးနေမိသည် မသိ။ နာမည်ခေါ်သံကြားမှပဲ ပစ္စုပ္ပန်ဆီ စိတ်အလျင်က ပြန်ခုန်ဆင်းလာသည်။

"အာကာ . . . အာကာ . . ."

ခေါ်လိုက်သူက သူရနှင့် နိုင်ဝင်းတို့နှစ်ယောက်ထဲမှ တစ်ယောက်မဟုတ်ချေ။ မရင်းနှီးသော်လည်း မစိမ်းသည့် ကျောင်းသားတစ်ဦးရောက်လာပြီး အသံပြုခြင်းဖြစ်သည်။

အာကာက ထိုကျောင်းသားဘက် မျက်နှာမူလိုက်ပြီး . . .

"ဟေ . . . ဘာကိစ္စရှိလို့လဲကွ"

ထိုကျောင်းသားကလည်း အာကာမျက်နှာကိုပဲ စူးစိုက်ကာ-



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဓာတုက ကိုမင်းထက်အောင် ပြောခိုင်းလိုက်လို့ကွ၊ မင်းစုံစမ်းခိုင်းထားတဲ့ ကိစ္စအတွက် သူ့ဆီလာခဲ့ပါတဲ့"

"ဟင် . . ."

အာကာတို့ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် အလျင်စလို ကြည့်လိုက်မိကြလေသည်။

* * * *



(၁၃)

ထိုင်သာထိုင်နေရသည်။ စိတ်ထဲမှာ သိပ်ဂဏှာငြိမ်လှသည်တော့ မဟုတ်ချေ။ ဆေးလိပ်ကိုပဲ တစ်လိပ်ပြီးတစ်လိပ် မဲကာဖွာရင်း ရောက်ရောက်ချင်း မင်းထက်အောင်ပြောခဲ့သည့် စကားတွေကို ပြန်ကြားယောင်နေမိသည်။

"မင်း စုံစမ်းပေးပါဆိုလို့ ငါလည်း နီးစပ်ရာတွေမှာ စုံစမ်းတာပဲကွာ၊ ဒါပေမယ့် ငါတို့ဓာတုကတော့ ဘယ်ရိုးယားမှာမှ မိုးဆွေဆိုတဲ့ နာမည်နဲ့ ကျောင်းသူမရှိဘူး"

ကင်တင်းသို့ရောက်၍ ဖင်ထိုင်ရုံပင် ရှိသေးသည်။ မင်းထက်အောင်စကားကြောင့် အမောဆို့ချင်သွား၏။ သို့သော် ဆက်ပြောလာသည်က . . .

"ဒါပေမယ့် ဒီလထဲမှာပဲ ငါတို့ကဗျာစာအုပ်စုထုတ်ဖို့ အစီအစဉ်က ဖြစ်လာတယ်ကွ၊ အဲဒီမှာ မေဂျာအသီးသီးက ဝါသနာပါတဲ့ ကဗျာစာမူတွေ စုလိုက်တော့ မိုးဆွေဆိုတဲ့ တစ်ယောက်ပါလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်ကနဲ ပျော်သွားသော်လည်း တစ်စုံတစ်ခုကို သတိရ လိုက်မိ၍ အီလည်လည် ဖြစ်သွားရသည်။ ချက်ချင်းပဲ ပြန်ပြောလိုက် မိ၏။

"ဟာ . . . ကဗျာရေးတဲ့ မိုးဆွေဆိုတာနဲ့ တွေ့ပြီးပြီဗျ ကလောင်နာမည်က မိုးဆွေ (တဖောင်းကြီးကုန်း) တဲ့လေ၊ အဲဒါ ယောက်ျားကြီးဗျ၊ ပြီးတော့ လိပ်ခေါင်းဖြစ်နေသေးတယ် ဆိုလားပဲ"

မင်းထက်အောင်က ခေါင်းကို ချာလပတ်ရမ်းအောင် ခါ လိုက်ရင်း . . .

"ဟာ . . . ဘယ်ကလာ၊ မိုးဆွေဆိုတာ ဘူမိစက္ကန်းရိုးယား က ကောင်မလေးပါ၊ ပုံစံက . . ."

ထိုသို့ အစချီကာ မိုးဆွေ၏ပုံစံကို ကဗျာဆရာပီပီ တဖွဲ့ တနွဲ့ ပြောပြလာသေးသည်။ အာကာလည်း မင်းထက်အောင်ပြော ပြသော မိုးဆွေ၏ပုံသဏ္ဍာန်ကို လိုက်ပုံဖော်ရင်းက လက်ဖျောက်တီး လိုက်ကာ . . .

"ဟုတ်ပြီဗျာ၊ အဲဒီအတိုင်းဆိုရင်တော့ ကျွန်တော်တွေ့ချင် တဲ့ မိုးဆွေဆိုတာ သေချာလောက်တယ်၊ ဒီတော့ . . ."

မင်းထက်အောင်က လက်ကိုကာပြထားရင်း . . .

"ခဏလေး . . . ခဏလေး . . . အဲဒီကောင်မလေးနဲ့ ငါနဲ့ ခင်တာတောင် သုံးပတ်လောက်ပဲ ရှိသေးတာကွ၊ အဲဒါနဲ့ မနေ့ကမှ အရဲစွန့်ပြီး ပြောဖြစ်တာ၊ ညီမလေးကို အသည်းအသန် လိုက်ရှာနေ တဲ့ ကိုယ့်ညီတစ်ယောက်ရှိတယ်လို့လေ၊ သူက ပြန်မေးတယ်၊ ဘာကိစ္စ ကြောင့်လဲတဲ့၊ ငါလည်း အဲဒါတော့ မသိဘူးလို့၊ ဒါပေမယ့် မင်းကို ဟော့ဟော့ရမ်းရမ်း မဟုတ်ဘူးလို့ တစ်ခါတည်း ပြောလိုက် တယ်"





"အဲဒီတော့ . . ."

"ဘာကိစ္စမှန်း မသိပေမယ့်၊ ဘာကြောင့်ရှာနေလဲဆိုတာ သူသိချင်လို့၊ ဒီနေ့ လက်ခံတွေ့ပါ့မယ်လို့ ပြောတယ်၊ အဲဒါကြောင့် မင်းကို ခေါ်လိုက်တာ"

"ဒါ . . ဒါဆို သူ . . သူက ဒီကိုလာမှာပေါ့ . . ဟုတ်လား"

နိုင်ဝင်းက ဖြတ်မေးလိုက်ခြင်း ဖြစ်သည်။ မင်းထက်အောင် က နိုင်ဝင်းကို စွေကြည့်လိုက်ပြီး . . .

"အဲဒီလိုတော့ လာပြီးကြိုစောင့်နေမလားကွ၊ မင်းလာရင် သူ့ကိုလာခေါ်ပါတဲ့၊ ကဲ . . . အာကာ . . . မင်းဒီကပဲ စောင့်နေ၊ ငါသွားခေါ်ပေးမယ်"

ပြောရင်း လှည့်ထွက်မည်ပြုပြီးမှ ပြန်လှည့်လာကာ . . .

"ဩော် . . . အာကာ၊ တစ်ခုတော့ မှာထားရဦးမယ်၊ ငါ မျက်နှာပျက်အောင်တော့ မလုပ်နဲ့နော်"

"အေးပါဗျာ၊ ကိုမင်းထက်အောင်ကလည်း . . ."

မင်းထက်အောင် စိတ်ချလက်ချ ထွက်သွားသော်လည်း သူ့ရက စိတ်ပူပန်ဖြင့် . . .

"ဟေ့ကောင် . . မင်းက မိုးဆွေနဲ့တွေ့ရင် ကောပြီး တောင်း ပန်းခိုင်းမှာဆို၊ ခု ကိုမင်းထက်အောင်က သေသေချာချာ မှာသွားတာ ကွ၊ ဘယ်လိုလုပ်မလဲ"

အာကာက မျက်မှောင်ကြုတ်ကာ စဉ်းစားရင်း . . .

"ငါသိပါတယ်၊ ငါရော ကိုမင်းထက်ပါ အဆင်ပြေမယ့်နည်း ကို စဉ်းစားနေပါတယ်ကွ၊ ခဏလေး"

နှစ်ကောင်စလုံး ငြိမ်သွားကြသည်။ အထက်က ဆိုခဲ့သလို ဆေးလိပ်တွေဖွာပြီး အကြံထုတ်နေမိသော်လည်း အကောင်းဆုံးအဖြေ



www.burmeseclassic.com

www.burmeseclassic.com



ကို မရသေး။ မိုးဆွေကလည်း တကယ်ရောက်လာတော့မည်။ ထို့ကြောင့် ပို၍ဂဏာမငြိမ်ဖြစ်နေရခြင်း ဖြစ်၏။

စီးကရက်တိုကို မီးသတ်ရန် မြေကြီးပေါ်ပစ်ချလိုက်ပြီး ဖိနပ်နှင့် ဖိနင်းရန် ပြင်လိုက်စဉ်မှာပဲ . . .

"ဟင် . . ."

ခြေဖမိုးဖြူဖြူလေးတစ်စုံကို ခေါင်းအငုံ့မှာ တွေ့လိုက်ရခြင်း ဖြစ်သည်။ ထိုအချိန်မှာ ထွက်ပေါ်လာသည့် စကားသံလေးကလည်း ရှတတ . . .။

"ရှင်က ကျွန်မကို ဘာကိစ္စကြောင့် လိုက်ရှာနေတာလဲ"

"ကိစ္စကတော့ ပုဆွန်ထုပ်ကစတဲ့ ကိစ္စပဲ"

ပြောရင်း အာကာမော့ကြည့်လိုက်သည်။ အံ့ဩစိတ်က ငယ်ထိပ်တက်ကပ်ကာ ဟာကနဲပင် ဖြစ်သွားရ၏။ လက်ညှိုးထိုးကာ ပြန်မေးလိုက်မိသည်။

"ဟင် . . . ခင် . . . ခင်ဗျားက ဘယ် . . . ဘယ်သူလဲ"

ထိုကောင်မလေးကပဲ မျက်ခုံးနှစ်ဖက်စုကာ ပြန်ကြည့်ရင်း-

"ကျွန်မက မိုးဆွေပဲ၊ ရှင်ကကော ဘယ်သူလဲ၊ ကိုမင်းထက် လုပ်ပါဦး၊ ပုဆွန်ထုပ်ကိစ္စတဲ့"

အမေးခံလိုက်ရသည့် မင်းထက်အောင်လည်း ဘာမှပြန်မဖြေနိုင်ဘဲ အာကာကို ပြူးကာ ပြန်ကြည့်လာသည်။

ထိုအခါမှ အာကာလည်း သတိဝင်လာပြီး . . .

"ဟာ . . . ဆောရီး . . . ဆောရီးဗျာ၊ ကိုမင်းထက် . . . နာမည်ကတော့ ဟုတ်တယ်၊ ဒါပေမယ့် လူ . . . လူမှားနေတာဗျ"

အာကာစကားအဆုံးမှာ မိုးဆွေက ဘေးမှသူ့သူငယ်ချင်းမကို မျက်ခုံးပင့်ပြမိသည်။ ဘာတွေလဲ . . . ပေါ့။





မင်းထက်အောင်က ခုမှသဘောပေါက်သွားသလို အားနာဟန်ဖြင့် မိုးဆွေတို့ကိုကြည့်လျက် . . .

"အားနာလိုက်တာ မိုးဆွေရယ်"

"ရပါတယ် . . . ကိစ္စမရှိပါဘူး၊ လူမှားတာဆိုရင်လည်း ကျွန်မကို ပြန်ခွင့်ပြုပါဦး"

မင်းထက်အောင်က ပျာပျာသလဲ လက်ကာပြရင်း . . .

"အာ . . . မဟုတ်တာ၊ ရောက်လက်စနဲ့ ထိုင်ပါဦး၊ တစ်ခုခု သောက်ပြီးမှ ပြန်ပါ"

"ဩော် . . . ဟုတ်ကဲ့"

ရှိန်နေဟန်မရှိဘဲ မိုးဆွေတို့က သက်တောင့်သက်သာပင် ဝင်ထိုင်ကြသည်။

အားလုံးကို ဝေ့ကြည့်လိုက်ပြီးမှ မင်းထက်အောင်ကပဲ ဦးဆောင်ကာ . . .

"ကဲ . . . ခုလိုဆုံတုန်း တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ်၊ သူက အာကာတဲ့၊ ဟိုဘက်က နိုင်ဝင်းနဲ့ သူရ . . ."

မိုးဆွေက အသိအမှတ်ပြုဟန်နှင့် ခေါင်းညိတ်ပြလျက် . .

"ဟုတ်ကဲ့ . . . ကျွန်မက မေမိုးဆွေပါ၊ ဒါက ကျွန်မသူငယ်ချင်း ရတနာ . . ."

"တွေ့ရတာ ဝမ်းသာပါတယ် မမေမိုးဆွေ၊ ခုနက အနှောက်အယှက်ပေးမိသလို ဖြစ်သွားတာ စိတ်မကောင်းပါဘူး"

အာကာက သွက်သွက်လက်လက် စကားဆိုလိုက်သည်။

မေမိုးဆွေက မပွင့်တပွင့်ပြုံးရင်း . . .

"ရပါတယ်၊ နာမည်တူမရှား လူတူမရှားပဲလေ၊ ကျွန်မနားလည်တတ်ပါတယ် ကိုအာကာ . . ."



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးနှစ်ဖက်ကိုပင့်ရင်း အာကာက . . .

"ဩော် . . . မမေမိုးဆွေ၊ ကျွန်တော်တို့က ခုသိသွားပြီပဲ၊ အာကာလို့ပဲ ခေါ်ပါလား"

မေမိုးဆွေနှင့်တွေ့မှ တော်ကီတွေ စွတ်ခြွေနေသည့် အာကာကို နိုင်ဝင်းနှင့် သူရတို့ပင် မရှုစိမ့်ဖြစ်လာရသည်။ ခုချိန်ထိ နှစ်ကောင်စလုံး စကားတစ်ခွန်းမှ ဝင်မဟရသေး။ ဒင်းကပဲ ရေပက်မဝင်သလို ပြောနေသည်။

ခုလည်း အာကာ့စကားအဆုံးမှာ မေမိုးဆွေက . . .

"ဟုတ်ကဲ့ . . . ကျွန်မက ကဗျာရေးရင်သာ မိုးဆွေဆိုတဲ့ နာမည်နဲ့ ရေးတာပါ၊ သူငယ်ချင်းတွေကတော့ မေမိုးလို့ပဲ ခေါ်တာ၊ အာကာလည်း အဲဒီလိုပဲ ခေါ်ပေါ့"

"ဟုတ် . . . ဟုတ်ကဲ့ . . . မ . . . အဲ . . . မေမိုး"

အာကာဖြစ်သွားပုံကိုကြည့်ကာ မေမိုးက ပွင့်လင်းဟန်လေးနှင့် ရယ်တော့သည်။

ထိုအချိန်မှာပဲ စကားပြောရန် အခွင့်အရေးစောင့်နေသော နိုင်ဝင်းက . . .

"မေမိုး . . . သူငယ်ချင်းတွေဖြစ်သွားတာ ကျွန်တော်တို့လည်း ပါပါတယ်နော်"

"ဩော် . . . ပါတာပေါ့ရှင်၊ ကဲ . . . ခွင့်ပြုပါဦး၊ နောက်လမ်းမှာတွေ့လည်း ခေါ်ပေါ့ . . ."

သူရက ငြိမ်နေသော ရတနာဘက်လှည့်လိုက်ကာ . . .

"ဒါနဲ့ ရတနာတို့မေဂျာဘက် လာလည်လို့ ရလားဟင်"

ရတနာလည်း ခုမှအိပ်မက်နိုးလာသူလို ဖြစ်သွားရပြီး . . .

"ရှင် . . . ဟုတ် . . . ဟုတ်ကဲ့၊ လာလည်လို့ ရပါတယ်"





"လာမှရှောင်မနေနဲ့နော် . . . အဟီး"

ပြောင်စပ်စပ်ဖြစ်သွားသော သူရကို ရတနာက မျက်စောင်းထိုးလိုက်ရင်း . . .

"ခဏခဏတော့ မလာနဲ့ပေါ့၊ ကျွန်မတို့က ခဏခဏ ဧည့်မခံနိုင်ဘူးရှင့်"

"ဟုတ်ပါပြီဗျာ၊ တစ်ပတ်မှာ ငါးရက်လောက်ပဲ လာမှာပါ"

ခွေးမသား သူရ။ တွေ့တာဖြင့် မကြာသေး။ နှာဘူးက ထနေပြန်ပြီ။

ခဏနေတော့ မေမိုးနှင့် ရတနာတို့လည်း နှုတ်ဆက်ပြီး ပြန်သွားကြ၏။

ထိုအခါမှ သူရက ပြီတီတီရုပ်နှင့် . . .

"ကိုမင်းထက် . . . ကျေးဇူးပဲဗျာ၊ အဟီး . . . ဘူမိဘက်တော့ ချောင်းပေါက်ရချည်သေးရဲ့ . . ."

"အေး . . . သွား . . . သွား . . . မင်းကိုလည်း ဟိုကကော်ရစ်တာမှာ စီထားတဲ့ ကျောက်တုံးနဲ့ ထုလိမ့်မယ်"

နိုင်ဝင်းက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ မင်းထက်အောင်တတော့ ရယ်ကျဲကျဲသာ လုပ်နေ၏။

အပြန်ကျတော့ လမ်းမှာ သူရက မေးလာသည်။

"ဟေ့ကောင် . . . အာကာ၊ မင်း မေမိုးကို ဘယ်လိုမြင်လဲ"

"မိန်းကလေးလို့ပဲ မြင်တာပေါ့ကွ"

ဘုတောလိုက်သဖြင့် သူရမျက်နှာကြီး အီးမှန်သလို ဖြစ်သွားရပြီး . . .

"အာ . . . မဟုတ်ဘူးလေ၊ မေမိုးက ပွင့်ပွင့်လင်းလင်းသွက်သွက်လက်လက်နဲ့ ပြီးတော့ ချစ်စရာလေးလို့ မမြင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်လို့ မေးတာလဲ"

"ဩော် . . . မင်းစိတ်ဝင်စားရင် ငါနဲ့ ဘူမိဘက်သွားဖို့ အဖော်ရတာပေါ့ကွာ"

အရေးထဲ အဖော်လာစပ်နေသေးသည်။ အာကာက သူရကို မျက်မှောင်ကြုတ်ကာ ကြည့်ရင်း . . .

"ဘာလဲ . . . မင်းက ရတနာကို စိတ်ဝင်စားသွားပြီပေါ့ ဒီလိုလား"

သူရက ဟီးကနဲ ရှက်ရယ်ရယ်လျက် . . .

"ဟုတ်တယ်ကွ၊ မင်းကော မထင်ဘူးလား"

"ဘာကိုထင်ရမှာလဲ . . ."

"ဒီလိုကွာ၊ ဘုရားသခင်က ရည်းစားမရှိသေးတဲ့ မင်းအတွက် ကောင်မလေးတစ်ယောက် လက်ဆောင်ပေးလာတယ်လို့လေ"

ထိုစကားကြောင့် အာကာစိတ်ထဲ တွေကနဲ ဖြစ်သွားရသည်။ ချက်ချင်းပဲ အတွေးထဲမှာ တစ်ခါစီမျှသာ တွေ့ဖူးသော မေမိုးနှင့် မိုးဆွေတို့၏ မျက်နှာလေးတွေကို တစ်လှည့်စီပြန်မြင်ရင်း ရင်ထဲမှာ ဆတ်ကနဲ လှုပ်ရှားသွားရသည်။

ထိုလှုပ်ရှားမှုကို ရင်ခုန်ခြင်းဟု ယိုးစွပ်ရမည်လား။

ရင်ခုန်ခြင်းဆိုလျှင်ကော ထိုရင်ခုန်သံသည် မိုးဆွေကြောင့်လား။ ဒါမှမဟုတ် မေမိုးကြောင့်လား။

မရေရာမှုများစွာဖြင့် ဝေခွဲမရစွာ အာကာခေါင်းပဲအသာ ခါရမ်းမိလိုက်တော့သည်။

ထိုသို့ဆိုလျှင်တော့ . . .

* * * *



(၁၄)

"လိုက်ခဲ့ပါကွာ၊ မင်းတို့ကလည်း ခဏလေးပဲဟာကို"

မနက်ကျောင်းကိုရောက်ကတည်းက ဒီစကားကိုပဲ သူရ တွင်တွင်ပြောနေသည်။ ကြာတော့ နိုင်ဝင်းရော အာကာပါ စိတ်ရှည်နိုင်တော့။

"မင်းကွာ၊ မနေ့တနေ့ကမှ တွေ့တာကို စိတ်လေးဘာလေး လည်း ထိန်းပါဦးကွ"

စိတ်ရှုပ်လာဟန်ဖြင့် နိုင်ဝင်းက ပြောလိုက်သည်။ ဒါသည် ကိုပင် သူရက . . .

"မနေ့တနေ့တွေ့ထားလို့ သွားချင်တာပေါ့ကွာ၊ ကြာမှသွား ဖို့မမှတ်မိရင် ဘယ်လိုလုပ်မလဲ"

"ဘယ်လိုမှမလုပ်နဲ့ မင်းကို မမှတ်မိလည်း ကောင်းတာပေါ့"

အာကာကပါ ဘုဝင်ပြောလိုက်သည်။ သူရက ရှုံ့သိုး ကြည့်ဖြင့် အာကာဘက်လှည့်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အာကာ၊ မင်းကိစ္စတုန်းကတော့ ငါမညည်း မပြောဘဲ လိုက်ပေးခဲ့တာနော်၊ ခု . . ငါ့အလှည့်ကျမှ ရှောင်ဖို့မစဉ်းစား နဲ့ . . ."

"ဟ . . . ငါ့အလှည့်တုန်းက မင်းလို ဘူးကျမည့်အစီအစဉ် မဟုတ်ဘူးလေ၊ ပြီးတော့ အဲဒီအချိန်တုန်းက မင်းတို့စားသမျှ ငါရှင်း ရတာ . . ."

"အေး . . . ခုလည်း မင်းတို့စားသမျှ ငါရှင်းမယ်ကွာ၊ လိုက် ခဲ့စမ်းပါ"

မျက်နှာငယ်လေးလုပ်ကာ သူရက ပြောလာပြန်သည်။ နိုင်ဝင်းက ခေါင်းခါလျက် . . .

"မလိုက်ဘူးကွာ၊ မင်းကျွေးတာလည်း မစားဘူး"

သူရမျက်နှာ သုန်မှုန်သွားသည်။ ဆတ်ကနဲ အာကာဘက် လှည့်လာပြီး . . .

"အာကာ . . . မင်းနဲ့ငါနဲ့တော့ ဒွဲပြောရတော့မယ်၊ မင်း ကိစ္စတုန်းက ငါကူညီခဲ့တယ်၊ ခု ငါ့ကိစ္စကို ကူညီမလား . . . မကူညီ ဘူးလား"

ခေါင်းကိုသာ တဗျင်းဗျင်း ကုတ်မိတော့သည်။ မကူညီလျှင် တော့ ဘယ်အချိန်အထိထိုင်ကာ စကားနာထိုးနေမည်မသိ။ ထို့ကြောင့် လေပူကြီးကိုပဲ မသက်မသာ မှုတ်ထုတ်လိုက်ရင်း . . .

"ဟူး . . . တော်ပါတော့ကွာ၊ ငါပဲ လိုက်ခဲ့ပေးပါ့မယ်"

သူရမျက်နှာကြီး ဝင်းပြောင်သွားသည်။ ချက်ချင်းပင် ထိုင် နေရာမှ ထရပ်လိုက်ပြီး . . .

"ဒါဆိုလည်း ခုသွားမယ်လေ"

လေးလေးကန်ကန်ပင် အာကာထရပ်ရင်း ညည်းငြူလိုက်





သည်။

"လိုက်သာလိုက်ခဲ့ရမှာ၊ မျက်နှာတော့ ပူတယ်ကွ"

"အောင်မာ . . ဘာဖြစ်လဲ၊ ယောက်ျားလေးက မိန်းကလေး ဆီကို သွားတဲ့ဥစ္စာ၊ ဘယ်မိန်းကလေးမှ ယောက်ျားလေးဆီကို မလာ ဘူးကွ"

"ကဲပါ . . . ကိုယ်တော်ရယ်၊ ရှေ့ကပဲ ကြွပါတော့"

"အာကာရေ၊ မင်းကတော့ မင်းဝဋ်နဲ့ မင်းခံဦးဟ"

နှစ်ယောက်သား ထွက်လာချိန်မှာ နိုင်ဝင်းက စပ်ဖြီးဖြီးနှင့် လှမ်းရိလိုက်သေးသည်။ အာကာက လှည့်ကာ အသံတိတ်ဆဲရေး လိုက်သော်လည်း သူရကတော့ မကြားချင်ဟန်ဆောင်ကာ မြှောက် ကြွမြှောက်ကြွနှင့် ဆက်လျှောက်နေသည်။

ဘွမိအတန်းတွေနားရောက်တော့ သူရက အနားကပ်လာ ပြီး . . .

"လာသာလာရတယ်၊ ခြေဖျားလက်ဖျားတွေတော့ အေးချင် ချင်ကွ"

"ဒါဆိုလည်း ပြန်မယ်လေ"

"ဟာ . . . အဲဒီလိုလည်း မဟုတ်သေးဘူးလေကွာ"

ထိုသို့ရပ်ကာ အချေအတင် ပြောနေကြစဉ်မှာပဲ တိုက်တိုက် ဆိုင်ဆိုင်ပင် . . .

"အာကာတို့ပါလား၊ ဘာလာလုပ်ကြတာလဲ"

ကော်ရစ်တာအကွေ့တစ်ခုမှ ချိုးဝင်လာသော မေမိုးတို့က လှမ်းမြင်၍ နှုတ်ဆက်လိုက်ခြင်း ဖြစ်သည်။ ရုတ်တရက် အာကာ လည်း ပြောမိပြောရာ ပြောချလိုက်၏။

"ဩော် . . . ဟိုလေ . . . ကိုမင်းထက်ဆီလာတာဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ကိုမင်းထက်ဆီလာရအောင် ဒါက ခါတုန်း မဟုတ်ဘဲ"

မချိုမချဉ်ပုံစံလေးဖြင့် ရတနာက ဝင်ပြောခြင်းဖြစ်သည်။ မကြာခင်မှာ မဟားဒယား အဘူးခံရမည်ကို ဒင်းမရိပ်မိသေး။

အာကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ သူရက မဟာဖြတ်ထိုးဉာဏ်ကြီးဖြင့် . . .

"ဟုတ်ပါတယ် ရတနာရဲ့၊ ကိုမင်းထက်က ဘူမိဘက် သွား တယ်ဆိုလို့ပါ"

ထိုအခါမှ မေမိုးက စဉ်းစားဟန်လေးဖြင့် . . .

"အင်း . . . မနေ့ကတော့ ကဗျာစာအုပ်ကိစ္စနဲ့ ဒီဘက်ကို လာမယ်လို့တော့ ပြောတာပဲ၊ ခုထိတော့ မတွေ့မိသေးဘူး"

တော်ပါသေးရဲ့ဟုတွေးကာ သက်ပြင်းခိုးချလိုက်မိသည်။ ထိုအချိန်မှာပဲ သူရက သွက်လက်စွာ . . .

"ဒါဆိုလည်း လာမယ်ထင်တာပဲ၊ ကဲပါ . . . ရောက်တုန်း ရောက်ခိုက် တိုက်တိုက်ဆိုင်ဆိုင်ဆိုတော့ . . . အဟဲ . . . ရတနာ ပြောဖူးတယ်လေ၊ လာလည်ရင် ဧည့်ခံမှာဆို . . ."

ရတနာက မျက်စောင်းထိုးရင်း . . .

"ဟုတ်ပါတယ်၊ ဒါပေမယ့် သူရတို့က ခုကျွန်မတို့ဆီ တကူး တက လာလည်တာမှ မဟုတ်တာ၊ ဘာလို့ဧည့်ခံရမှာလဲ"

"ကဲပါ . . . ရတနာရယ်၊ ပြောမနေပါနဲ့တော့"

မေမိုးက အားနာဟန်ဖြင့် ဝင်ပြောသည်။ အတော်လေး စကားသွက်နေသော သူရကပဲ . . .

"ဟုတ်ပါတယ်ဗျာ၊ တကူးတက လာလည်တာ မဟုတ်ဘူးပဲ ထားလိုက်ပါ၊ ဒီတော့ အိမ်ရှင်တွေကို ဧည့်သည်ကပဲ ပြန်ဧည့်ခံပါ့





မယ်၊ ကင်တင်းကို သွားရအောင်"

"ဒါဆိုရင်တော့ လက်ခံပေးရမှာပေါ့ . . . ဟင်း ဟင်း"

ရတနာစကားအဆုံးမှာတော့ တိုင်ပင်စရာမလိုဘဲ ဘူမိ တင်တင်းဆီသို့ ထွက်လာခဲ့ကြသည်။

ကင်တင်းသို့ရောက်တော့ ထိုင်ထိုင်ချင်းပဲ သူရက ရတနာ ကို ရွှန်းရွှန်းစားစားကြည့်ကာ . . .

"ကဲ . . . ရတနာ၊ ဘာစားမှာလဲ . . . ဘာသောက်မှာလဲ၊ အပူလား . . . အအေးလား၊ ဒါမှမဟုတ် ပေါင်မုန့်ထောပတ်သုတ် . . . အဲ . . . ဒါမှမကြိုက်ရင် နန်းကြီးသုတ်၊ ထမင်းသုတ်၊ လက်ဖက် ထမင်း ကြိုက်တာမှာ၊ ကျွန်တော် ဒကာခံပါ့မယ်"

စကားကို ရေပက်မဝင်ပြောကာ သူရစေတနာတွေက ရေ စီးကမ်းပြိုပြနေသည်။ ပေါ်တင်ကြီးဆိုတော့လည်း ရတနာရှက်သွား ပုံရသည်။ ဟန်လုပ်ကာ မျက်နှာလေးကိုတည်ရင်း . . .

"သူရက စားစရာတွေကို အကုန်အလွတ်ရတယ်နော်၊ အရင်တုန်းက စားပွဲထိုးလုပ်ဖူးတယ်နဲ့ တူတယ်"

"ဦးလေးဆိုင်မှာလေ . . . အာ . . . ရတနာကလည်း မနောက်ပါနဲ့၊ ကျွန်တော်က စားစေချင်လို့ပါ"

"ဒါဆိုလည်း ဒါနမြောက်အောင် အကုန်စားပေးရတာပေါ့"

"ရပါတယ်ဗျာ၊ ရတနာကြိုက်တာစားပါ"

မျက်နှာလေးညှိုးကာ ပြောလိုက်သော သူရကိုကြည့်ကာ ရတနာ အားနာသွားပုံရသည်။ အရေးထဲ သူရက ဇာတ်နာဟန်ဖြင့် ဆေးလိပ်ကို မီးညှိကာ ဖိဖွာနေ၏။

ရတနာက . . .

"ဆောရီးနော် . . . သူရ၊ ကျွန်မက ခင်လို့နောက်တာပါ၊



www.burmeseclassic.com

www.burmeseclassic.com



အအေးပဲသောက်မယ်၊ ဟင် . . မီးခိုးငွေ့တွေကလည်း မွန်လိုက်တာ"

ပြောရင်း သူရဆေးလိပ်မှ လွင့်ပျံလာသော မီးခိုးငွေ့တွေကို လက်ဖြင့်ခါလိုက်သည်။ သူရက ထိုအခွင့်အရေးကို လက်လွှတ်မခံဘဲ ဆေးလိပ်အရှည်ကြီးကို ပြာခွက်ထဲသို့ ချက်ချင်းထိုးချေချလိုက်ရင်း-

"ဟာ . . . ဆောရီး . . . ဆောရီး . . . ရတနာမကြိုက်လို့လား၊ ကျွန်တော်လည်း မကောင်းမှန်းသိပါတယ်၊ ဒီဆေးလိပ်ကို ဖြတ်မယ် . . . ဖြတ်မယ်နဲ့ဗျာ"

သူ့ကိုယ်သူ ယူကြုံးမရဟန်ဖြင့် သူရက ပြောနေသေးသည်။ တရားကျဖို့တောင် ကောင်းတယ်ဟု အာကာ မညှာမတာ တွေးမိ၏။

ရတနာကလည်း သူရ၏ဇာတ်နာမှုကို မရိပ်မိစွာ . . .

"ဟယ် . . . အဲဒီလောက်လည်း မဟုတ်ပါဘူး၊ သောက်လို့ရပါတယ်၊ ကိုယ့်စိတ်နဲ့ ကိုယ်ပဲ၊ ဒါပေမယ့် ဆေးလိပ်က ဆိုးကျိုးတွေပဲ ပေးတာလေ၊ ဘာကောင်းတာ ရှိလို့လဲ"

နှစ်ယောက်စလုံးကတော့ စကားအချီအချဖြင့် ဟုတ်နေကြသည်။ ထိုအချိန်မှာပဲ မေမိုးက . . .

"ကဲ . . ကဲ . . . ရတနာ၊ နင်တို့ရဲ့ နှစ်သိမ့်ဆွေးနွေး ပညာပေးအစီအစဉ်က ပြီးပြီလား၊ ဒီမှာ ငါတို့ ဘာမှမမှာရသေးဘူး"

"ဟုတ်ပ့ါ . . . ရောက်ကတည်းက သူတို့နှစ်ယောက်ချည်းပဲ ပြောနေတာ"

အာကာလည်း မြင်ပြင်းကတ်စွာ ဝင်ပြောလိုက်သည်။ ထိုအခါ နှစ်ယောက်စလုံး ရှက်အမ်းပြီး ငြိမ်သွားကြ၏။ အာကာနှင့် မေမိုးတို့လည်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။

တစ်ယောက်နှင့်တစ်ယောက် ရှိန်သွားကြသော သူရနှင့် ရတနာကိုကြည့်ကာ အာကာစိတ်ကူးတစ်ခုရသွားသည်။





ချက်ချင်းပဲ မေမိုးကို ကြည့်လိုက်ရင်း . . .

"ဩော် . . . မေမိုး၊ မေမိုးက ကဗျာရေးတယ်ဆိုတော့ မေမိုးဗျာပါတဲ့ စာအုပ်တစ်အုပ်လောက် လက်ဆောင်ပေးပါလား၊ အမှတ်တရပေ့ါ"

မေမိုး ဆတ်ကနဲ လှုပ်ရှားသွားပြီး . . .

"အင်း . . . ပေးမယ်လေ၊ အယ် . . . ခုတော့ ပါမလာဘူး"

"ဘာလဲ . . . အိမ်ကို လိုက်ယူရမှာလား၊ ပြောလေ . . . လိုက်ယူမှာပေ့ါ"

"အာကာကလည်း ကျွန်မတို့က အဆောင်မှာနေတာပါ၊ အဲ . . . ခဏလေး၊ အတန်းထဲက သူငယ်ချင်းတစ်ယောက်ဆီမှာ ကဗျာစာအုပ်ရှိလောက်တယ်၊ သွားယူပေးမယ်လေ၊ ရတနာ ခဏလေးနေ၊ ငါ အာကာကို စာအုပ်သွားယူပေးလိုက်ဦးမယ်"

"အေး . . . သွားလေ . . . "

ခေါင်းမော့ရင်း ရတနာက မပွင့်တပွင့် ဆိုလာသည်။ ထိုအချိန်မှာပဲ အာကာက ထရပ်လိုက်ပြီး . . .

"မေမိုးသွားမယ်ဆို ကျွန်တော်လည်း လိုက်ခဲ့မယ်လေ၊ ထိုင်နေရတာ ပျင်းတယ်ဗျ၊ ပြီးတော့ . . . "

အာကာစကားအသွားအလာကို ခေတ်မိန်းကလေးပီပီ မေမိုးနားလည်ပုံပေါ်သည်။ ချက်ချင်းပဲ ပြန်ကြည့်လာပြီး . . .

"ကောင်းသားပဲ၊ ကျွန်မလည်း အဖော်ရတာပေ့ါ"

နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ လမ်းမှာ မေမိုးက စကားဆိုလာ၏။

"ခုနက အာကာပြောတာကို ကျွန်မသဘောပေါက်ပါတယ်၊ သူရနဲ့ ရတနာကို လွတ်လွတ်လပ်လပ် စကားပြောစေချင်တာမလား၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် . . . ”

“ဒါပေမယ့်ဆိုတာ ဘာဖြစ်လို့လဲ မေမိုး”

မေမိုးက သက်ပြင်းဖွဖွချသည်။ ပြီးမှ . . .

“ကျွန်မဆိုလိုချင်တာကလေ ရတနာက ကျွန်မသူငယ်ချင်း အရင်းကြီးပါ၊ ပြီးတော့ သူက ဒီကိစ္စ . . . အဲ . . . ရည်းစားတွေ ဘာတွေ တစ်ခါမှ ထားဖူးတာမဟုတ်ဘူး၊ သူ့ရဘက်က အတည် မဟုတ်ဘဲ . . . ”

စကားမဆုံးခင်မှာဘဲ အာကာက လက်ကာပြလိုက်ရင်း-

“ဟိုးထား . . . ဟိုးထား . . . မေမိုး၊ သူ့ရကလည်း ကျွန်တော့်ရဲ့ငယ်ပေါင်းကြီးဖော်တွေပါ၊ ဒီကောင်လည်း တစ်ခါမှ ရည်းစားထားဖူးတာ မဟုတ်ဘူး၊ ပြီးတော့ ရတနာကို သူတကယ်စိတ်ဝင်စားတာပါ၊ ဒီနေ့တောင် ရတနာနဲ့တွေ့ချင်လို့ တမင်လာတာ၊ မမျှော်လင့်ဘဲ ဆုံလိုက်တော့ ကိုမင်းထက်ဆီလာတာ ဘာညာနဲ့ ဖြစ်သွားတာ”

“ဪ . . . ဒီလိုလား”

ပြောရင်း မေမိုးက မပွင့်တပွင့်ရယ်သည်။ တခံ့စေ့အခွဲချွတ်ထားတာနှင့်တူသော မေမိုး၏ သွားဖြူဖြူလေးတွေကိုကြည့်ကာ အာကာ အသဲယားသွားရ၏။

စူးစိုက်ကာ ပြန်ကြည့်လိုက်ရင်း . . .

“ဒါနဲ့ မေးရဦးမယ်၊ ရတနာက ရည်စားတစ်ခါမှမထားဖူးဘူးဆိုတော့ မေမိုးကကော . . . ”

“အာ . . . ဒုက္ခပါပဲ၊ ဘာတွေမေးမှန်း မသိပါဘူး၊ ဘာလို့ ထားရမှာလဲ”

မျက်နှာလေးနီရွေးရင်း မေမိုးက ပြန်ပြောလာသည်။ အာကာက အထွန့်တက်လိုက်ပြန်၏။





“ဪ . . . သိပြီ . . . သိပြီ၊ မေမိုးကို ကြိုက်တဲ့လူ မရှိဘူးဆိုပါတော့ . . . ဒီလိုလား”

ဒါမျိုးကတော့လည်း မေမိုးက တင်းသွားပုံရသည်။ မျက်စောင်းကို ဒိုင်းကနဲ ထိုးလာပြီး . . .

“အောင်မာ . . . ဘာလို့မရှိရမှာလဲ၊ ကျွန်မက စိတ်မဝင်စားလို့ပါနော်၊ ခါချနေရတယ်”

“ဘာလဲ . . . ပုရွက်ဆိတ်တွေလား”

“အာကာ . . . လာမစနဲ့ကွာ၊ စိတ်ဆိုးမှာနော်”

“ခင်လို့နောက်တာပါဗျာ၊ မေမိုးက ဒီလောက်ချောတာ ဝိုင်းဝိုင်းလည်နေမယ်မှန်း ကျွန်တော်သိပါတယ်”

မေမိုးမျက်နှာပေါ် နှင်းဆီနီနီတွေ ကခုန်သွားကြပြန်သည်။ အာကာကိုပင် မကြည့်တော့ဘဲ မျက်နှာလွှဲသွား၏။

မေမိုးကိုကြည့်ကာ ဘာကြောင့်မှန်းမသိ၊ အာကာရင်တွေ ခုန်လာသလို ခံစားလာရသည်။ သို့သော်လည်း ထိုခံစားမှုကို ဖြေရှင်းရန် စကားက ရှာမရ။

ထိုအချိန်မှာပဲ အခန်းရှေ့ရောက်လာ၍ . . .

“အာကာ . . . ခဏလေး၊ ကျွန်မ စာအုပ်သွားယူလိုက်ဦးမယ်”

“အင်း . . . ကျွန်တော် ဒီကပဲ စောင့်နေမယ်လေ”

အပြန်လမ်းမှာတော့ စကားမဆိုဖြစ်ကြဘဲ နှစ်ယောက်သား ဆိတ်ဆိတ်နေကြသည်။ အာကာဘာပြောရမှန်း မသိသလို သွက်သက်လှသော မေမိုးကလည်း ခုမှတုံ့ဏီဘာဝေလုပ်နေသည်။

ဘူမိကင်တင်းရောက်တော့ သူရတို့ထိုင်နေခဲ့သည့် စားပွဲကို လှမ်းအကြည့် . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . ."

"ဟယ် . . ."

* * * *



(၁၅)

ထိုအချိန်မှာပဲ နိုင်ဝင်းတစ်ယောက် စာကြည့်တိုက်သို့သွားကာ နိုင်ငံတကာမှ ထူးခြားမှုခင်းများဆိုသည့် စာအုပ်ကိုငှားပြီး ပြန်ထွက်လာပါသည်။ မြန်မာ့အရေးပင်မကဘဲ ကမ္ဘာ့အရေးပါ သူ့အရေးဟု မှတ်ယူထားသော သူ့ကိုယ်သူလည်း ငါ့နာမည် နိုင်ငံတကာနိုင်ဝင်းလို့ ပြောင်းလိုက်ရင်ကောင်းမလားဟူ၍ မတန်မရာ စိတ်ကူးယဉ်လာမိ၏။

ထိုအတွေးလေးနှင့် စာကြည့်တိုက်ထဲမှအထွက် . . .

"ဘုတ်!"

"အင့် . . ."

"အာ့ . . ."

လူတစ်ယောက်နှင့် ဝင်တိုက်မိခြင်း ဖြစ်သည်။ တိုက်မိသူကို ကြည့်လိုက်တော့လည်း သေးသေးကွေးကွေးမဟုတ်။ ဖောက်တီးမကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဒင်းကပဲ တပြန်ကြီး ပြောလာသေး၏။

"ဒီမှာ . . . ရှင်လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

နိုင်ဝင်းလည်း ထောင်းကနဲ ဒေါသထွက်သွားရပြီး . . .

"မမြင်လို့ပေါ့ဗျ၊ ပြီးတော့ ခင်ဗျား ခန္ဓာကိုယ်ကြီးကလည်း သေးသေးကွေးကွေးမှ မဟုတ်တာကိုး"

"အောင်မာ . . . ကိုယ့်ဟာကိုယ် ကြီးတာ ရှင့်အပူလား"

"မဟုတ်ပါဘူး . . . ခင်ဗျားခန္ဓာကိုယ်က ကြီးလွန်းလို့ မရှောင်နိုင်ဘဲ ဝင်တိုက်မိတာလို့ ပြောချင်တာပါ၊ မကျေနပ်ရင် ပြန်ဝင်တိုက်လေ . . ."

ပြောရင်း နိုင်ဝင်းက သူ့ခန္ဓာကိုယ်လေးကို အားတင်းတောင့်ထားသလို ဟန်ပါပါ ရပ်နေလိုက်သည်။

ဖက်တီးမက ဒေါသအမျက်ချောင်းချောင်း ထွက်လာဟန်ဖြင့် . . .

"ရှင်နော် . . . မမိုက်ရိုင်းနဲ့"

"မရိုင်းပါဘူး၊ ဟမ္ဗူရာဘီ ကိုဥပဒေလိုပေါ့၊ လာလေ . . . လာထား"

"ရှင် . . . ရှင်"

ဒေါသက အထွတ်အထိပ် ရောက်သွားဟန်တူသည်။ စိန်ခေါ်မှုကို မငြင်းသလို ဖက်တီးမက ရှေ့တိုးလာသည်။

ထိုအချိန်မှာပဲ ဘေးမှကောင်မလေးတစ်ယောက်က ဖမ်းဆွဲလိုက်ရင်း . . .

"လာပါ ချောချောရယ်၊ ဘာမဟုတ်တာနဲ့ စကားများမနေပါနဲ့"

"နေစမ်းပါဦး မိုးဆွေရယ်၊ ငါ ဒီကောင်နဲ့ ရှင်းလိုက်ပါဦးမယ်"





မိုးဆွေဆိုသော အသံကြောင့် နိုင်ဝင်းစိတ်ထဲ ဒိတ်ကနဲဖြစ်သွားရသည်။ ချက်ချင်းပင် ပြူးတူးပြဲတဲ ပြန်ကြည့်လိုက်ကာ . . .

"ခင် . . . ခင်ဗျားက မိုးဆွေဆိုတာလား"

"ဟုတ်တယ် . . . ဘာဖြစ်လဲ"

ချောချောက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ နိုင်ဝင်းမျက်နှာ ဝင်းဝင်းတောက်သွားရပြီး . . .

"ဟုတ်ပြီဗျာ၊ ဒါနဲ့ ခင်ဗျားတို့က ဘယ်သွားမလို့လဲ"

"စာကြည့်တိုက်ကို လာတာလေ၊ အဲဒါကြောင့် ရှင်နဲ့တိုက်မိတာပေါ့"

နိုင်ဝင်း၏မျက်နှာက ချက်ချင်းအရောင်ပြောင်းသွားသည်။ ချက်ချင်းပင် ပျာပျာသလဲဟန်ဖြင့် . . .

"သွားပါဗျာ . . . သွားပါ၊ ခုနက ဝင်တိုက်မိတာ ဆောရီးပါပဲ၊ အဟဲ . . . တောင်းပန်တယ်နော်"

ရှုံးသလို၊ ပေါ်သလိုပြောကာ နိုင်ဝင်းထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ အာကာဆီသွားမှ ဖြစ်မယ်ဟု တွေးလာခဲ့၏။

အမူအရာပြောင်းကာ ထွက်သွားသော နိုင်ဝင်းကိုကြည့်ပြီး မိုးဆွေနှင့် ချောချောတို့ မင်သက်နေကြသေးသည်။ ပြီးမှတွေးမိကာ မိုးဆွေစိတ်ထဲ ဒိတ်ကနဲ ဖြစ်သွားရပြီး . . .

"ချောချော . . . ဒီကောင့်ပုံစံကြည့်ရတာ မဟုတ်သေးဘူးဟ၊ တစ်ခုခုတော့ တစ်ခုခုပဲ"

"အေး . . . ချက်ချင်းကြီး အမူအရာ ပြောင်းသွားတယ်ဆိုတော့ ကြည့်ရတာတစ်မျိုးပဲ"

ထိုအချိန်မှာပဲ နိုင်ဝင်းတစ်ယောက် မာရသွန်ခြေလှမ်းများဖြင့် အာကာရှိမည်ထင်သော ဘူမိဘက်သို့ ခြေကုန်သုတ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘူမိကင်တင်းဝင်ကာ အရင်ငေ့ကြည့်လိုက်သေး၏။ ကံကောင်းသည်ဟုပဲ ဆိုရမည်လား။ အာကာနှင့် မေမိုးတို့ကို စားပွဲတစ်နေရာမှာ တွေ့လိုက်ရလေသည်။

အမောတကော ပြေးသွားလိုက်ရင်း . . .

"တော်သေးတာပေါ့ကွာ၊ မင်းကို တွေ့မှတွေ့ပါ့မလားလို့"

"ဘာဖြစ်လာတာလဲ နိုင်ဝင်းရာ၊ ရေးကြီးသုတ်ပြာနဲ့"

နိုင်ဝင်းက ပတ်ဝန်းကျင်ကို ကျိုးတိုးကျားတားကြည့်ပြီး . . .

"ဒါ . . . ဒါနဲ့ ဟိုကောင် သူရကော . . ."

အာကာ ခေါင်းကိုသာ ကုတ်မိတော့သည်။

"မသိပါဘူးကွာ၊ ငါနဲ့ မေမိုးတို့ ပြန်လာတော့ သူရနဲ့ ရတနာတို့ကို မတွေ့တော့ဘူးကွ၊ ဒါနဲ့ ဒီမှာထိုင်စောင့်နေတာ"

"ကဲ . . . ထားလိုက်တော့ ငါ မင်းကိုလိုက်ရှာနေတာက ဟို . . . မိုးဆွေဆိုတဲ့ ကောင်မလေးနဲ့ တွေ့ခဲ့လို့ကွ"

"ဟေ . . ."

အာကာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရသည်။ နိုင်ဝင်းကို ပြန်ကြည့်လိုက်ရင်း . . .

"သေ . . . သေကော သေချာလို့လားကွာ"

"အဲဒါတော့ ငါလည်း ဘယ်သိမလဲ၊ နာမည်ပဲ ကြားဖူးတာလေ၊ ခုတော့ ငါနဲ့ဝင်တိုက်မိတဲ့ ဖက်တီးမကြောင့် သိရတာ"

"ဘာ . . . ဖက်တီးမ ဟုတ်လား"

"ဟုတ်တယ် . . . အဲဒီဖက်တီးမ နာမည်က ချောချောတဲ့၊ မိုးဆွေဆိုတာ သူနဲ့အတူပါလာတာ"

"ဘယ်လို . . . ဘယ်လို . . ."

အာကာစိတ်တွေ ယောက်ရက်ခတ်သွားသည်။ မိုးဆွေနှင့်





စဆုံခဲ့ရသည့်နေ့ကို ပြန်စဉ်းစားလိုက်မိပြီး . . .

"ဟုတ်ပြီကွာ၊ အဲဒါ ငါတွေ့ချင်နေတဲ့ မိုးဆွေပဲ၊ ခုဘယ်မှာလဲ"

"လောလောဆယ်တော့ စာကြည့်တိုက်ထဲမှာ ရှိဦးမယ်ထင်တယ်"

"ဒါဆိုလည်း ခုသွားရအောင်"

ပြောရင်း အာကာထရပ်လိုက်သည်။ ပြီးမှ ဘေးမှမေမိုးကို သတိရကာ အားနာသွားမိ၏။

သို့နှင့် မေမိုးကို ပြန်ကြည့်ကာ . . .

"မေမိုး . . . ကျွန်တော် သွားလိုက်ဦးမယ်နော်၊ နောက်မှဆုံတာပေါ့"

မေမိုးက မစို့မပို့လေး ပြုံးပြရင်း . . .

"ရပါတယ်ရှင် . . . သွားပါ . . . သွားပါ၊ ကျွန်မတော့ ဒီကပဲ ရတနာကို ပြန်စောင့်လိုက်ဦးမယ်"

နှစ်ယောက်သား အပြေးတစ်ပိုင်းဖြင့် ထွက်လာခဲ့ကြသည်။ စာကြည့်တိုက်နားရောက်တော့ အာကာက . . .

"ဟေ့ကောင် . . . သေချာပါတယ်နော်"

နိုင်ဝင်းက . . .

"သေချာပါတယ်ကွာ၊ ဒီလောက်နဲ့တော့ သူတို့မပြန်လောက်သေးပါဘူး"

စာကြည့်တိုက်ထဲဝင်ကာ နှစ်ယောက်စလုံး ပြူးပြူးပြဲပြဲ ကြည့်လိုက်မိကြသည်။

"ဟင် . . ."

အာကာအံ့သြသွားရ၏။ မိုးဆွေကို တွေ့လိုက်၍ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ချေ။ တွေ့လိုက်ရသည်က သူရနှင့်ရတနာ။ စာကြည့်တိုက်ထဲလာပြီး ဘာလုပ်နေသည် မသိချေ။

အာကာက ပတ်ဝန်းကျင်ကို ကျိုးတိုးကျားတားကြည့်ကာ အနားသို့သွားလိုက်ပြီး . . .

"ဟေ့ကောင် . . . ဒီမှာ ဘာလာလုပ်နေတာလဲ"

သူရက လန့်သွားဟန်ဖြင့် . . .

"ဟာ . . . ဘာလုပ်ရမှာလဲ၊ စာအုပ်လာငှားတာပေါ့ကွ၊ မင်းတို့ကိုစောင့်ရင်း ရတနာက စာအုပ်ငှားချင်တယ်ဆိုလို့ လိုက်ပို့တာ"

"ဒါနဲ့ ခုနက စာကြည့်တိုက်ထဲမှာ ဖက်တီးမတစ်ယောက်ကို တွေ့မိလား"

သူရက ရတနာကို ကြည့်လိုက်ပြီးမှ ခေါင်းကို ခါလပတ် ရမ်းလျက် . . .

"မတွေ့မိပါဘူးကွာ၊ ဘယ်သူ့ကိုမှ သတိမထားမိပါဘူး၊ ရတနာကိုပဲ . . ."

"သူရ . . ."

ရတနာက မျက်စောင်းထိုးရင်း လှမ်းပြောလိုက်ခြင်း ဖြစ်သည်။ သူရက ဟီးကနဲ ရယ်ပြရင်း . . .

"အဟီး . . . ရတနာငှားမယ့်စာအုပ်ကိုပဲ လိုက်ရှာနေတာ လို့ပြောတာ"

"ကဲ . . . တော်ကြပါတော့၊ မတွေ့ဘူးဆိုလည်း ပြီးတာပဲ၊ သူရ . . . မင်းရတနာကို ပြန်လိုက်ပို့လိုက်ဦး၊ ကင်တင်းမှာ မေမိုး စောင့်နေတယ်ကွ"

"အေးပါ . . . မင်းမပြောလည်း လိုက်ပို့မှာပါ၊ လာ . . .





ရတနာ သွားရအောင်"

သူရက လက်မဆွဲရုံတမယ်ခေါ်ကာ ထွက်သွားလေသည်။ အာကာလည်း စိတ်ရှုပ်ဟန်ဖြင့် နောက်စေ့နားကိုကုတ်ကာ . . .

"နိုင်ဝင်း . . . မင်းပြောတော့ သေချာတယ်ဆို . . ."

"အေးလေ . . . ငါလည်း ရှိဦးမယ်ထင်တာကိုး"

"တောက်! . . . ဒါ သူတို့ကြိုသိနေလို့ ရှောင်ထွက်သွားတာပဲ ဖြစ်ရမယ်"

မကျေမချမ်း ရေရွတ်လိုက်မိသည်။ စာကြည့်တိုက်ထဲမှ ပြန်ထွက်လာသော သူတို့နှစ်ယောက်အား တစ်နေရာမှ စောင့်ကြည့်နေသူများလည်း ရှိပါသေး၏။

ထိုနှစ်ယောက်ကတော့ . . .

"ချောချော . . . ငါမပြောဘူးလား၊ ဒီကောင်က အာကာနဲ့ ပတ်သက်နေတာ သေချာလောက်တယ်လို့"

"အေး . . . တော်သေးတယ်နော်၊ နင် တွေးမိလိုက်လို့၊ မဟုတ်ရင်တော့ တည့်တည့်တိုးမှာ သေချာတယ်"

"ဟင်း . . ဟင်း . . မိုးဆွေပါဟ၊ တစ်ခြားသူမှ မဟုတ်ဘဲ"

"အေးပါ . . . အဲလို အမြဲကံကောင်းနိုင်ပါစေ . . . မိုးဆွေရယ်"

"ပေးတဲ့ဆုနဲ့ ပြည့်စေ . . ."

ပြောရင်း နှစ်ယောက်သား ရယ်လိုက်မိကြလေသည်။ ထိုအဲ့သို့ အမြဲကံကောင်းနိုင်မည်လား ဆိုတာကတော့ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၆)

အိပ်ယာမှနိုးနိုးချင်း မနေ့ကကိစ္စကို ပြန်စဉ်းစားမိကာ စိတ်ထဲတအုံနွေးနွေး ဖြစ်နေမိသည်။ စဉ်းစားလိုက်တိုင်း မနေ့က မိုးဆွေသိ၍ ရှောင်ထွက်သွားသည်ဟုသာ ခံစားမိ၏။ လောလောဆယ်တော့ တစ်ရက်တော့တွေ့ဦးမှာပေါ့ကွာဟု ကျိန်းဝါးနေဖို့ပဲ တတ်နိုင်သေးသည်။

ခုလည်း အိပ်ယာမှထရန် စဉ်းစားမိပြီးမှ ပိတ်ရက်ဆိုတာကို သတိရလိုက်၍ ပြန်နှပ်နေလိုက်၏။ ကြွင်းကျန်နေသေးသော ဆောင်းနှောင်း၏ အအေးဓါတ်အချို့က အိပ်ယာမှ မထချင်အောင် ဖြားယောင်းနိုင်သေးသည်ပဲ။

သို့သော်လည်း ကြာကြာနှပ်ခွင့်မရလိုက်ချေ။ မေမေက အခန်းထဲထိဝင်လာကာ နှိုး၍ဖြစ်သည်။

"သား . . . အာကာ၊ ထတော့လေ"

မျက်လုံးကိုပင် မဖွင့်ဘဲ အာကာက . . .





"ဟာ . . မေမေကလည်းဗျာ၊ ဒီနေ့ ကျောင်းပိတ်ရက်လေ"

"ပိတ်ရက်မို့လို့ ထခိုင်းတာပေါ့။ သားကို မေမေခိုင်းစရာရှိလို့ ထပါသားရယ်"

ပြန်မပြောမနေတော့ဘဲ အာကာ ငုတ်တုတ်ထထိုင်လိုက်ရတော့သည်။ မထလျှင်လည်း မေမေက အခန်းထဲမှမထွက်ဘဲ တဗျစ်တောက်တောက်နှင့် နှိုးနေမှာကို သိ၍ဖြစ်၏။

အောက်ထပ်ရောက်၍ ကိုယ်လက်မျက်နှာသန့်စင်ပြီးချိန်မှာတော့ . . .

"လာသား . . . မနက်စာ တစ်ခါတည်းစားလိုက်၊ ပြီးရင် အန်တီအေးအိမ်ကို ခဏသွားပေးဦး"

"ဗျာ . . . ဘာလုပ်မလို့လဲ"

မေမေက . . .

"အိမ်မှာ ဒီနေ့နန်းကြီးသုတ်တယ်လေ၊ အဲဒါ သားအန်တီအေးကိုပါ စားစေချင်လို့ ပိုလုပ်ထားတာ၊ သားစားပြီးရင် ကားနဲ့သွားပို့ပေး . . . "

လုပ်ပြန်ပြီဟုပဲ အာကာတွေးမိလိုက်၏။ မေမေကတော့ နန်းကြီးသုတ်ကို ချိုင့်ထဲထည့်ကာပင် ပြင်ဆင်ထားလေပြီ။ ထိုချိုင့်ကို ကြည့်ကာ မိုးဆွေကို ဖျတ်ကနဲ သတိရမိ၏။ တစ်ခါကလည်း ခုလိုပဲ အန်တီအေးအိမ်ဆိုပြီး မိုးဆွေတို့အိမ်သို့ ချိုင့်မှားပို့ဖူးသည်ကိုး။ ဒီတစ်ခါတော့ မှားစရာမရှိချေ။

ထို့ကြောင့် ချိုင့်ကိုဆွဲလိုက်ပြီး . . .

"အန်တီအေးတို့ကိုပဲ အရင်သွားပို့မယ် မေမေရာ၊ သားပြန်လာမှစားမယ်"

"သဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကားထုတ်ပြီး အာကာထွက်လာခဲ့သည်။ ခုလို ဘာမှမစားဘဲ စောစောထွက်လာခဲ့သည်ကလည်း အကြောင်းရှိသည်။ စောစောစီးစီးဆိုလျှင် လေ့ကျင့်ခန်းလုပ်နေသော မိုးဆွေကိုများ တွေ့မလားဆိုသည့် အကြံနှင့်ဖြစ်သည်။ ဒင်းမျက်နှာတော်ကို မော်ဖူးချင်လွန်း၍တော့ မဟုတ်။ မပြီးပြတ်သေးသည့် ကိစ္စကို ရှင်းချင်လွန်း၍သာ ဖြစ်သည်။ တွေ့လျှင်တော့ အိမ်မှာ ကျောင်းမှာဆိုပြီး နေရာရွေးနေမည်မဟုတ်။ အပြတ်ကောဖို့ အာကာစဉ်းစားထား၏။

ထိုသို့အတွေးနှင့် မောင်းလာခဲ့သည်မှာပင် မိုးဆွေတို့ လမ်းထိပ်နားရောက်နေပြီ။ လမ်းထဲချိုးပြီး မိုးဆွေတို့ အိမ်ရှေ့ရောက်တော့ ကားကိုအရှိန်လျှော့ကာ ငဲ့စောင်းကြည့်မိ၏။

ပိတ်ထားသည့် ခြံတံခါးအတွင်းမှာလည်း ဘယ်သူ့ကိုမှ မတွေ့ရချေ။ လမ်းထဲချိုးဝင်လာစဉ်မှာလည်း လမ်းလျှောက်နေသောသူ့အဖေ လမ်းလူကြီးဦးမင်းမောင်ကို မတွေ့မိခဲ့။ စိတ်ထဲ မောင်းတင်လာသော်လည်း ဒီနေ့မှ သားအဖနှစ်ယောက်စလုံး ကံကောင်းစွာ ပျောက်ချက်သားကောင်းနေသည်။

သို့နှင့် အန်တီအေးတို့အိမ်သို့ပဲ ဆက်မောင်းလာခဲ့၏။ လမ်း၏တစ်ဖက်ထိပ်မှာရှိသော အန်တီအေး၏အိမ်ဆီသို့ မရောက်ခင်မှာပဲ မြင်လိုက်ရသော ကောင်မလေးတစ်ယောက်၏ နောက်ကျောကြောင့် အာကာမျက်ခုံးမြင့်တက်သွားရသည်။ မကြည့်အပ်သည့်နေရာကို ကြည့်မိလိုက်၍မဟုတ်။ မိုးဆွေဟု ထင်လိုက်မိ၍ ဖြစ်သည်။

ထိုအတွေးနှင့် ကားကို အရှိန်တင်လိုက်ပြီး ကောင်မလေးကို ဖြတ်ကျော်ကာ လှည့်ကြည့်ရင်း . . .

"မိုးဆွေ . . ."

ပါးစပ်မှ နာမည်ကို လွှတ်ကနဲခေါ်ကာ ကြည့်မိလိုက်ခြင်း





ဖြစ်သည်။ ကော်င်မလေးကလည်း ဖျတ်ကနဲ ပြန်ကြည့်လာပြီး . . .

"ဟင် . . . အာကာ . . ."

ထိုအခါမှ ပိုအံ့သြရတော့သည်။ ကောင်မလေးက မိုးဆွေမဟုတ်ဘဲ မေမိုးဖြစ်နေသောကြောင့် ဖြစ်သည်။

မှားပြန်ပြီဟု အာကာစဉ်းစားလိုက်ရင်း ကားရပ်ကာ . . .

"သြော် . . . မေမိုးပါလား၊ ဘယ်သွားမလို့လဲ"

မေမိုးက ကားတံခါးနားကပ်လာပြီး အပြုံးနုနုဖြင့် . . .

"ကျွန်မက ဒီအနားက အဒေါ်အိမ်က ပြန်လာတာ၊ နယ်က ငွေပို့လိုက်တယ်ဆိုလို့၊ ဒါနဲ့ အာကာက ဘယ်သွားမလို့လဲ"

"ကျွန်တော်လည်း ဒီလမ်းထဲက အသိတစ်ယောက်အိမ်လာတာပဲ၊ မေမိုးက ခုပြန်တော့မှာလား"

"ဟုတ်တယ် . . . ဒီဘက်ထိပ်မှာက ကားမှတ်တိုင်နဲ့နီးလို့ လျှောက်လာတာ"

အာကာလည်း စဉ်းစားမနေတော့ဘဲ . . .

"လာလေ . . . ကျွန်တော်လိုက်ပို့ပေးပါ့မယ်၊ ကားပေါ်တက်"

ပြောရင်း တစ်ဖက်က ကားတံခါးကို အတွင်းဘက်မှ ဖွင့်ပေးလိုက်သည်။

မေမိုးက တစ်ချက်ထပ်ပြုံးလိုက်ပြီး . . .

"ဘာလဲ . . . ကားမှတ်တိုင်ကို လိုက်ပို့မလို့လား၊ ရပါတယ် . . . နီးနေပြီပဲ"

"အာ . . . မဟုတ်တာ၊ မေမိုးနေတဲ့ အဆောင်အထိ လိုက်ပို့မှာပါ"

ခေါင်းကို ဖြည်းဖြည်းလေးခါရင်း မေမိုးက . . .

"နေပါစေ . . . ရပါတယ်၊ အဆောင်က ဝေးတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း လိုင်းကားစီးနေကြပါ"

"ဖေဖေဗျာ၊ လိုက်ပို့မယ်ဆိုမှပဲ၊ ဘာလဲ . . . ကျွန်တော့်ကို မခင်လို့လား"

စကားနာထိုးသလို ပြန်ပြောလိုက်သည်။ ထိုအခါမှ မေမိုး က ထပ်ပြောမနေတော့ဘဲ ကားပေါ်တက်လာသည်။ ကားပေါ်ရောက် တော့ တစ်ယောက်နှင့်တစ်ယောက်ပြုံးကာ ကြည့်မိကြ၏။

အာကာက ကားမောင်းထွက်လိုက်ရင်း . . .

"မေမိုး . . . အချိန်ခဏလောက်ရတယ်မလား"

"ဟင် . . . ဘာလုပ်မလို့လဲ"

မေမိုးက ကြောင်တက်တက်နှင့် ပြန်မေးလာသည်။ အာကာ က ဟက်ကနဲ ရယ်လိုက်ပြီး . . .

"ဘာမှမလုပ်ပါဘူး မေမိုးရဲ့၊ ဒီလမ်းထဲက အိမ်တစ်အိမ်မှာ ဒီချိုင့်ဝင်ပေးချင်လို့ပါ"

"ဩော် . . . ဘာများလဲလို့ . . . သွားလေ"

အန်တီအေးတို့ အိမ်ရှေ့ရောက်တော့ အာကာက ကားဟွန်း တီးလိုက်သည်။ ခြံစောင့်က တံခါးလာဖွင့်ပေးသဖြင့် ခြံထဲမောင်းဝင် လိုက်၏။

ကားသံကြားလို့နှင့် တူသည်။ အန်တီအေးကိုယ်တိုင် အိမ် ရှေ့သို့ထွက်လာ၍ . . .

"ဘယ်သူများလဲလို့၊ သားအာကာပါလား၊ ဆိုဘာကိစ္စလဲ"

အာကာက ချိုင့်ကိုဆွဲကာ ကားပေါ်မှဆင်းလိုက်ရင်း . . .

"ဟုတ်ကဲ့ . . . အန်တီအေး၊ ဒီမှာလေ မေမေက နန်းကြီး သုတ်ပို့ခိုင်းလိုက်လို့"

"အေး . . . အေး . . . ကျေးဇူးပါပဲကွယ်၊ လာလေ . . .





သားအိမ်ထဲဝင်ဦး"

အာကာက ကားဘက်ကို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ-

"မဝင်တော့ပါဘူး အန်တီအေး၊ ကားပေါ်မှာ ဧည့်သည် တစ်ယောက်ပါလာလို့"

စကားအဆုံးမှာ အန်တီအေးက ကားထဲသို့ငုံ့ကာ လှမ်း ကြည့်လိုက်သေးသည်။ ထိုင်နေသော မေမိုးကိုမြင်ကာ ဘယ်လို သဘော ပေါက်သွားသည် မသိ။ ပြုံးတုံ့တုံ့နှင့် စကားဆိုလာသည်။

"ဩော် . . . အေး . . အေး . . . မသိပါဘူးကွယ်၊ အန်တီ က သားတစ်ယောက်တည်းလားလို့၊ ကောင်မလေးလည်း ပါလာတာ ကိုး"

အာကာ မျက်နှာပူသွားရသည်။ ရှက်ကိုးရှက်ကန်းဟန်ဖြင့်-

"အန်တီအေးကလည်း သားသူငယ်ချင်းပါ၊ လမ်းမှာတွေ့ တာနဲ့ လိုက်ပို့ပေးမယ်ဆိုပြီး ခေါ်လာတာ . . ."

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီရှင်၊ ကဲ . . . သွားစရာရှိတာ သွားတော့၊ နောက်မှ အန်တီ ချိုင့်ပြန်လာပို့မယ်၊ ဟုတ်ပြီလား"

ကားထဲသို့ ပြန်ဝင်ကာ မောင်းထွက်ခဲ့သည်။ မျက်နှာပူပူ နှင့်ပင် မေမိုးကို ပြောရသေး၏။

"မေမိုး . . . ဆောရီးနော်၊ အန်တီအေးပြောတာကို ဘယ် လိုမှ သဘောမထားပါနဲ့"

မေမိုးက မျက်ခုံးလေးပင့်ကာ . . .

"ဟင် . . . ကျွန်မက အာကာကို ဘာပြောနေလို့လဲ၊ အဲ . . . ဒီအန်တီပြောတာတောင် သေချာမကြားလိုက်ရဘူး၊ ဘာပြော လို့လဲ"

ပြောမှပဲ ပိုဆိုးတော့သည်။ အာကာက ရှုချင်ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လျှက် . . .

"အဟီး . . . ဘာမှမပြောပါဘူး၊ ထားလိုက်တော့"

"အာ . . . ပြောလေကွာ၊ ဘာပြောလဲလို့"

အရေးထဲ မေမိုးက အတင်းလာမေးနေသေးသည်။ အာကာက တစ်ချက်ငဲ့ကြည့်ရင်း . . .

"ဘာမှမပြောပါဘူးဆို၊ ထားလိုက်ပါ"

"မရဘူးကွာ . . . ပြောရမယ်၊ ဘာပြောလဲ . . . ပြော"

"ဒါဆိုလည်း ပြောမယ်ဗျာ၊ အန်တီအေးက မေမိုးကိုကြည့်ပြီး ကျွန်တော့်ကောင်မလေးလို့ ထင်သွားတာ"

"အာ . . . မပြောနဲ့တော့"

"သူ့ပဲ အမျိုးမျိုး . . . "

"အာကာနော်"

နှစ်ယောက်သား ရယ်မိကြပြန်သည်။ အတန်ကြာအောင် နှုတ်ဆိတ်နေပြီးမှ မေမိုးက . . .

"ဩော် . . . အာကာ၊ ခုနက ကျွန်မကိုတွေ့တော့ မိုးဆွေဆိုပြီး ခေါ်လိုက်တယ်နော်၊ အဲဒါက . . . "

အာကာလည်း မျက်နှာပူပူနှင့်ပင် . . .

"ဒါလား . . . ဟိုလေ . . . မိုးဆွေဆိုတဲ့ ကောင်မလေးကလည်း ဒီလမ်းမှာနေတာလေ၊ ကျွန်တော်က မေမိုးကို မိုးဆွေလို့ ထင်လို့"

"သြော . . . လူမှားပြီး အားနားလို့ ကျွန်မကိုလိုက်ပို့မယ်ဆိုပြီး ခေါ်လာတာပေါ့ . . . ဟုတ်လား"

မျက်စောင်းလဲ့လဲ့ထိုးရင်း မေမိုးက ပြောလာသည်။ အာကာက ခေါင်းခါ၍ . . .







"မဟုတ်ပါဘူး၊ ပထမလူမှားသွားတာတော့ ဟုတ်တယ်၊ ဒါပေမယ့် မေမိုးမှန်းသိတော့ တကယ့်စေတနာနဲ့ လိုက်ပို့ချင်စိတ်ဖြစ်သွားတာ"

မျက်နှာလေးတည်သွားရင်း မေမိုးက . . .

"ဒါဆိုလည်း ကျေးဇူးပါပဲ၊ ဒါနဲ့ အဲဒီမိုးဆွေဆိုတာနဲ့ ကျွန်မတာ ဆင်လို့လား"

"အင်း . . . အတော်လေးဆင်တယ်၊ ဘာဖြစ်လို့လဲ"

"မဖြစ်ပါဘူး၊ စိတ်ထဲမှာ ထူးဆန်းနေလို့ပါ၊ ဒါနဲ့ အာကာနဲ့ အဲဒီမိုးဆွေနဲ့က ဘယ်လိုပတ်သက်လို့ လိုက်ရှာနေတာလဲဟင်"

"အဲ . . . အဲဒါက . . . "

စကားကိုဖြတ်ကာ ထားလိုက်ပြီးမှ အာကာက စဉ်းစားမိတန်ဖြင့် . . .

"မေမိုးသိချင်ရင်တော့ ပြောပြမယ်လေ၊ ဩော် . . . ဒါနဲ့ မေမိုးဘာစားပြီးသွားပြီလဲ"

"ဟင့်အင်း . . . အဆောင်ပြန်ရောက်မှစားမလို့၊ ဘာဖြစ်လို့လဲ အာကာ"

"ဩော် . . . ကျွန်တော်လည်း မနက်စာ ဘာမှမစားရသေးဘူးဗျ တစ်ခုခုစားရင်း မေမိုးကို ပြောပြမယ်လေ"

မျက်မှောင်လေးကြုတ်ကာ စဉ်းစားပြီးမှ မေမိုးက . . .

"အင်း . . . ကောင်းသားပဲ၊ ဘယ်မှာစားမှာလဲ"

ထိုအချိန်မှာပဲ ကားက မေမိုးတို့အဆောင်ရှိသော လှည်းတန်းနားသို့ ရောက်လာပြီဖြစ်သည်။

အာကာက . . .

"ဒါဆိုလည်း ဒီနေရာနဲ့နီးတဲ့ ကန်ပေါင်ပဲ သွားရအောင်လေ၊



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး စကားပြောလို့ရတာပေါ့၊ မေမိုးတို့အဆောင်နဲ့လည်း နီးတာပဲ"

"အင်း . . . သဘောပဲ"

သို့နှင့် ကန်ပေါင်သို့ ရောက်လာခဲ့ကြသည်။ မနက်ပိုင်းကြောင့်လား မသိ။ ကန်ပေါင်အနီးမှဆိုင်များတွင် လူသူကျဲပါးနေ၏။ နီးစပ်ရာဆိုင်တစ်ဆိုင်မှာပင် ထိုင်လိုက်ရင်း အာကာက . . .

"ကဲ . . . မေမိုး၊ ဘာစားမလဲ၊ ကြိုက်တာမှာ . . ."

"အာကာ . . . ကြိုက်တာမှာပါ၊ ဒီနေ့ အာကာက ကျွန်မကို လိုက်ပို့တာလေ၊ ကျွန်မကျွေးရမှာပေါ့၊ ပြီးတော့ ဒီနေ့ ကျွန်မက ပိုက်ဆံထုတ်လာတာ"

"ဟုတ်ပါပြီဗျာ၊ ဒါဆိုလည်း သူဌေးမကြီးပဲ ကျွေးပါ"

အာကာစကားကြောင့် မေမိုးက လတ်လတ်ဆတ်ဆတ် မျက်စောင်းကို ထိုးလိုက်ပြီး . . .

"အောင်မာ . . . ဘာသူဌေးမလည်း၊ ကျွန်မတို့က အာကာတို့လို ကားနဲ့ကျောင်းမတက်နိုင်ပါဘူးနော်၊ နေတာတောင် အဆောင်မှာနေတာ"

"ဩော် . . . အထင်ကြီးနေပြန်ပြီ၊ ဒီကားက ဖေဖေ့ကားဗျ သူလည်း ရုံးပိတ်ရက်မို့ ကျွန်တော်ယူလာလို့ရတာ"

"ထားပါတော့၊ ရှင်မှာစရာရှိတာပဲ မှာပါတော့"

နှစ်ယောက်သား ရယ်ဖြစ်ကြပြန်သည်။ စားသောက်စရာတွေ မှာပြီးချိန်မှာတော့ မေမိုးကပဲ . . .

"ကဲ . . . ပြောပါဦး၊ ရှင့်ရဲ့မိုးဆွေအကြောင်း"

"အာ . . . ကျွန်တော့်မိုးဆွေ မဟုတ်ပါဘူးဗျာ၊ သူနဲ့ပတ်သက်ပုံက ဒီလိုဗျ"





ထိုသို့အစချီကာ မိုးဆွေနှင့်ပတ်သက်မှုကို ပြန်ပြောပြရပြန်သည်။ မေမိုးက ငြိမ်သက်စွာ နားထောင်နေပြီးမှ လျော့ရဲရဲပြုံးရင်း-

"ဩော် . . . အဲဒါကြောင့် အာကာက တင်းပြီး လိုက်ရှာနေတာပေါ့ . . . ဟုတ်လား၊ အာကာရယ် . . . ဘာမှမဟုတ်တဲ့ ကိစ္စလေးကိုများ၊ တကယ်ဆို သူ့ဘက်ကိုယ့်ဘက် နှစ်ယောက်စလုံး မှားတာပဲ ဥစ္စာ . . ."

"ဟုတ်ပါတယ်၊ ကျွန်တော့်ဘက်က မှားသလို သူ့ဘက်ကလည်း သူ့အမှားကိုဝန်ခံရင် ကျေနပ်ပါတယ်၊ ခုဟာက ဝန်မခံတဲ့အပြင် နောက်နေ့ကျွန်တော်ချိုင့်ပြန်သွားယူတော့ ဘယ်အိမ်သားတစ်ယောက်မှ အကျိုးအကြောင်း ထွက်မပြောဘူး၊ အဲဒါကို ခံရခက်တာ၊ ပြီးတော့ ကျောင်းမှာ ကျွန်တော်လိုက်ရှာတော့လည်း သူက ရှောင်နေတယ်"

"ဟင် . . . အဲဒါကတော့ သေချာလို့လား"

"သေချာပါတယ်၊ ဟိုနေ့ကပဲ ကြည့်လေ"

နိုင်ဝင်းနှင့် မိုးဆွေတို့ စာကြည့်တိုက်မှာ တွေ့ခဲ့သည့်အကြောင်းကို ပြန်ပြောပြလိုက်သည်။ မေမိုးက တဟင်းဟင်းရယ်လျက် . . .

"အာကာရယ် . . . ကလေးကျနေတာပဲ၊ ဘာမဟုတ်တာလေးကို . . . ထားလိုက်ပါတော့"

"ထားပါတယ်၊ ခုလည်း တကူးတက လိုက်မရှာတော့ပါဘူး၊ ဒီလိုတွေ ဖြစ်ခဲ့တာကိုတောင် ကျွန်တော်က ကျေးဇူးတင်နေတာဗျ"

"ဘာဖြစ်လို့ . . ."

"ဘာဖြစ်ရမှာလဲ၊ အဲဒါကြောင့် ခုလိုမေမိုးနဲ့ သိခွင့်ရတာလေ၊ ကျွန်တော့်အတွက်တော့ အမြတ်ပဲ"

"အာကာကလည်း ပြောတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရှက်တက်တက် ပုံစံလေးဖြင့် မေမိုးက ပြောလာသည်။ ငြိုး စိုက်ကြည့်နေသော အာကာမျက်ဝန်းများကြောင့် မျက်လွှာလေးချ ကာ သွား၏။

အာကာက . . .

"မေမိုး . . ."

"ဟင် . . . ဘာလဲ"

ခေါင်းကလေးမော့ရင်း မေမိုးက မေးလာသည်။ အာကာ က စိတ်လှုပ်ရှားလာသောဟန်ဖြင့် . . .

"ဟိုလေ . . ကျောင်းဖွင့်တဲ့နေ့ကျရင် မေမိုးဆီကိုလာလည် လို့ ရလားဟင်"

"ဩော် . . ဘာများလဲလို့၊ အာကာတို့ လာနေကျပဲ မဟုတ် လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒါက သူရက ရတနာဆီကို သွားချင်တယ်ဆိုလို့ အဖော်လိုက်ပေးတာ"

မေမိုးက ခေါင်းငုံ့ချရင်း . . .

"ဘာပဲဖြစ်ဖြစ် အတူတူပဲ မဟုတ်လား"

"မတူပါဘူး၊ ကျွန်တော်က မေမိုးလို့ နာမည်တပ်ပြီး သီးသန့် လာချင်တာ"

"ကဲပါ . . . ပြန်ကြရအောင်၊ ထိုင်နေတာတောင် အတော် ကြာသွားပြီ"

စကားလမ်းလွှဲလိုက်မှန်း အာကာသဘောပေါက်ပါသည်။ သို့သော်လည်း မေမိုးအနေခက်မှာစိုး၍ ဆက်ပြောမနေတော့ဘဲ ငြိမ် နေလိုက်၏။

ကျသင့်ငွေကိုရှင်းပြီး နှစ်ယောက်သား ထွက်လာခဲ့ကြသည်။





လှည်းတန်းထိပ်ရောက်တော့ မေမိုးက . . .

"အာကာ . . . ရပြီလေ၊ ကျွန်မ ဒီထိပ်ကပဲ ဆင်းလျှောက် သွားလိုက်တော့မယ်"

"ဘာဖြစ်လို့လဲ၊ လိုက်ပို့မှတော့ ရောက်အောင်လိုက်ပို့မှာ ပေါ့"

"ဟို . . . ဟိုလေ . . ."

"ဘာလဲ . . . အဆောင်သိသွားရင် လာလည်မှာစိုးရိမ်လို့ လား"

"အာ . . . မဟုတ်ပါဘူး"

အားနာဟန်လေးဖြင့် ခေါင်းခါရင်း မေမိုးက ပြောလာသည်။

အာကာက ဝင့်ကနဲ ပြုံးလိုက်ရင်း . . .

"ဒါဆိုလည်း လာလည်လို့ ရတယ်လို့ပဲ မှတ်ထားလိုက်မယ် နော်"

မျက်စောင်းပါးပါးလေးက အာကာဆီရောက်လာပြန်သည်။ ထိုမျက်စောင်းလေးမှာတော့ အငြင်းဝါကျများ မပါဝင်ကြောင်းကို သည်း အာကာတိတိကျကျ သိမိလိုက်တာအမှန်ပင် ဖြစ်လေ၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၇)

"ဟေ့ကောင် . . . ကျောင်းပိတ်ရက်တုန်းက မင်းရတနာတို့အဆောင်ရှေ့ထိ ရောက်တယ်ဆို၊ ဘာသွားလုပ်တာလဲ"

ကျောင်းပြန်ဖွင့်ပြီး နောက်တစ်ရက်မှာ သူရက မေးလာခြင်းဖြစ်သည်။ အာကာက ခပ်တည်တည်မျက်နှာပေးဖြင့် . . .

"အေး . . . ရောက်တာတော့ ဟုတ်တယ်၊ ဒါပေမယ့် မင်းရဲ့ရတနာဆီသွားတာတော့ မဟုတ်ဘူး"

သူရက ယောကျ်ားကြီးတန်မဲ့ မျက်စောင်းထိုးရင်း . . .

"အေးပါ . . . မင်းသွားတွေ့လို့လည်း မရပါဘူး၊ ရတနာပြောတော့ မင်းက မေမိုးကို လိုက်ပို့တာဆို၊ အဲဒါက ဘယ်လိုဖြစ်တာလဲ"

သူရစကားကြောင့် နိုင်ဝင်းကပါ မျက်ခုံးပင့်ကြည့်လာသည်။ သူ့စိတ်ထဲ အထူးအဆန်း ဖြစ်သွားပုံရ၏။

အာကာက . . .





"တကူးတကကြီး မဟုတ်ပါဘူးကွာ၊ တိုက်ဆိုင်သွားတာပါ"

ထိုသို့စကားစရင်း ထိုနေ့က မေမိုးနှင့် ဆုံခဲ့ရသည့်အကြောင်းကို ပြန်ပြောပြလိုက်သည်။ ကန်ပေါင်မှာ နှစ်ယောက်တည်း ထိုင်ဖြစ်ခဲ့သည့်အကြောင်းကိုတော့ မပြောပြဖြစ်။ ပြောလျှင် ဒီလဒတွေက စ,နေကြဦးမည်။

အတွေးပင် မဆုံးလိုက်ချေ။ သူရက မျက်နှာကိုမဲ့ကာ ကြည့်လာပြီး . . .

"ပြောရင်တော့ သူ့ဘက်ကပဲ မေမိုးကို လုံးဝစိတ်မဝင်စားသလို ဘာလိုလိုနဲ့၊ ဒါမျိုးကျတော့လည်း သွက်လိုက်တာ၊ ငါတောင် ရတနာတို့အဆောင်ကို မသိဘူး"

"ဩော် . . . တိုက်ဆိုင်သွားတာပါဆို . . ."

သူရ ဘာမှပြန်မပြောလာခင်မှာပဲ နိုင်ဝင်းက . . .

"အာကာ . . . မင်းတကယ်ပဲ မေမိုးကို စိတ်မဝင်စားဘူးလား၊ ကောင်မလေးက မင်းနဲ့လိုက်ပါတယ်ကွာ"

ဘာမှပြန်မပြောနိုင်ဘဲ အာကာတွေဝေသွားရသည်။ လောလောဆယ်တော့ 'အချစ်' ဆိုတာ သူ့အတွက် မလှန်ရသေးသောစာအုပ်တစ်အုပ်လို ဖြစ်နေ၏။ မသိစိတ်ဖြင့် လှန်ကြည့်ချင်သလို သိစိတ်ထဲကလည်း ထိုစာအုပ်ထဲမှ အဆုံးသတ်ကို မဖတ်ရဲဖြစ်နေသည်။

ထို့ကြောင့် သက်ပြင်းဖွဖွချလိုက်ပြီး . . .

"မင်းတို့ပြောတာကို ငါသဘောပေါက်ပါတယ်၊ မေမိုးရဲ့အနေအထားကလည်း ချစ်သူတစ်ယောက်အနေနဲ့ ရွေးချယ်သင့်တဲ့ကောင်မလေးမှန်း ငါသိပါတယ်၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာကို ငါရှင်းရှင်းလင်းလင်း သဘောမပေါက်သေးဘူးကွ"

"အေး . . . ဒါဆိုလည်း ထိုင်ပြီးသာ သဘောပေါက်အောင် စဉ်းစားနေကွာ၊ ငါတို့တော့ သွားတော့မယ်"

"ဟေ . . . မင်းတို့က ဘယ်သွားကြမလို့လဲ"

အာကာစကားအဆုံးမှာပဲ နိုင်ဝင်းနှင့် သူရတို့က ထိုင်နေရာမှ ထရပ်လိုက်ကြသည်။

သူရက အရင် . . .

"ငါက ရတနာတို့ဆီ သွားမယ်ကွာ၊ ဒီကောင်ကတော့ အတန်းသွားတက်မှာ . . ."

"ဟာ . . . ငါလည်း လိုက်မှာပေါ့"

အာကာအပြောကြောင့် နိုင်ဝင်းက . . .

"ဘာလဲ . . . ငါနဲ့ အတန်းလိုက်တက်မလို့လား"

"ဟေ့အေး . . ."

"ဟင် . . . ဒါဆို မင်းက ငါနဲ့လိုက်မှာပေါ့၊ ဒီလိုလား"

သူရအပြောကြောင့် ဟီးကနဲရယ်ကာ . . .

"အဟီး . . . ဟုတ်တယ်"

"အောင်မာ . . . မင်းက ဘာကိစ္စနဲ့ လိုက်မှာလဲ"

စကားအဆုံးမှာတော့ အာကာက တပြန်ကြီး ရှုတင်းတင်ပြန်ကြည့်လျက် . . .

"ဟေ့ကောင် . . . ငါ့ဟာငါ လိုက်ချင်လို့လိုက်မှာ၊ မင်းတို့ကို နှောက်ယှက်ဖို့ လုံးဝမဟုတ်ဘူး"

"ဒါဆို . . ."

"ဟုတ်တယ် . . . ငါသွားမှာက မေမိုးဆီကို . . ."





"ဟေ . . ."

နှစ်ကောင်စလုံး၏ ပါးစပ်များ ပြဲသွားကြစဉ်မှာပဲ အာကာချာကနဲ လှည့်ထွက်ခဲ့သည်။ ပြောမိသော သူရမှာပဲ နောက်ကအပြေးလေး လိုက်ခဲ့ရလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၁၈)

ဘူမိဘက်ရောက်တော့ မေမိုးတို့ထိုင်နေကျ ကင်တင်းဘက် ကို အရင်သွားလိုက်ကြသည်။

သို့သော် . . .

မျှော်လင့်ထားပေမယ့်လည်း မေမိုးတို့ကို ကင်တင်းမှာ မတွေ့ ရချေ။ မလာသေးဘူးဟုထင်ကာ ထိုင်စောင့်နေလိုက်ကြ၏။ စောင့် ရင်းနှင့် ဆယ်မိနစ်လောက်ကြာတော့ သူရမနေနိုင်တော့။ ဖင်တကြွ ကြွလုပ်ကာ တောင်ကြည့်မြောက်ကြည့် ကြည့်ရင်း . . .

"ခါတိုင်းဆိုရင် ဒီအချိန် သူတို့ကင်တင်းထိုင်နေကြကွ၊ ဘာ ဖြစ်လို့လဲ မသိဘူး၊ ငါသွားကြည့်လိုက်ဦးမယ်"

အာကာ ဘာမှပြန်မပြောရခင်မှာပဲ သူရထထွက်သွားလေ တော့၏။ အတန်ကြာသည့်တိုင်အောင် သူရပြန်ပေါ်မလာချေ။

သူရမပေါ်လာပေမယ့်လည်း ရောက်လာသူက မေမိုး . .။ ရောက်ရောက်ချင်းပင် . . .





"ကဲ . . . အာကာ၊ ရှင့်လူ သူရတော့ မရှိတော့ဘူး"

"ဟင် . . . ဆုံးသွားပြီလား"

"အာ . . နောက်ပြန်ပြီ၊ မနက်ကျောင်းကို ရောက်ကတည်း က ရတနာက နေမကောင်းဖြစ်ချင်နေတာ၊ အဲဒါ အဆောင်ပြန်ရင် ကောင်းမလားလို့ စဉ်းစားနေတုန်း သူရက ရောက်လာပြီး အတင်း ပြန်လိုက်ပို့မယ် ဖြစ်ရော"

"အင်းပေါ့လေ . . . ဒီကောင့်အတွက်တော့ ရေငတ်တုန်း ရေတွင်းထဲကျသလို နေမှာပေါ့"

"ပြောတော့မယ် . . ."

မျက်စောင်းလေးထိုးရင်း မေမိုးက ပြောလာသည်။

အာကာက . . .

"ဟုတ်တယ်ဗျာ၊ ဘယ်လိုပဲဖြစ်ဖြစ် သူရနဲ့ ရတနာကို အဆင် ပြေစေချင်လှပြီ"

"ဪ . . . အဲဒါက သူတို့ကိစ္စပါ၊ ကျွန်မကတော့ အဆင် ပြေသွားမယ် ထင်တာပဲ"

"ဒါနဲ့ ရတနာပြန်သွားပြီဆိုတော့ ဒီညနေ မေမိုးတစ်ယောက် တည်း အဆောင်ပြန်ရမှာပေါ့နော်"

"ဟုတ်တယ် . . ."

"ဒါဆိုလည်း ကျွန်တော်လိုက်ပို့မယ်လေ"

ဘာကြောင့် ခုလိုပြောထွက်သွားမှန်း အာကာကိုယ့်ကိုယ်ကို စဉ်းစားမိချေ။ စကားအဆုံးမှာပဲ မေမိုးမျက်နှာလေးက မသိမသာ ညိုသွားပြီး . . .

"အာကာကို အားနာပြီး ငြင်းချင်ပါတယ်၊ ဒါပေမယ့် ငြင်းလို့ လည်း မဖြစ်ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . . ဘယ်လို . . . ဘယ်လို"

"ဟုတ်တယ်၊ အဆောင်ကို ပြန်တဲ့လမ်းထဲမှာ ကျွန်မကို နှောက်ယှက်တဲ့ သူတစ်ယောက်ရှိတယ်၊ ဒီနေ့မှ ရတနာမပါဘူးဆိုရင် ပိုဆိုးမှာလေ၊ အဲဒါကြောင့် အာကာကို လိုက်ပို့ခိုင်းရင် ကောင်းမလားလို့ အားနာနာနဲ့ စဉ်းစားနေတာ"

အာကာက မပွင့်တပွင့် ပြုံးလိုက်ရင်း . . .

"ကဲပါ . . . ဒီကိစ္စက အားနာစရာမှမဟုတ်ဘဲ၊ ဒီအတိုင်းဆိုရင်တောင်မှ ကျွန်တော်က လိုက်ပို့ရမှာလေ၊ ကဲ . . . ကျွန်တော် ပြန်ဦးမယ်၊ ကျောင်းမဆင်းခင် မေမိုးဆီလာခဲ့မယ် . . ဟုတ်ပြီလား"

"အင်း . . ."

မျက်ဝန်းတောက်တောက်ကလေးများဖြင့် ကြည့်ရင်း မေမိုး ခေါင်းညိတ်လာသည်။

သို့နှင့် ကျောင်းဆင်းတော့ မေမိုးကို လိုက်ပို့ပေးလိုက်၏။ ကျောင်းမှအဆောင်နားရှိ ကားမှတ်တိုင်အထိ ဘာမှအဆင်မပြေတာမရှိ။ သို့သော် ကားမှတ်တိုင်မှ အဆောင်ဆီသွားသည့် လမ်းမှာတော့ စိတ်ရှုပ်စရာနှင့် ကြုံရလေသည်။

နှစ်ယောက်သား လမ်းထဲသို့ ယှဉ်တွဲပြီး လျှောက်လာစဉ်မှာပဲ ရှေ့ခါတ်တိုင်တစ်တိုင်စာလောက်အကွာတွင် လူတစ်ယောက် ဘွားကနဲ ပေါ်ပေါက်လာသည်။ အနီးရှိ လက်ဖက်ရည်ဆိုင်မှ ထွက်လာပုံရ၏။

မြင်မြင်ချင်း မေမိုးက အာကာအနီးသို့ မသိမသာ တိုးကပ်လာ၍ . . .

"အာကာ . . . သူ . . . သူပဲ"

"ဟုတ်လား . . . အေးဆေးပါ၊ မေမိုး ဘာမှမစိုးရိမ်နဲ့"





ပြောသာပြောရသည်။ ရှေ့မှ သကောင့်သားနှင့်တော့ တဖြည်းဖြည်း နီးကပ်လာလေပြီ။

ထိုအချိန်မှာပဲ မေမိုးက အာကာလက်မောင်းကို ဖတ်ကနဲ ဖမ်းတွဲလိုက်၍ အာကာကြောင်အမ်းသွားရသည်။ မေမိုးပါးစပ်ကလည်း တီးတိုးသံဖြင့် . . .

"အာကာ . . . ခဏနော်"

ထိုသို့သွားရင်း သိပ်မကြာလိုက်။ မေမိုးအား ဝတ္တရားမပျက်နှောက်ယှက်နေဟန်တူသော သကောင့်သားသည် ရှေ့မှပိတ်ရပ်လိုက်ပြီး . . .

"မေမိုးဆွေ . . . ဒါက ဘာသဘောလဲ"

မေမိုးက မျက်ခုံးအတွန့်ချိုးလျက် . . .

"ဘာသဘောရမှာလဲ၊ ကျွန်မဘာသာ အဆောင်ပြန်လာတာပေါ့"

"ဒါ . . . ဒါဆို သူက . . ."

အာကာဘက် လက်ညှိုးထိုးရင်း မေးလာသေးသည်။ မေမိုးက အာကာလက်မောင်းကို ပို၍ခပ်တင်းတင်း ဆုပ်ကိုင်လိုက်ကာ အသံပြတ်ဖြင့် . . .

"ဒါတော့ ရှင်မြင်တဲ့အတိုင်းပဲလေ၊ လာ . . . ကို၊ မေမိုးတို့ သွားရအောင်၊ အာရုံနှောက်တယ်"

ထိုလူရှေ့မှ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ အဆောင်ရှေ့ရောက်တော့ ကိုင်ထားသောလက်ကို ဆတ်ကနဲ လွှတ်လိုက်ကာ မေမိုးက အားနာဟန်ဖြင့် မကြည့်ရဲကြည့်ရဲကြည့်လျက် . . .

"အာကာ . . . ဘယ် . . ဘယ်လိုမှ မထင်နဲ့နော်၊ အာကာကို အသုံးချတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒီလိုမှမလုပ်ရင် . . ."



www.burmeseclassic.com

အာကာက လက်ကာပြရင်း . . .

"ဟာ . . . ရပါတယ်၊ အားနာမနေပါနဲ့၊ မေမိုး အဆင်ပြေ ရင် ပြီးတာပါပဲ"

"ဒါဆိုလည်း အဆောင်ထဲဝင်တော့မယ်နော်"

"အင်း . . ."

အရှက်သည်းသော မျက်နှာနှင့် မေမိုးအဆောင်ထဲပြေးဝင် သွားသည်။ အပြန်လမ်းမှာတော့ မေမိုးကိုင်တွဲခဲ့သော လက်မောင်းမှ နေရာကလေးကိုပဲ အိပ်မက်မှန်းလာသူလို အာကာပွတ်သတ်ကြည့် ရင်း ရင်ထဲမှာတော့ . . .။

* * * *



(၁၉)

"မိုးဆွေ . . . နင့်ကို အာကာဆိုတဲ့လူ လိုက်ရှာနေတယ် တာ ငါပဲစပြီး သတင်းပေးခဲ့တာနော်"

အတန်းထဲထိလာပြီး နွေးနွေးက ပြောလိုက်ခြင်း ဖြစ်သည်။ ဆွေက ချောချောကို တစ်ချက်ကြည့်လိုက်ပြီးမှ . . .

"ဟုတ်ပါတယ် . . . အဲဒါ ဘာဖြစ်လို့လဲ"

နွေးနွေးက အကဲခတ်သလို ပြန်ကြည့်ရင်း . . .

"ဘာမှတော့ မဖြစ်ပါဘူး၊ နင့်ကို သူလိုက်ရှာတာလည်း ကြောင့်လို့ ငါမသိပါဘူး၊ ဒါပေမယ့် နင့်ကိုစိတ်ဝင်စားလို့ ဆိုပြီး င်ခဲ့တာ"

"ဟမ် . . . ဒါတော့ ငါဘယ်သိမှာလဲဟ"

ရင်ထဲမှာ ဆတ်ကနဲ လှုပ်ခတ်သွားသော်လည်း ခပ်တည် ည်လေး ပြန်ပြောလိုက်၏။ သို့သော် နွေးနွေးကပဲ အတောမသတ် . . .

ကြယ်ပွင့်စာပေ

www.burmeseclassic.com



"ထားပါတော့၊ ငါလည်း ထင်တာကို ပြောတာပါ၊ ဒါပေမယ့် ရှာနေတဲ့ အာကာကို နင်ရှောင်နေတယ်လေ၊ အဲဒီမှာ နင့်စိတ်ထဲ တစ်မျိုး ဖြစ်မလာဘူးလား"

"ဟင် . . . ဘာကိုတစ်မျိုးဖြစ်ရမှာလဲ"

"အာကာ . . . ခုနောက်ပိုင်း နင့်ကို လိုက်မရှာတော့ဘူး ဆိုတာလေ"

"အဲ . . ."

ရေရွှတ်ရင်း မိုးဆွေစိတ်ထဲ တွေကနဲ ဖြစ်သွားရသည်။ ဟုတ်သည်ပဲ။ ခုတလော အာကာ မိုးဆွေဆိုသော ကျောင်းသူကို လိုက်ရှာနေကြောင်း သတင်းတွေ ထပ်မကြားရ။

ဘာဖြစ်လို့လဲ? . . . သူမ စဉ်းစားမရချေ။

ချောချောကို ကြည့်လိုက်တော့လည်း မသိမသာ ခေါင်းညိတ်ပြလာသည်။ နွေးနွေး၏စကားကိုလည်း မဖြစ်နိုင်ဘူးဟု ပြော၍ မရ။ နွေးနွေးသည် ကိုယ့်ထမင်းကိုယ်စားပြီး ထိုကဲ့သို့သတင်းမျိုးကို လိုက်လံစုံစမ်းစုဆောင်း ဖြန့်ချိတတ်သူမှန်း သူတို့သိထား၍ဖြစ်သည်။

ထို့ကြောင့် . . .

"ကဲပါ . . . နင်က ဘယ်လိုထင်လို့လဲ . . . ပြောပါဦး"

နွေးနွေးက ဟန်နှင့်ပန်နှင့် . . .

"ဟင်း . . . ဟင်း . . . ငါလည်း ပြောချင်နေတာဟ၊ အဲဒီ အာကာက ဘူမိက မေမိုးဆွေဆိုတဲ့ ကောင်မလေးနဲ့တွဲနေတာ"

"ဟင် . . ."

"ဟုတ်တယ်၊ နင်နဲ့ နာမည်ချင်းဆင်သလို ရုပ်ချင်းလည်း ခပ်ဆင်ဆင်ပဲ"

"ဘယ်လို . . . ဘယ်လို . . . မေမိုးဆွေ ဟုတ်လား"





"အင်း . . . ငါထင်တာကတော့ဟာ၊ နင့်ကို ချဉ်းကပ်ရတာ စိတ်မရှည်တော့လို့ နောက်တစ်ယောက်နဲ့ အဆင်ပြေသွားတာလို့ ထင်တာပဲ"

"အိုး . . . သူ့ဘာသူ ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ပါဘူး"

မခံချင်စိတ်ဖြင့် မိုးဆွေပြန်ပြောလိုက်မိသည်။ နွေးနွေးက သူပြောလို့ ဝသွားဟန်ဖြင့် . . .

"ထားပါတော့ . . . ငါလည်း စကားကြုံလို့ ပြောတာပါ၊ ကဲ . . . ငါသွားတော့မယ်"

နွေးနွေးပြန်ထွက်သွားပြီး အတန်ကြာသည်အထိ မိုးဆွေ တွေဝေ ငြိမ်သက်နေမိသည်။

ချောချောက . . .

"မိုးဆွေ . . . နင်တစ်ခုခုများ ဖြစ်သွားလား"

ထိုအခါမှ လှုပ်ရှားဆူဝေနေသောစိတ်ကို ပြန်စုစည်းမိသည်။ သက်ပြင်းချကာ ပြန်ကြည့်ရင်း . . .

"ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဟာ၊ သူ . . . ငါ့ကို မတွေ့တွေ့အောင် လိုက်ရှာမှာပဲလို့ ထင်ထားခဲ့တာ၊ ခုတော့ . . ."

စကားကို ဖြတ်ထားပြီးမှ မိုးဆွေက . . .

"နွေးနွေးပြောသွားသလို တစ်ခြားတစ်ယောက်နဲ့ နှိုင်းယှဉ်ခံလိုက်ရတော့လည်း တစ်မျိုးပဲ၊ ဒါပေမယ့် ကောင်းပါတယ်ဟာ၊ ငါလည်း ဆက်ပြီးရှောင်နေစရာ မလိုတော့ဘူးပေါ့"

ချောချောက မိုးဆွေစိတ်ကို နားလည်ဟန်ဖြင့် . . .

"အဲဒါတော့ ဟုတ်ပါတယ်၊ မရှောင်ဘဲနေလို့ တည့်တည့်ကြီး တိုးလာရင်ကော . . ."



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ မိုးဆွေက ခပ်နွမ်းနွမ်းပြုံးရင်း . . .

"ဒါဆိုလည်း မပြီးသေးတဲ့ ကိစ္စအတွက် တစ်ကြိမ်လောက် တောင်းပန်လိုက်ရုံပေါ့ဟာ"

* * * *



(၂၀)

ထိုနေ့သည် ပြက္ခဒိန်ထဲတွင် ပြဿဒါးဟု သတ်မှတ်ထားမှန်း အာကာမသိခဲ့ပါချေ။ ထုံးစံအတိုင်း ကျောင်းသို့ စိတ်လက်ပေါ့ပါးစွာ လာခဲ့သည်။ ကျောင်းရောက်တော့လည်း ထုံးစံအတိုင်း လွတ်လပ်စွာ သွားလာနေခဲ့သည်ပေါ့။

အဲဒီနေ့က ငြိမ်ချက်သားကောင်းနေသည့် သူရကိုကြည့်ကာ နိုင်ဝင်းက မေးသည်။

"မောင်သူရ . . . ဒီနေ့ ဘယ်မှမသွားဘူးလားကွ"

သူရက အာကာကို မသိမသာ စွေကြည့်ရင်း . . .

"မသွားပါဘူးကွာ၊ ရတနာ နေမကောင်းလို့ ကျောင်းမတက်ဘူးကွ၊ အဲဒါကြောင့် မင်းတို့နဲ့ပဲ အချိန်ဖြုန်းမလားလို့"

"နစ်နာနေပါဦးမယ်"

ထိုသို့ပြောရင်း နိုင်ဝင်းက ခပ်တိုးတိုးကျိန်ဆဲသည်။ အာကာ စိတ်ထဲ မေမိုးကို ဖျတ်ကနဲ သတိရမိသွား၏။ မေမိုးဆီသွားရန် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကူးရှိသော်လည်း ဒီကောင်တွေ စမှာစိုး၍ သွားမည့်အကြောင်း မပြောတော့ချေ။

ထိုအချိန်မှာပဲ နိုင်ဝင်းက သတိရဟန်ဖြင့် . . .

"ဩော် . . . အာကာ၊ ဟိုတစ်နေ့ကတောင် သော်ဦးနဲ့ တွေ့တယ်ကွ၊ မင်းကို ချက်(စ်)ထိုးရအောင် လာခဲ့ပါဦးတဲ့"

ပြောမှပဲ သတိရတော့သည်။ သော်ဦးနှင့် စစ်တုရင်မထိုးဖြစ်တာပင် ကြာပြီ။

ထို့ကြောင့် . . .

"အေးကွာ၊ ပျင်းနေတာနဲ့ အတော်ပဲ၊ ဒီကောင့်ဆီသွားဦးမယ်၊ မင်းတို့ကော လိုက်မလား"

"လိုက်မယ်လေ၊ မင်းနိုင်ရင်လည်း ကပ်စားလို့ ရတာပေါ့"

"အေး . . . ရှုံးရင်တော့ မင်းတို့လည်း မျှခံပေါ့ကွာ"

"ဟုတ်ပါပြီ၊ ကဲ . . . သွားရအောင်"

ထိုသို့ဖြင့် သုံးယောက်သား ထွက်လာခဲ့ကြသည်။ သော်ဦးထိုင်တတ်သော ကင်တင်းသို့ အရင်ထွက်လာခဲ့ကြသည်။ သို့သော် စစ်တုရင်ခုံကို လွယ်အိတ်ထဲထည့်ကာ လူတကာနှင့် ပတ်ကစားနေသော သော်ဦးကို မတွေ့ရချေ။ ဒင်းနှင့် ရင်းနှီးသော ကျောင်းသားကို လှမ်းမှာရင်း ထိုကင်တင်းမှာပဲ ထိုင်စောင့်နေလိုက်သည်။

ထိုင်ပြီး သိပ်မကြာခင်မှာပဲ မလှမ်းမကမ်းဝိုင်းဆီမှ စကားသံသဲ့သဲ့ ကြားလိုက်ရခြင်း ဖြစ်သည်။

"ပြောမယ့်သာ ပြောတာပါ၊ မိုးဆွေကလည်း စိတ်ဝင်စားတာ မဟုတ်ပါဘူး၊ သူ့ဘာသာ အတင်းကြီးလိုက်ရှာနေတာဟ၊ နောက်တော့လည်း လက်လျှော့သွားတယ်နဲ့ တူပါတယ်၊ သိရသလောက်တော့ မိုးဆွေနဲ့ နာမည်ရော လူပါဆင်တဲ့ ကောင်မလေးတစ်ယောက်





နဲ့ တွဲနေပြီတဲ့"

"ဟဲ့ . . . ချောချော၊ ဘာတွေပြောနေတာလဲ၊ တော်တော့"

လှမ်းဟန့်သံတစ်ခုနှင့်အတူ ရယ်သံတွေကိုပါ တဆက်တည်း ကြားလိုက်ရသည်။

ပထမတော့ ကိုယ်နဲ့တိုက်ရိုက်သက်ဆိုင်သည်ဟု အာကာ မထင်မိသေး။ ထိုစကားသံများအဆုံးမှာတော့ စိတ်ထဲထောင်းခနဲ ဖြစ်ကာ လှမ်းကြည့်လိုက်မိသည်။

"ဟင် . . ."

အသဲအသန် လိုက်ရှာခဲ့သော မိုးဆွေမှ မိုးဆွေအစစ် . . ။ ဒင်းနှင့်တွဲသော ဖက်တီးမအပြင် အခြားကျောင်းသူများနှင့် တစ်ဝိုင်းတည်းထိုင်နေကြခြင်း ဖြစ်သည်။

အာကာက ဆတ်ကနဲ ထရပ်လိုက်သဖြင့် သူရက . . .

"အာကာ . . . ဒါက ဘယ်လဲ"

"ခဏလေးပါကွာ၊ မပြီးပြတ်သေးတဲ့ ကိစ္စတစ်ခုကို ရှင်းမလို့ပါ"

ခပ်ပြတ်ပြတ်ပြောရင်း အာကာထထွက်လာခဲ့သည်။ မိုးဆွေတို့ဝိုင်းဆီသို့ပဲ တည့်တည့်လျှောက်သွားလိုက်၏။

အနားရောက်တော့ မိုးဆွေမျက်နှာသို့ တည့်တည့်ကြည့်တာ ခံပြင်းဟန်ဖြင့် . . .

"ဒီမှာ မိုးဆွေ၊ မင်းကို ငါလိုက်ရှာနေတာ မှန်ပါတယ်၊ ဒါက လည်း မင်းလုပ်ခဲ့တဲ့ ကိစ္စတစ်ခုကို ဝန်ခံခိုင်းချင်လို့ပါ၊ ဒါပေမယ့် မင်းက ကွယ်ရာမှာ လျှောင်နေတဲ့အပြင် တစ်ဖက်က မိန်းကလေးတွေ ပါ စော်ကားနေသလို ဖြစ်နေတယ်၊ ပြောပါဦး . . . မင်းရဲ့စိတ်ဓါတ်တ ဘယ်လိုအဆင့်အတန်းမျိုးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . . ရှင်နည်းနည်းတော့ မှားနေပြီထင်တယ်"

အံ့ဩရှက်ရွံ့သွားသော ပုံစံမျိုးနှင့် မိုးဆွေက ပြန်ပြောလာသည်။

အာကာက . . .

"ဘာမှမှားစရာမရှိဘူး၊ ပုဇွန်ထုပ်ကိစ္စကတည်းက မင်းရှင်းလို့ရတာပဲ၊ ပြောပါဦး . . . အဲဒါကို ဘာဖြစ်လို့ ရှောင်နေခဲ့တာလဲ၊ ပြန်တောင်းပန်ဖို့ နေနေသာသာ မင်းဘက်က ရှောင်နေတာဆိုတော့ ငါက ဘာလဲ၊ မင်းလုပ်သမျှခံနေရမယ့် အရူးလား၊ ပြောစမ်းပါဦး"

ပေါက်ပေါက်ကွဲကွဲပင် အာကာပြောပစ်လိုက်၏။ မိုးဆွေက ပြန်စူးစိုက်ကြည့်ကာ အံကြိတ်လိုက်သည်။ ပြီး မျက်ဝန်းထဲ၌ မျက်ရည်များ ရစ်ဝိုင်းလာလျက် . . .

"အာကာ . . . ရှင့်ကို ကျွန်မရှောင်နေခဲ့တယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် ရှင်ထင်သလို လုံးဝမဟုတ်ခဲ့ဘူး၊ အဲဒါကိုတော့ ရှင်ယုံချင်ယုံ၊ မယုံချင်နေ . . ."

ခံပြင်းဟန်ဖြင့်ပြောကာ မိုးဆွေက ထွက်သွားသည်။ အာကာ ငိုင်တွေနေစဉ်မှာပဲ လက်မောင်းလာကိုင်သော သူရကိုတွေ့မှ ပြန်သတိဝင်လာ၏။

သူရက . . .

"ဟော့ကောင် . . . တော်တော့ကွာ၊ ဘာမဟုတ်တဲ့ ကိစ္စနဲ့ ကြာရင်ပိုဆိုးလာလိမ့်မယ်၊ ဟိုက မိန်းကလေးလေ၊ မင်းက လူတွေ အများကြီးရှေ့မှာ ပြောလိုက်တော့ သူလည်း ရှက်သွားမှာပေါ့"

"မသိတော့ဘူးကွာ၊ ငါလည်း စိတ်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်တာပဲ၊ တကယ်တမ်းဆိုရင် ခံထားရတာက ငါကွ"

"ဟုတ်ပါပြီ၊ မင်းတို့ကိစ္စကို အေးအေးဆေးဆေး စဉ်းစား





ဆုံးဖြတ်တာပေါ့၊ ခုတော့ ပြန်ကြရအောင်"

သူရခေါ်သည့်နောက်သို့ အာကာပြန်လိုက်လာခဲ့သည်။ ပထမထိုင်နေခဲ့သည့် ဝိုင်းရောက်တော့ နိုင်ဝင်းက . . .

"ကဲ . . . ဘာမှပြောမနေကြနဲ့တော့၊ ပြဿနာဆိုတာ ဒီလိုရှင်းလို့မကောင်းဘူးကွ၊ အေးအေးဆေးဆေး စဉ်းစားတာပေါ့"

ထို့နောက် ပိုက်ဆံရှင်းရန် စားပွဲထိုးလေးအား လှမ်းခေါ်လိုက်သည်။ အနားသို့ရောက်လာသော စားပွဲထိုးလေးက . . .

"အစ်ကိုတို့ စားထားတာတွေကို ခုနကသွားတဲ့ အစ်မလေးတို့ ရှင်းသွားပြီဗျ"

"ဟေ . . ."

သူရကြောင်စီစီဖြင့် ပြန်ရေရွတ်လိုက်မိသည်။ ထိုအချိန်မှာပဲ စားပွဲထိုးလေးက အာကာကိုကြည့်ကာ . . .

"အစ်ကိုတို့ ဘာတွေဖြစ်ကြလဲတော့ မသိဘူး၊ အဲဒီအစ်မလေးက အစ်ကိုနဲ့ စကားအချေအတင် မဖြစ်ခင်မှာပဲ အစ်ကို့ကို စာတစ်စောင်ပေးခိုင်းထားတယ်၊ ကျွန်တော်အလုပ်ရှုပ်နေတာနဲ့ မပေးဖြစ်သေးတာ . . ."

"ဘာ . . . ဘယ်လို . . . ဘယ်လို"

အာကာအလန့်တကြား ရေရွတ်လိုက်ရင်း စားပွဲထိုးလက်ထဲမှ စာရွက်ခေါက်အား ခပ်သွက်သွက် လှမ်းယူလိုက်သည်။ ဖွင့်ကြည့်လိုက်တော့ ခပ်သော့သော့ ရေးထားသည့် မိန်းကလေးလက်ရေးအချို့ကို တွေ့လိုက်ရ၏။

အာကာ . . .

ပုဇွန်ထုပ်ကိစ္စက ခြံနံပါတ်သံချောင်းပြုတ်ပြီး လည်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ မှားသွားတာပါ။ ပြီးတော့ ကျွန်မအမေနာမည်မှာလည်း 'အေး' ဆိုတာပါနေတော့ ကျွန်မလည်း မှားပြီးယူထားလိုက်တာပေါ့။ အဲဒီကိစ္စအတွက် ကျွန်မကပဲ တောင်းပန်ပါတယ်။ အဖေနဲ့ဖြစ်တဲ့ ကိစ္စကိုလည်း နောက်နေ့မှသိရတာလေ။ ဖြစ်ချင်တော့ ရှင့်ဆီက မှားယူထားမိတဲ့ ဟင်းတွေကိုလည်း စားပြီးကြပြီဆိုတော့ မျက်နှာပူပြီး ချိုင့်ကို ထွက်မပေးဖြစ်တာပါ။ တကယ်ဆို ထွက်ပြီး ကိုယ်တိုင်တောင်းပန်သင့်မှန်း နားလည်ပါတယ်။ နောက်ပိုင်းရက်တွေမှာ ရှင် ကျွန်မကို ကျောင်းမှာလိုက်ရှာနေမှန်းလည်း သိပါတယ်။ မျက်နှာပူတာနဲ့ ရှက်တာရောပြီး ရှောင်နေမိတာပါ။ ခုတော့ ရှင့်အပေါ်မှာ တောင်းပန်ဖို့ ကျန်နေတဲ့ အကြွေးကို ဒီစာနဲ့ပဲ တောင်းပန်လိုက်ပါတယ်။ နောက်ထပ်လည်း ရှောင်နေဖို့ အစီအစဉ် မရှိတော့ပါဘူး။ ဒီလောက်ဆိုရင် ရှင်ကျေနပ်မယ်လို့ ထင်ပါတယ်။ ခုလည်း ရှင်တို့စားထားတဲ့ပိုင်းကို ရှင်းထားခဲ့တယ်။ အလျော်ပေးတဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး။ အမှတ်တရပေါ့။

မိုးဆွေပျို

စာဖတ်အပြီးမှာ အာကာငိုင်တွေ သွားရသည်။ အကာ မျက်နှာကိုကြည့်ကာ စာကို ဆတ်ကနဲ ဆွဲယူပြီး သူရနှင့်နိုင်ဝင်းတို့ ခေါင်းချင်းဆိုင်ကာ ဖတ်ကြတော့သည်။

ပြီး သူရက ဝုန်းကနဲ ကြည့်လာကာ . . .

"အာကာ . . . ဒါ . . . ဒါဆို ဒီစာက သူ့ကို မင်းသွားမကောခင်ကပဲ ပေးထားတာပေါ့"

"ကွိုင်ပဲ အာကာရာ၊ မင်း ဒီလောက်စိတ်မမြန်ရင် ဒါတွေ





ဖြစ်လာမှာ မဟုတ်ဘူး။ ခုတော့ မင်းဘက်က သူ့ကို လူကြားထဲမှာ အရှက်ခွဲသလို ဖြစ်သွားပြီကွ"

နိုင်ဝင်းကလည်း မျက်နှာမသာမယာနှင့် ဝင်ပြောလာသည်။ ရုတ်တရက်ပင် အာကာရင်ထဲ၌ အားနာမှုတွေက ပူနွေးပျံ့နှံ့လာလေ၏။ ခေါင်းခါကာ သက်ပြင်းကို လိုက်လိုက်မောမောချရင်း အာကာ စကားဆိုလိုက်မိတော့၏။

"သွားပြီကွာ . . . ငါ . . . ငါ အရမ်းမှားသွားပြီ"

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၁)

အရှက်၊ ဒေါသနှင့် ဝမ်းနည်းမှု၊ နာကျင်မှုတွေက အချိုး
ပေါင်းစပ်ကာ မိုးဆွေတစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်။
ခုနက အာကာ၏စကားမှန်တိုင်းဖြင့် လွင့်စင်ခဲ့ရသလို ထွက်လာ
ရ၏။ အတန်းထဲရောက်သည်အထိ နှုတ်ခမ်းတွေ လှုပ်ရှတုန်ယင်
နေသော်လည်း လည်ချောင်းထဲမှာ တစ်ဆို့တင်းကျပ်ကာ ဘာစကား
တစ်ခွန်းမှ မထွက်လာနိုင်သေးချေ။ ဖြစ်နိုင်လျှင် လောလောဆယ်မှာ
ဒီနေရာက မီးခိုးငွေ့လို လွင့်စင်ပျောက်ကွယ်သွားချင်မိသည်။

နွေးနွေးက မိုးဆွေမျက်နှာကို စိုးရိမ်တကြီး ကြည့်ကာ . . .

"မိုးဆွေ . . . နင်အဲဒီလိုကြီးတော့ မနေနဲ့လေ၊ ရင်ထဲမှာ
ပေါ့သွားအောင် ငိုချလိုက်ပါလား"

မျက်နှာပေါ်မှာ အရိပ်အမျိုးမျိုး ဖြတ်သန်းသွားပြီးမှ မိုးဆွေ
အံကြိတ်လိုက်မိသည်။ ပြီးထွက်လာသော စကားသံကလည်း အေး





တော်ပြတ်သားလျက် . . .

"ငါ . . ယောက်ျားတစ်ယောက်နဲ့ပတ်သက်ပြီး ဘယ်တော့
မှမငိုဘူး နွေးနွေး၊ ခုနက မျက်ရည်ဝိုင်းမိတဲ့ ငါ့မျက်လုံးကိုတောင်
ဖောက်ထုတ်လိုက်ချင်တယ်"

"ငါတို့တောင်းပန်ပါတယ် မိုးဆွေရယ်၊ ငါနဲ့ နွေးနွေးတို့ နင့်
ကို စမိလိုက်လို့ ဒီကိစ္စက ပိုဆိုးသွားတာပါ"

ချောချောကလည်း အားနာဟန်ဖြင့် တောင်းပန်စကားဆို
လာသည်။

ထိုအခါမှ တင်းထားသော စိတ်ကို သက်ပြင်းနှင့်အတူ
လျှော့ချလိုက်ရင်း မိုးဆွေက . . .

"ရပါတယ်ဟာ၊ နင်တို့ကြောင့် ဖြစ်ရတာလို့လည်း ငါမသတ်
မှတ်ပါဘူး၊ ငါ့ဘက်က လိုအပ်ခဲ့တာတွေကြောင့်လည်း ပါပါတယ်"

"ဒါ . . . ဒါဆို နင် အာကာ့အပေါ်မှာ နားလည်ခွင့်လွှတ်
နိုင်တာပေါ့ . . . ဟုတ်လား"

စကားအဆုံးမှာ ပြေလျော့နေသော မိုးဆွေမျက်နှာလေးက
အနည်းငယ် နီမြန်းတင်းမာလာပြန်သည်။

"ငါ လူတွေကြားထဲမှာ ခုလိုအရှက်တကွဲ အပြောခံလိုက်
ရတာကို ဒီအတိုင်းငြိမ်ခံနေမယ်လို့ ထင်လို့လား"

"ဟင် . . . အဲဒါဆိုရင် နင် အာကာကို တစ်ခုခုလက်တုန့်
ပြန်မယ်လို့ ဆိုလိုတာလား"

မိုးဆွေ မဲ့ပြုံးကို အရသာရှိရှိ ပြုံးလိုက်ပြီး . . .

"စောင့်ကြည့်ပေါ့ဟာ၊ ငါ့ဘက်ကတော့ ငါ့ရဲ့အကြွေးအတွက်
တောင်းပန်ပြီးသွားပြီ၊ သူလုပ်ခဲ့တဲ့ ကိစ္စအတွက်တော့ သူကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တာဝန်ယူရလိမ့်မယ်"

မိုးဆွေထံမှထွက်လာသော နားလည်ရခက်လှသည့် စကားသံနှင့် ခန့်မှန်းရခက်လှသော မိုးဆွေ၏မျက်နှာလေးကိုကြည့်ကာ အားလုံးပဲ သက်ပြင်းကို ကိုယ်စီချမိကြလေသည်။

အားလုံး၏အတွေးထဲမှာလည်း အဖြစ်အပျက်တွေက အခန်းဆက်ကာ လာလေဦးမည်ဟု . . .။

* * * *



(၂၂)

"ဘယ်လိုပဲဖြစ်ဖြစ် မိုးဆွေကို ငါသွားတောင်းပန်မယ်ကွာ၊ သူကျေနပ်တဲ့အထိ တောင်းပန်ဖို့ ငါဆုံးဖြတ်ထားတယ်"

နောက်နေ့ ကျောင်းကိုရောက်ရောက်ချင်း ပြောလိုက်သည့် အာကာစကားကြောင့် နိုင်ဝင်းနှင့် သူရတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

သူရက ခေါင်းတစ်ချက် ပြင်းပြင်းညိတ်လိုက်ရင်း . . .

"ဟုတ်တယ် . . . အာကာ၊ ငါလည်း ညက မင်းကိစ္စကို စဉ်းစားကြည့်တော့ အဲဒီအဖြေပဲရတယ်"

"အေးလေ . . . ပြီးတော့ ဒီကိစ္စက တမင်ရည်ရွယ်ပြီး စော်ကားတာမှမဟုတ်ဘဲ၊ ဒါပေမယ့် ကိုယ့်ဘက်က မှားသလိုဖြစ်သွားတော့ မင်းတောင်းပန်သင့်တာ အမှန်ပဲ"

နှစ်ကောင်စလုံး၏ သဘောထားကတော့ အာကာ့အမှုနှင့် တစ်ထပ်တည်း ကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာက သောက်လက်စကော်ဖီကို လက်စသတ်မော့ချလိုက်ပြီး . . .

"ကဲ . . . ဒါဆိုလည်း သွားရအောင်၊ မနေ့က ဆုံခဲ့တဲ့ ကင်တင်းဟာ သူတို့မေဂျာကင်တင်းပဲ ဖြစ်မှာပဲ၊ အဲဒီကတစ်ဆင့် သွားစုံစမ်းရင် တွေ့နိုင်လောက်တယ်"

အလောတကြီးဟန်ဖြင့် အာကာထရပ်လိုက်သည်။ နိုင်ဝင်းက အာကာနည်းတူ ထရပ်လိုက်သော်လည်း သူရက လက်ကာပြရင်း . . .

"ခဏလေး . . . ခဏလေး . . . ငါလည်း မင်းတို့နဲ့အတူလိုက်ခဲ့ချင်ပါတယ်၊ ဒါပေမယ့် ဒီမနက် ငါရတနာနဲ့ ချိန်းထားသေးတယ်ကွ၊ အဲဒီဘက်ကို မင်းတို့အရင်လိုက်ခဲ့ပါလား၊ ပြီးမှ အဲဒီကနေအတူတူ သွားကြတာပေါ့"

အာကာက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကို ခပ်သွက်သွက်ခါလိုက်သည်။ ပြီး . . .

"မလိုက်ချင်ပါဘူး သူရရာ၊ မင်းကိစ္စရှိရင် မင်းဟာမင်းပဲသွားလိုက်လေ၊ ငါ့အတွက်ကတော့ လောလောဆယ် မိုးဆွေကိုရှာပြီး တောင်းပန်ဖို့ထက် ဘာမှအရေးမကြီးဘူး၊ ကဲ . . . သွားပြီ၊ လာ . . . နိုင်ဝင်း"

နိုင်ဝင်းကို တစ်ချက်ကြည့်ကာ အာကာလှည့်ထွက်လိုက်သည်။ နောက်ကလှမ်းပြောလိုက်သော သူရစကားသံကြောင့် ခြေလှမ်းပင် တုန့်ကနဲ ဖြစ်သွားရသေး၏။

"အာကာ . . . ဟိုလေ . . . မေမိုးက မင်းကိုမေးရင် ဘာပြောလိုက်ရမှာလဲ"

အာကာရင်ထဲမှာ ဒိတ်ကနဲ ဖြစ်သွားရပြီး ဆတ်ကနဲ ပြန်





လှည့်ကြည့်လိုက်ကာ . . .

"ဘာမှပြောမနေပါနဲ့ကွာ၊ နောက်လည်း ဆုံဦးမှာပဲ"

ထိုသို့ပြောပြီး အာကာတို့ ထွက်လာခဲ့ကြသည်။ လမ်းမှာ နိုင်ဝင်းက မေးသေး၏။

"အာကာ . . . အဲဒီမေမိုးဆိုတဲ့ ကောင်မလေးကလည်း မင်းကို အတော်ခင်တာဆို၊ မင်းဘက်ကကော . . ."

တွေကနဲ စဉ်းစားရင်းက ရင်ထဲမှာ ခပ်နွေးနွေးလှိုင်းတစ်ခု ဖြတ်သန်းသွားရပြီး အာကာမယုတ်မလွန် ပြန်ပြောလိုက်သည်။

"ဒီလိုပါပဲကွာ၊ ငါ့ဘက်ကလည်း . . . အင်း . . . အဲ"

"သိပြီ . . . မင်းဘက်ကလည်း တစ်ဖန်ပြန်ခင်မိနေတာပေါ့ . . . ဒီလိုလား"

"ဟေ့ကောင် . . ဟေ့ကောင် . . . မင်းစကားအသုံးအနှုန်းကို ပြန်ပြင်လိုက် . . . ပြောပုံကိုက"

အာကာ ခပ်တင်းတင်းပုံစံဖြင့် ပြန်ပြောလိုက်သည်။ နိုင်ဝင်းကကြည့်ကာ သဘောကျသလို တဟားဟား ရယ်တော့သည်။

"ကျီစားတာပါကွာ၊ ငါပြောချင်တာက အဲဒီကောင်မလေးနဲ့ကော ခင်နေတဲ့အဆင့်ပဲလားလို့ သိချင်တာ"

"ဒါပဲပေါ့ကွ၊ ဘာထပ်ဖြစ်ရဦးမှာလဲ"

အာကာ ဘုတောလိုက်၏။ နိုင်ဝင်းက စူးစမ်းသလို ထပ်ကြည့်ရင်း . . .

"သြော် . . . မင်းဘက်က ခင်နေတဲ့အဆင့်ထက် ကျော်ချင်တဲ့စိတ်မျိုးကော မဖြစ်မိဘူးလား"

ရုတ်တရက် အာကာပြန်ပြောဖို့ စကားရှာမရချေ။ မေမိုး၏ ချစ်စဖွယ်မျက်နှာလေးကတော့ အတွေးထဲ ဖျတ်ကနဲ ပေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း ကြာကြာမြင်ယောင်ခွင့်မရလိုက်။ ထိုအချိန်မှာပဲ မိုးဆွေတို့နှင့် ဆုံခဲ့သည့် ကင်တင်းရှေ့သို့ ရောက်လာ၍ဖြစ်သည်။

ကင်တင်းထဲလှမ်းကြည့်တော့ အာကာမျက်ခုံးနှစ်ဖက် မြင့်တက်သွားရပြီး . . .

"ဟာ . . . နိုင်ဝင်း၊ ဟိုမှာ ထိုင်နေကြတာ မိုးဆွေနဲ့တွဲတဲ့ ချောချောဆိုတဲ့ ဖက်တီးမတို့ကွ"

နိုင်ဝင်းကပါ ရောယောင်လှမ်းကြည့် ခေါင်းညိတ်ကာ . . .

"အေး . . . ဟုတ်တယ်ကွ၊ ဟို . . မင်းတွေ့ချင်တဲ့ မိုးဆွေတော့ ဝိုင်းထဲမှာ မရှိဘူးနော်"

နိုင်ဝင်းပြောတာ ဟုတ်နေသော်လည်း အာကာက မျက်မှောင်ကြုတ်ကာ စဉ်းစားလိုက်ပြီး . . .

"အေး . . . ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ ရှိတဲ့သူကိုပဲ မေးကြည့်ရမှာပေါ့၊ တစ်ဖွဲ့တည်းဆိုတော့ သိမှာပဲ"

"သဘောပဲ . . ."

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ပြီးမှ နှစ်ယောက်သား ထိုဝိုင်းသို့ လျှောက်သွားလိုက်ကြသည်။

"ဒီမှာ . . . ဒီမှာဗျ"

ခေါ်သံကြောင့် နွေးနွေးတို့နှင့်ထိုင်နေသော ချောချောက ဆတ်ကနဲ မော့ကြည့်လာသည်။ အာကာကို မြင်လိုက်ရချင်း ပထမ အံ့သြဟန်ဖြစ်သွား၏။ ဒုတိယ ချက်ချင်းမျက်မှောင်ကုတ်သွားကာ တတိယ မကြည်ကြည့်ကြည့်လျက် စတုတ္ထအက်ရှင်ကတော့ ဘောက်ဆတ်ဆတ်အသံဖြင့် ပြန်မေးလာခြင်းပင် ဖြစ်သည်။

"ဘာလဲ . . . ဘာကိစ္စလဲ"

"ဒီလိုပါ ကျွန်တော် မိုးဆွေနဲ့တွေ့ချင်လို့၊ အဲဒါ သူဘယ်မှာ





များရှိနိုင်မလဲ . . . ဟင်"

မျက်နှာကလေးငယ်ပြရင်း အာကာမေးလိုက်သော်လည်း နဂိုကတည်းမှ လူကောင်ထွားနေသည့် ချောချောက ဘာမှကြီးမပြဘဲ . . .

"ဘယ်လို . . . ဘယ်လို . . . မိုးဆွေကို ဟုတ်လား၊ ဘာကိစ္စနဲ့ ရှင်က တွေ့ချင်ရတာလဲ"

"ဟိုလေ . . . မနေ့က ဖြစ်ခဲ့တဲ့ကိစ္စအတွက် တောင်းပန်ချင်လို့ပါ"

"ဩော် . . . ဩော် . . . ရှင်ဟာလေ တော်တော်တတ်နိုင်တဲ့ လူပဲ၊ ပြောတုန်းကတော့ နှစ်ပြားမတန်အောင် လူကြားထဲမှာ ပြောခဲ့ပြီး ခုမှပြန်တောင်းပန်မလို့ . . . ဟုတ်လား၊ ရှင် အစောကြီးကပဲ စဉ်းစဉ်းစားစား ဆင်ခြင်ပြီး လုပ်ခဲ့ဖို့ကောင်းတယ်၊ အခုတော့ . . ."

ရွဲ့သလို၊ ခနဲ့သလို အသံမျိုးနှင့် ချောချောက ပြောလာသည်။ အာကာလည်း ပြောလက်စနှင့် မထူးပြီမို့ လေသံကို အတတ်နိုင်ဆုံးလျှော့ချရင်း . . .

"ပြောတော့လည်း ခံရတော့မှာပဲဗျာ၊ ခင်ဗျားတို့ကိုလည်း တောင်းပန်ပါတယ်၊ ဒါပေမယ့် မိုးဆွေကို တောင်းပန်ဖို့က ကျွန်တော့်အတွက် ပိုအရေးကြီးနေလို့ သူရှိမယ့်နေရာလေးတော့ ပြောပြပါလား"

ချောချောမျက်နှာက အနည်းငယ် တည်သွားသည်။ သက်ပြင်းကိုလည်း မသိမသာ ချလိုက်ပြီး . . .

"မိုးဆွေ ကျောင်းမတက်ဘူးရှင့်၊ သူတော်တော် စိတ်ထိခိုက်နေတယ်"

"ဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဗရမ်းပတာဖြစ်သွားရင်း အာကာရေရွတ်လိုက်မိသည်၊ ပြီးမှ . . .

"ဒါ . . ၊ ဒါဆို သူဘယ်နေ့ ကျောင်းပြန်တက်မှာလဲဟင်"

"အဲဒါတော့ ကျွန်မလည်း မသိဘူး၊ ရှင်ပြောချင်တာ ဒါပဲ မဟုတ်လား။ ကျွန်မတို့ အတန်းပြန်တက်ရဦးမယ်"

ဘေးမှ နွေးနွေးတို့ကို မျက်ရိပ်ပြကာ ချောချောထရပ်လိုက်သည်။ အာကာက ကမန်းကတမ်းအသံဖြင့် . . .

"ဒီမှာဗျ၊ ဟိုလေ . . . မိုးဆွေကို ပြောပေးပါလား၊ သူ ကျောင်းပြန်တက်မယ့်နေ့ကိုစောင့်ပြီး တောင်းပန်ပါ့မယ်လို့"

ချောချောက . . .

"ဒါတော့ ရှင့်သဘောပဲလေ၊ မိုးဆွေဘက်က ရှင်တောင်းပန်တာကို လက်ခံ၊ မခံ ခွင့်လွှတ်၊ မလွှတ်တော့ ကျွန်မ,မသိဘူးနော်"

ပြောပြီး ချာကနဲ လှည့်ထွက်သွားကြလေသည်။ ငူငူကြီး ရပ်ကျန်နေခဲ့သော အာကာကို နိုင်ဝင်းက ပခုံးပုတ်ကာ သတိပေးဟန်ဖြင့် . . .

"ဟေ့ကောင် . . . ဒီလောက်ကြီး ဖြစ်မနေပါနဲ့ကွာ၊ နောက်တွေ့ဦးမှာပဲ၊ အဲဒီတော့မှ တောင်းပန်ပေါ့။ လာ . . . ပြန်ရအောင်"

စကားအဆုံးမှာ သက်ပြင်းသဲ့သဲ့ချသံနှင့်အတူ အာကာ့ စကားသံကလည်း တိုးယဲ့ဖျော့တော့စွာ . . .

"အေးလေ . . . ခုတော့ ဒီလိုပဲ လုပ်ရတော့မှာပေါ့"

* * * *



(၂၃)

လေးကန်သော ခြေလှမ်းများဖြင့် ထိုင်နေကျ ကင်တင်းဆီသို့ အာကာပြန်လာခဲ့သည်။ ဒီလိုစိတ်တွေနှင့် ကျောင်းတက်ချင်စိတ်လည်း မရှိတော့။ ထိုကြောင့် နိုင်ဝင်းနှင့် လိုက်မသွားဘဲ တစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကင်တင်းထဲဝင်လိုက်တော့ . . .

"အာကာ . . ."

ခေါ်သံစူးစူးလေးကြောင့် အာကာဆတ်ကနဲ လှည့်ကြည့်မိသည်။ တဆက်တည်း အံ့ဩသွားရ၏။ စားပွဲတစ်ဝိုင်းမှာ တစ်ယောက်တည်းထိုင်နေပြီး သူ့ကိုလှမ်းခေါ်လိုက်သူက မေမိုး . . .။ ဘယ်လိုဖြစ်ပြီး ဒီကင်တင်းသို့ တစ်ယောက်တည်း လာထိုင်နေသည်ကို မသိချေ။

ထိုဝိုင်းသို့ လျှောက်သွားလိုက်ရင်း အာကာက . . .

"ဟင် . . . မေမိုးက ဘယ်လိုဖြစ်ပြီး ဒီကင်တင်းကို . . ."



www.burmeseclassic.com

www.burmeseclassic.com



စကားပင် မဆုံးလိုက်။ မေမိုးက လျှောရဲရဲပြုံး၍ . . .

"ထိုင်ပါဦး အာကာ၊ ရှင့်ကို ကြည့်ရတာ တော်တော်စိတ်ညစ်လာတဲ့ပုံပဲ"

"ဗျာ . . ."

အံ့ဩစိတ်နှင့် အာကာဝင်ထိုင်လိုက်သည်။

မေမိုးက . . .

"ရှင်ဘာတွေဖြစ်လာတယ်ဆိုတာ ကျွန်မခန့်မှန်းလို့ ရပါတယ်၊ ရှင် မိုးဆွေကို တောင်းပန်ဖို့သွားတာ မတွေ့ခဲ့ရဘူး မဟုတ်လား"

"ဟင် . . . ဒါ . . . ဒါတွေကို မေမိုးက ဘယ်လိုလုပ်သိ . . . သိနေတာလဲ"

"သိပ်အံ့ဩစရာတော့ မဟုတ်ပါဘူး၊ ရှင့်ကိစ္စတွေ အားလုံးကို သူရပြောပြသွားတာ"

"ဟာကွာ . . . ဒီကောင်တော့ . . ."

"သူ့ကို အပြစ်မတင်ပါနဲ့ အာကာ၊ စကားကြုံတာနဲ့ ကျွန်မက အတင်းမေးလို့ သူပြောပြသွားတာပါ"

"အဲဒီကောင်ကော မေမိုး . . ."

မေမိုးက မျက်ခုံးပင့်လျက် . . .

"ရတနာနဲ့ ဘယ်ထွက်သွားလဲ မသိဘူး၊ ကျွန်မလည်း တစ်ယောက်တည်း အတန်းမတက်ချင်တာနဲ့ ဒီဘက်ကို ထွက်လာတာ ပြောပါဦး . . . အာကာ သွားတောင်းပန်တာ ဘယ်လိုဖြစ်လာလဲလို့"

လေပူကြီးကိုသာ အာကာမှုတ်ထုတ်မိတော့သည်။

"ဟူး . . . ခုနက မေမိုးထင်သလိုပါပဲ၊ တောင်းပန်ဖို့ နေနေသာသာ၊ သူက ကျောင်းတောင် မတက်ဘူးတဲ့၊ ကျွန်တော်ပြောလိုက်





တဲ့စကားကို တော်တော်စိတ်ထိခိုက်သွားတယ်နဲ့ တူပါတယ်"

မျက်နှာညှိုးညှိုးလေးနှင့် ပြောလာသော အာကာကိုကြည့်ကာ မေမိုးစိတ်တွေ အနည်းငယ် လေးလံသွားရသည်။ ဘာကြောင့် ထိုသို့ဖြစ်သွားသည်ကိုတော့ မေမိုးကိုယ့်ကိုယ်ကို ဝေခွဲ၍မရ။

အာကာကိုပဲ အားပေးသလို ပြုံးပြလိုက်မိကာ . . .

"ကဲပါ . . . အာကာရယ်၊ နောက်တွေ့ဦးမှာပဲ၊ အဆင်ပြေသွားမှာပါ၊ ရန်သူတောင်မှ တောင်းပန်ရင် ကျေအေးပေးရတာ မဟုတ်လား"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ သူ့ဘက်က ခွင့်မလွှတ်မချင်း လိပ်ပြာလုံမှာ မဟုတ်ဘူး"

"အဲဒါနဲ့ပဲ အာကာက ခုလိုပဲ စိတ်ဓါတ်ကျပြီး ငူငူငိုင်ငိုင်နဲ့ နေနေတော့မှာလား"

အာကာ တွေကနဲ ဖြစ်သွားပြီးမှ . . .

"မေမိုးပြောတာတော့ ဟုတ်ပါတယ်၊ မတွေးချင်ပေမယ့်လည်း အဲဒီအကြောင်းပဲ စိတ်ထဲရောက်ရောက်လာတာက ခက်တယ်"

"ဒါဆိုလည်း အာကာစိတ်အပြောင်းအလဲဖြစ်အောင် ဒီလိုလုပ်မယ်"

ပြောပြောဆိုဆို မေမိုးက သူ့လွယ်အိတ်ထဲမှ တစ်ခုခုကို ထုတ်ယူလိုက်သည်။ အာကာလှမ်းကြည့်လိုက်တော့ ခေါက်သိမ်း၍ရသည့် စစ်တုရင်ခုံလေး ဖြစ်နေသည်။

အာကာက . . .

"ဟင် . . . မေမိုးက ချက်(စ်)ထိုးတတ်လို့လား"

မေမိုးက မျက်စောင်းလဲ့လဲ့ထိုးလိုက်ရင်းက . . .

"အောင်မာ . . . ကစားတတ်ပါတယ်နော်၊ အာကာ့လို



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတော့ မဟုတ်ဘူးပေါ့"

ဗုဒ္ဓေါ . . .။ အာကာ နည်းနည်းဖြုံသွားရသည်။ သူချက်(စ်) ထိုးတာ ဝါသနာပါသည်ကို မေမိုးဘယ်လိုသိနေပြန်ပြီလဲ မသိ ပြီးတော့ ပြောနေပုံက သူလည်းပဲ ကစားတတ်သည်တဲ့လေ။ မေး ဟန်ပြင်လိုက်စဉ်မှာပဲ မေမိုးက . . .

"ကဲ . . . ဆရာကြီး၊ ကျွန်မနဲ့ ကစားမလား"

"အင်း . . . ဆော့မယ်လေ၊ အပျင်းပြေပေါ့"

စကားအဆုံးမှာ မေမိုးမျက်ခုံးလေး အတွန့်ချိုးသွားသည် ထွက်လာသော စကားသံလေးကလည်း စူပွပွ . . .။

"အပျင်းပြေတော့ မရပါဘူးနော်၊ ဥပမာ - မုန့်ဝယ် ကြေးဆိုရင် တော်သေးတယ်"

"ဟုတ်ပါပြီ ဆရာမလေးရယ်၊ ကဲ . . . ကျွန်တော်စီလို မယ်နော်"

နှစ်ယောက်သား ဘာရယ်မဟုတ်ဘဲ ရယ်မိကြပြန်၏။ တုရင်အရုပ်ကလေးများကို ခုံပေါ်မှာ စီနေသော အာကာ့မျက်နှာ ကြည့်နေသည့် မေမိုးမျက်နှာလေးက ကြည်နူးကျေနပ်ဟန် ဖြစ် သည်။

"ကဲ . . . စလိုက်ရအောင်"

"အင်း . . ."

တကယ်တမ်း ကစားကြည့်တော့ မေမိုး၏ကစားကွက် ကိုကြည့်ကာ အာကာနည်းနည်းတော့ ဖြုံသွား၏။ နိုင်အောင် မန ကစားရမည့်သဘောမှာ ရှိသည်။

သို့သော်လည်း မေမိုးကို အနိုင်မလိုချင်၍ အာကာမသိမသာ လျှော့ကာထိုး၏။ သို့နှင့် ပထမတစ်ပွဲမှာ အာကာရှုံးသွားရသည်





မေမိုးက မျက်မှောင်လေးကြုတ်ကာ ကြည့်ရင်း . . .

"အာကာ . . . ရှင် တမင်လျှော့ထိုးနေတာ မဟုတ်ပါဘူး နော်"

အာကာက မသိကျိုးကျွံပြုကာ အံ့သြဟန်လုပ်လျက် . . .

"ဘယ်ကလာ . . . တကယ်ရှုံးတာပါ မေမိုးရဲ့၊ မုန့်ကျွေး ရမယ့်ကိစ္စကို ကျွန်တော်က တမင်အရှုံးပေးပါ့မလားဗျ"

"ဟုတ်ပါပြီ . . . ဟုတ်ပါပြီ . . . နောက်တစ်ပွဲပေါ့"

တစ်ပွဲထပ်စလိုက်ကြပြန်သည်။ ဒီတစ်ခါတော့ အာကာက အနိုင်ရအောင် ဖိထိုးလိုက်၏။

ဒုတိယပွဲမှာ ရှုံးသွားသော မေမိုးက ငေါ့သံပါးပါးလေးဖြင့်-

"ထင်သားပဲ၊ ဒီတစ်ပွဲကမှ အာကာလက်ရည်အစစ်အမှန် ဖြစ်မှာ . . ."

"အဟဲ . . . ကံကောင်းလို့ပါဗျာ၊ ကဲ . . . နောက်တစ်ပွဲ လုပ်လိုက်ရအောင်"

ဒီတစ်ပွဲကိုတော့ အာကာအချိန်ဆွဲကာ ကစားနေလိုက် သည်။ လိုချင်သည့် ရလဒ်ရအောင် သတိထားကာ ကစားရ၏။ ပွဲအဆုံးမှာတော့ အာကာလိုချင်သည့် အဖြေအတိုင်း သရေပွဲဖြစ် သွားလေသည်။

နောက်ဆုံးတစ်ပွဲပြီးသွားတော့ မေမိုးက နားထင်ကို လက် ညှိုးလေးနှင့်ဖိလိုက်ရင်း . . .

"တော်ပြီကွာ၊ စဉ်းစားရလွန်းလို့ ကျွန်မခေါင်းတွေ ကိုက် လာပြီ"

"ဟင် . . . မေမိုးကလည်း တစ်ယောက်တစ်ပွဲနိုင်နဲ့ သရေ တစ်ပွဲဆိုတော့ အားလုံးသရေပဲလေ၊ ခုဘယ်သူက မုန့်ကျွေးရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမိုးက ချစ်စဖွယ်မျက်လုံးလေး ထောင့်ကပ်လိုက်ပြီး . .

"ကဲပါ . . ကျွန်မပဲ ကျွေးပါ့မယ်၊ အာကာ ဘာစားချင်လဲ . . . မှာလေ"

"ဟာ . . . အဲဒီလိုကြီးတော့ ဘယ်တရားပါ့မလဲ"

"ဟင် . . . ဒါဆို ဘယ်လိုလုပ်မှာလဲ"

အာကာက ပခုံးအသာတွန့်လိုက်ပြီးမှ . . .

"ဒီလိုလုပ်မယ်ဗျာ၊ မေမိုးဘာစားချင်လဲ သွားစားမယ်၊ ကျွန်တော်ကလည်း ကြိုက်ကြိုက်၊ မကြိုက်ကြိုက် လိုက်စားပေးမယ်၊ အဲ . . . ပိုက်ဆံရှင်းရမှာကတော့ မေမိုးပဲ"

"အံမယ် . . . ဒါဆို ရှင့်ဘက်က အသာကြီးပဲပေါ့"

မျက်ခုံးလေးနှစ်ဖက်စုကာ မချိုမချဉ်ပြောလာသော မေမိုးကို အာကာက . . .

"ဒါဆိုရင် ကျွန်တော်စားတာ မေမိုးလိုက်စားမှာလား၊ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် မေမိုးစားရမှာပေါ့၊ ပြီးရင် ကျွန်တော်ရှင်းမယ်"

သဘောကျသလို မေမိုးက တခစ်ခစ်ရယ်တော့သည်။ ပြီးမှ အာကာကို ပြန်ကြည့်ရင်း . . .

"ရတယ်လေ၊ အာကာစားတဲ့ဟာကို ကျွန်မလိုက်စားမယ် ကဲပြော . . . ဘာစားမှာလဲ"

အာကာက ညစ်ကျယ်ကျယ် စဉ်းစားလိုက်ပြီး . . .

"ကျွန်တော်က ရခိုင်မုန့်တီသောက်ချင်တာ၊ ပြီးတော့ ကန်ပေါင်က ရခိုင်မုန့်တီကို ပြောတာနော်"

"ဟာ . . . အာကာကလည်း အဝေးကြီးပဲဥစ္စာ၊ အပြန်ကျရင် နောက်ကျမှာပေါ့"

"နောက်မကျပါဘူး၊ မေမိုးအဆောင်ထိ ကျွန်တော်လိုက်ပို့မှာပေါ့"

မေမိုးတွေတွေဝေးဝေးလေး ဖြစ်သွားသည်။ စဉ်းစားနေပုံရ၏။ ခဏအကြာမှာပဲ အာကာကို မျက်လုံးလေးတစ်ချက် ဝင့်ကြည့်လိုက်ပြီး . . .

"ဒါဆိုလည်း သွားစို့ . . ."

* * * *







www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

"ကန်ပေါင်ရောက်တဲ့ထိတော့ ပြဿနာမရှိဘူးကွ၊ မုန့်တိုက်တော့မှပဲ ငါအားနာသွားတာ . . ."

စကားအဆုံးတွင် နိုင်ဝင်းက အကဲပိုရန်ကော ဟူသည့် အကြည့်မျိုးဖြင့် ကြည့်ကာ . . .

"ဘာဖြစ်လို့လဲ၊ မေမိုးက ဇွန်းမကိုင်တတ်လို့လား"

"ဒါမှမဟုတ် မေးနိုင်ပြီး ပါးစပ်ဟာမရလို့ ဖြစ်မယ်"

"ဟော့ကောင်တွေ . . ."

အာကာတင်းပြီး ခပ်ဆတ်ဆတ် အော်ပစ်လိုက်၏။ ပြီးမှ နှစ်တစ်ချက်မှုတ်လိုက်ကာ ရှုသိုးသိုးအကြည့်ဖြင့် . . .

"ကောင်းကောင်းနားထောင်ကွာ၊ မေမိုးက ကတိအတိုင်း သာ လိုက်စားတာ၊ အပူအစပ်တွေဆို လုံးဝမစားနိုင်ဘူးကွ၊ တစ်ပန်းကန်လည်းကုန်ရော စပ်ပြီး ချွေးတွေကို သီးနေတော့တာပဲ"

"ဒါနဲ့ပဲ မင်းက ယုယုယယ သုတ်ပေးလိုက်တယ်ဆိုပါတော့"





အာကာ ကျွဲမြီးတိုလာရသည်။ ဆက်ပြောနေလျှင်လည်း ဒီကောင်တွေ ပါးစပ်က ဒီလိုစကားတွေပဲ ထွက်လာတော့မှာမို့ . . .

"တော်ပြီကွာ . . . ဘာမှမပြောတော့ဘူး"

"သင်လျှင်းကလည်းကွာ၊ စိတ်မဆိုးပါနဲ့၊ ဆက်ပြောစမ်းပါ၊ ပြီးတော့ ဘာဖြစ်သေးလဲ"

"ဘာဖြစ်ရမှာလဲ . . . သူ့အဆောင်ကို ပြန်လိုက်ပို့လိုက်တာပေါ့"

"အေး . . . ဟုတ်ပြီ၊ လိုက်ပို့တော့"

"ရောက်သွားတာပေါ့"

"ဟုတ်ဖူးလေကွာ၊ လမ်းမှာ မင်းတို့ဘာတွေ ပြောကြသေးသလဲလို့"

"ဟာ . . . ဘာတွေပြောရမှာလဲ၊ ဒီလောက် ကျပ်ပိတ်သိပ်နေတဲ့ လိုင်းကားနဲ့သွားတာ . . ."

"အပြီး . . . မင်းတို့ချင်း အသားချင်းကော မထိမိကြဘူးလား"

သူ့ရစကားကြောင့် အာကာ၏အာရုံက နောက်ပြန်လိမ့်ဆင်းသွားရသည်။ ကားပေါ်မှာ သူနှင့်မေမိုး တကယ်ပဲ အသားချင်းထိအောင် ပူးကပ်ပြီး စီးခဲ့၍မဟုတ်ချေ။ ကားပေါ်မှဆင်းပြီး မေမိုးတို့အဆောင်ရှိရာ လမ်းသွယ်လေးထဲရောက်မှ ဖြစ်ခဲ့သည့်အဖြစ်အပျက်ကြောင့် ဖြစ်သည်။

လမ်းထဲအဝင်မှာပဲ မေမိုးက အနားတိုးကပ်လာပြီး . . .

"အာကာ . . . ဟိုရှေ့က လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်ရင် ကျွန်မလက်ကို ခဏကိုင်ထားပါနော်၊ အနှောက်အယှက်ရှိလို့"

ဒီလောက်ဆို အာကာသဘောပေါက်လိုက်ပြီ။ ဆိုင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ မေမိုးအား နှောက်ယှက်နေသည့် ငနဲတစ်ကောင်ရှိနေပုံရ၏။ ထို့ကြောင့် မေမိုး၏ဆန္ဒအတိုင်း ဆိုင်ရှေ့ကအဖြတ်မှာ သူ့လက်ကလေးကို ဖမ်းကိုင်လိုက်၏။ အေးစက်နေသော်လည်း နူးညံ့သည့် အထိအတွေ့ကို အာကာခံစားလိုက်ရသည်။

မေမိုးတော့ ဘယ်လိုနေမည်မသိ။ ခေါင်းကလေးငုံ့ကာ ဆက်လျှောက်နေသည်။ သူစိမ်းမိန်းကလေးတစ်ယောက်၏လက်ကို စကိုင်ဖူးသည့် အာကာမှာပဲ ရင်ထဲမှာ ရှိန်းဖိန်းနေသလို ခံစားနေရသည်။

အဆောင်ရှေ့နားရောက်တော့ မေမိုးက သတိဝင်လာဟန်ဖြင့် သူ့လက်ကလေးကို ဆတ်ကနဲ ရုန်းလိုက်ကာ အာကာကိုပင် ရဲရဲမကြည့်ဘဲ . . .

"ကျေးဇူးပဲ အာကာ၊ ပြန်တော့နော်"

ပြောရင်း အဆောင်ဝင်းထဲ လှစ်ကနဲ ပြေးဝင်သွားလေသည်။ အာကာမှာပဲ ဟောဗျာဟု ခပ်တိုးတိုးရေရွတ်ကာ အူကြောင်ကြောင် ကျန်ခဲ့ရ၏။ အရှက်သည်းသွားသော မေမိုးပုံစံလေးကို ပြန်မြင်ယောင်ကာ ခပ်တိုးတိုးပင် ရယ်လိုက်မိသည်။

"အောင်မာ . . . ပြန်တွေးပြီး ဒင်းက သဘောကျနေတယ် ပေါ့လေ"

နိုင်ဝင်းအသံကြီးကြားမှပဲ ပြန်တွေးရင်း ရယ်မိနေသော အဖြစ်ကို ပေါ့(PAUSE) လုပ်ပစ်လိုက်ရသည်။ ပြီးမှ ရှက်ကိုးရှယ် ကန်းဟန်ဖြင့် နှစ်ကောင်စလုံးကို ဟီးကနဲ ရယ်ပြလိုက်ရ၏။

သူရက ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"ကဲ . . ပြောပါဦး၊ ဘာတွေသဘောကျနေတာလဲဆိုတာ" အာကာက . . .





"ဘာရယ် မဟုတ်ပါဘူးကွာ"

စိတ်ရှုပ်ဟန်ဖြင့် ခေါင်းကုပ်ကာ ပုလိပ်စစ်စစ်နေသည့် နှစ်ကောင်ကို မျက်နှာလွှဲရန် တစ်ဖက်သို့ လှည့်လိုက်မိသည်။ အကြည့်က မထင်မှတ်ဘဲ ကင်တင်းရှေ့လမ်းပေါ်ရောက်သွား၏။

ထိုစဉ် မြင်လိုက်ရသော အရိပ်ကလေးကြောင့် တစ်ကိုယ်လုံးရှိ အကြောအချဉ်တွေ တောင့်တင်းသွားရပြီး ဝုန်းကနဲပင် မတ်ဘပ်ထရပ်မိလိုက်သည်။

သူရက ကြည့်ကာ အလန့်တကြား . . .

"ဟော့ကောင် . . . ဘာ . . . ဘာဖြစ်လို့လဲ"

"ငါ . . . ငါသွားမှဖြစ်မယ်၊ ဟိုမှာ မင်းတို့မတွေ့ဘူးလား"

အာကာညွှန်ပြရာသို့ နှစ်ကောင်စလုံး ဝုန်းကနဲ လှည့်ကြည့်လိုက်ကာ အံ့ဩဟန်ဖြင့် ရေရွတ်လိုက်ကြလေသည်။

"ဟာ . . . မိုး . . . မိုးဆွေပါလား"

ထိုအချိန်မှာပဲ အာကာတစ်ယောက် မာရသွန်ခြေလှမ်းများဖြင့် ကင်တင်းထဲမှ ပြေးထွက်သွားလေပြီ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၂၅)

"မိုးဆွေ . . . မိုးဆွေ . . . ခဏလေး . . . ခဏလေးပါဗျာ"

နောက်မှပြေးလိုက်ကာ အမောတကော ပြောလိုက်သော အာကာအသံကြောင့် မိုးဆွေခြေလှမ်းတို့ တုန့်ကနဲ ရပ်သွားရသည်။ ဆတ်ကနဲလှည့်ပြီး အေးစက်စက်ကြည့်လျက် ဘာမှပြန်မပြောဘဲ ဆက်လျှောက်သွားပြန်၏။ အာကာမှာ ဆက်လိုက်ရပြန်သည်။ ခုလို တွေ့နေမှတော့ ရအောင်တောင်းပန်မှပဲ ဖြစ်မည်လေ။

သို့နှင့် ခပ်သွက်သွက်လှမ်းကာ မိုးဆွေနှင့် ရင်ဘောင်တန်းလိုက်ပြီး . . .

"မိုးဆွေ . . . ခဏလေးပါဗျာ၊ ကျွန်တော်မိုးဆွေကို တောင်းပန်ချင်လို့ပါ"

ဒီတစ်ခါတော့ လှည့်ကြည့်မလာပေမယ့် စကားသံခပ်တင်းတင်းက ထွက်လာသည်။

"ဒီမှာ . . . ရှင်နဲ့ကျွန်မ ဘာမှပြောစရာမရှိဘူး၊ လိုက်ခ





နှောက်ယှက်ပါနဲ့"

"နှောက်ယှက်တာ မဟုတ်ပါဘူးဗျာ၊ တကယ်တောင်းပန်ချင်တာပါ။ ဟိုနေ့က မိုးဆွေပြန်သွားမှ စာကိုဖတ်ရတာပါ။ နားလည်မှုတွေလွဲပြီး ခုလိုတွေ ဖြစ်သွားရတာ လုံးဝစိတ်မကောင်းပါဘူး၊ အနူးအညွတ်တောင်းပန်ပါတယ် . . . မိုးဆွေရယ်၊ မိုးဆွေ မကျေနပ်ရင် ကြိုက်တဲ့အပြစ်ကို ပေးပါ၊ ကျွန်တော်လက်ခံပါ့မယ်"

အာကာ ကရားရေလွှတ် ပြောလိုက်မိသည်။ မသိမသာ ကြည့်လိုက်တော့ မိုးဆွေက သူ့နှုတ်ခမ်းထောင့်စွန်းမှာ မဲ့ပြုံးလေးတစ်ခုကို တည်ဆောက်လိုက်ပြီး . . .

"ကြိုက်တဲ့အပြစ်ဟုတ်လား၊ အဲဒါတော့ မစဉ်းစားရသေးလို့ ဆောရီးပဲ၊ လောလောဆယ် ပြောချင်တာကတော့ ရှင် ကျွန်မနောက်က ဆက်လိုက်မလာဘဲ ပြန်လှည့်သွားဖို့ပဲ"

အာကာက ခြေလှမ်းကိုမလျော့ဘဲ စိတ်ကိုတင်းထားလိုက်ရင်း . . .

"မပြန်ဘူးဗျာ၊ ကျွန်တော် မိုးဆွေကို ကျေနပ်အောင် တောင်းပန်မယ်လို့ ဆုံးဖြတ်ထားတာ၊ ကျွန်တော့်ကြောင့် မိုးဆွေနစ်နာ . . ."

"အို . . . ဘာမှမကြားချင်ဘူး၊ ကြိုက်တဲ့အပြစ်ပေးပါဆိုတဲ့လူက ခုပဲ ကျွန်မ,မကြိုက်တာကို စလုပ်နေပြီ၊ ခုဘာလုပ်သင့်တယ်ဆိုတာ ရှင်စဉ်းစားလေ"

"ဩော် . . . မိုးဆွေရယ်၊ ဒီလောက်ကြီးတော့ မတင်းမာပါနဲ့ဗျာ၊ ချက်ချင်းကြီး ခွင့်မလွှတ်နိုင်ရင်တောင် ဖြည်းဖြည်းချင်း . ."

"ရှင် ပြန်တော့နော်၊ ကျွန်မ ဒီထက်ဒေါသထပ်မထွက်ချင်ဘူး"

မီးဝင်းဝင်းတောက်သော အကြည့်ဖြင့် လှည့်ပြောလာသော



www.burmeseclassic.com

www.burmeseclassic.com



မိုးခွေစကားအဆုံးမှာ အာကာခြေလှမ်းတို့ မြေပြင်နှင့် သံမှိုစွဲသလို ရပ်သွားရသည်။

မထိတရိဟန်လေးဖြင့် ဆက်လျှောက်သွားသော မိုးခွေ၏ ကျောပြင်ကိုကြည့်ကာ သက်ပြင်းရှည်ကြီးကိုပဲ အာကာမောမောလျလျ ချလိုက်မိလေသည်။

မနက်ဖြန်ဆိုသည်မှာ သူ့အတွက် တောင်းပန်ရမည့် နေ့ခွဲ တစ်ခုအဖြစ် ရောက်ရှိလာဦးမည်ဆိုတာကိုလည်း အာကာ တဆက် တည်း နားလည်လိုက်မိ၏။

* * * *



(၂၆)

"အဲဒါပဲ မေမိုးရေ၊ ဒီကောင့်ပုံစံကြည့်ပါလား၊ ကြက်ကြီး လည်လိမ်သလို ဖြစ်နေတာ"

ငွေငွေဝိုင်ဝိုင်နှင့် တုံကျိဘာဝေလုပ်နေသော အာကာကို မေး ငေါ့ကာ သူရက ပြောလိုက်ခြင်းဖြစ်သည်။ ရောက်ရောက်ချင်းပင် အာကာသွားတောင်းပန်သည့်ကိစ္စ အဆင်မပြေခဲ့ကြောင်းလည်း ဖောက်သည်ချထားပြီးပြီ။

မေမိုးမျက်နှာပေါ်မှာ စိတ်မကောင်းဟန်လေး ဖြတ်ပြေး သွားရင်းက အာကာကိုကြည့်ကာ . . .

"အာကာ . . . သူ့ပုံစံက တော်တော်တင်းမာနေလားဟင်"

သက်ပြင်းဖွဖွချရင်း အာကာက . . .

"ဟုတ်တယ် မေမိုး၊ ကြည့်ရတာ ကျွန်တော့်အပေါ် စိတ်ဆိုး တာထက် နာကျည်းနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ဒီလောက်တောင်ပဲလား"

မေမိုး၏ရေရွတ်သံအဆုံးမှာ နိုင်ဝင်းက ဝင်ပြောလာ၏။

"ရှေ့လျှောက် အဲဒီထက်တောင် ဆိုးမလား မသိဘူး၊ အဲဒီကောင်မလေးပုံစံကြည့်ရတာ အာကာအပေါ် တစ်ခုခုလက်တုံ့ပြန်ဖို့အထိ ရည်ရွယ်ထားပုံရတယ်"

"ရှင်က ဘာဖြစ်လို့ အဲဒီလို ပြောနိုင်ရတာလဲ"

ရတနာက ဖြတ်မေးလိုက်ခြင်း ဖြစ်သည်။ နိုင်ဝင်းကပဲ . .

"ရတနာပဲ စဉ်းစားကြည့်လေ၊ မိုးဆွေ အာကာအပေါ် ပြောခဲ့တဲ့စကားထဲမှာ အာကာကို ပြန်ပေးရမယ့်အပြစ်ကို မစဉ်းစားရသေးဘူးလို့ ပါတယ်၊ အဲဒီစကားကိုကြည့်ရင် ပေးရမယ့်အပြစ်ကို လေးလေးနက်နက် စဉ်းစားဦးမယ့်သဘော မဟုတ်လား"

"အင်း . . . အဲဒီလိုတွေးရင်လည်း ရတာပဲ"

အားလုံးပဲ ကိုယ်စီသက်ပြင်းချမိကြတော့၏။ သူရက အာကာကိုကြည့်ကာ . . .

"အာကာ . . . မင်းဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ"

အာကာက ခေါင်းအသာခါလိုက်ရင်း . . .

"မသိတော့ပါဘူးကွာ၊ လောလောဆယ်တော့ သူ့ကို ဘယ်နေရာမှာ ဘယ်လိုပဲတွေ့တွေ့ ကျေနပ်အောင် ဆက်တောင်းပန်ဖို့ပဲ တွေးထားတယ်၊ တစ်ခြား ငါဘာလုပ်နိုင်ဦးမှာလဲ"

"မင်းအဖြစ်ကလည်းကွာ၊ စကားလေး မဆင်မခြင် အလောတကြီး ပြောလိုက်မိရုံနဲ့ သူ့အမှားက ကိုယ့်အမှားဖြစ်သွားရတယ်လို့"

"ဘယ်တတ်နိုင်မလဲ၊ အကြောင်းတရားကိုက ဒီလိုဖြစ်စေဖို့ ဖန်လာတာကိုး"





ဘယ်သူမှ စကားမဆက်နိုင်တော့ဘဲ အာကာကိုသာ စိတ်မသက်မသာနှင့် ကြည့်နေကြတော့၏။ အာကာက ထိုအကြည့်တွေကို မခံနိုင်စွာ ထရပ်လိုက်ရင်း . . .

"ကဲပါ . . . ငါ့အတွက် ဘာမှစိတ်ရှုပ်မနေကြပါနဲ့၊ အတန်းတက်စရာရှိတာ သွားတက်ရအောင်၊ ဪ . . . မေမိုး . . ."

"ရှင် . . ."

မျက်လုံးကလေးလှန်ကာ မေမိုးက မော့ကြည့်လာသည်။ အာကာက ဟန်လုပ်ကာ ခပ်ပြုံးပြုံးလုပ်လျက် . . .

"ညနေကျောင်းမဆင်းခင် ကျွန်တော်လာခဲ့မယ်နော်၊ မေမိုးနဲ့ ချက်(စ်)ထိုးမယ်၊ ပြီးရင် အဆောင်ထိ ပြန်လိုက်ပို့မယ်၊ စောင့်နေမှာလား"

မျက်နှာပေါ် ရှက်သွေးပါးပါး လျှိုင်းထသွားပြီးမှ မေမိုးက အင်းဟု မပွင့်တပွင့်ပြောလိုက်သည်။

လှည့်ထွက်လာသည့် လမ်းမှာတော့ သူရက အာကာကို အဓိပ္ပါယ်ပါပါကြည့်ရင်း . . .

"အာကာ . . . မင်းကို ငါစိတ်ရင်းအတိုင်းပဲ ပြောမယ်ကွာ၊ မေမိုးက မင်းအပေါ် သံယောဇဉ်ဖြစ်နေတာ အားလုံးအသိပဲ၊ မင်း . . . မိုးဆွေနဲ့ပတ်သက်တဲ့ စိတ်ရှုပ်စိတ်လေမှုကို မေမိုးဆီက အချိန်တွေနဲ့ အစားမထိုးသင့်ဘူးနော်"

အာကာက သက်ပြင်းကို မှုတ်ချပြီး . . .

"ငါသိပါတယ်ကွာ၊ ငါလည်း မေမိုးကို သံယောဇဉ်ရှိပါတယ်၊ မင်းပြောတဲ့ သဘောမျိုးတော့ မဟုတ်ပါဘူး"

"အေးလေ . . . မင်းသဘောပေါက်ရင် ပြီးတာပဲ၊ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေအပေါ်မှာကော မင်းသဘောထားက . . .”

“အဲ . . . အဲဒါတော့ ငါမိုးဆွေအပေါ် လုပ်ခဲ့မိတဲ့ အပြစ်အတွက် အားနာတယ်၊ ပြီးတော့ သူရှက်ရွံ့နာကျင်နေမှာကိုတွေးပြီး သနားနေမိတယ်”

“ဩော် . . . ဟုတ်လား”

သူရ၏ ငေါ်သံနှင့်အတူ စကားစတွေက ရုတ်ချည်းပြတ်တောက်သွားကြသည်။

* * * *

“မေမိုး . . . နင် အာကာနဲ့ပတ်သက်ပြီး တစ်ခုခုများ ခံစားနေရလားဟင်”

“ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး ရတနာရယ်၊ သူ ခုလိုဖြစ်နေတာကိုကြည့်ပြီး ငါသနားနေမိတယ်”

“ငါနားလည်ပါတယ်ဟာ၊ ဘာပဲဖြစ်ဖြစ် နင့်စိတ်ကို အရမ်းအလိုလိုက်ပြီး အလျှော့မပေးထားနဲ့လို့ပဲ ငါပြောချင်တယ်”

“အေးပါဟာ . . . ငါကြိုးစားပါ့မယ်”

* * * *



(၂၃)

မိုးဆွေကျေနပ်အောင် လိုက်တောင်းပန်နေခဲ့သည်မှာလည်း ...က်အားဖြင့် အတော်ကြာလာခဲ့လေပြီ။ အလျှော့မပေးဘဲ ဇွဲကောင်း ...လွန်းသည့် အာကာအပေါ် မိုးဆွေက စကားတစ်ခွန်းစ၊ နှစ်ခွန်းစ ...ပြန်ပြောလာသော်လည်း ကျေနပ်ခွင့်လွှတ်ပါသည်ဟု လုံးဝမဆိုသေး။

မည်သို့ပင်ဖြစ်စေ . . .

ဒါသည်ကပင် တိုးတက်လာသော အခြေအနေဟု အာကာ ...က်ခံထားသည်။ ဒီအတိုင်းဆက်သွားလျှင် မကြာခင် ခွင့်လွှတ် ...ကားပြောလာလိမ့်မည်ဟုလည်း အာကာမျှော်လင့်ထား၏။

ထိုရက်ပိုင်းတွေမှာတော့ အာကာအလုပ်ရှုပ်ရသည်မှာ အမှန် ...င်း၊ မနက်ပိုင်းဆိုလျှင် မိုးဆွေကို လိုက်တောင်းပန်၊ နေ့လည်အတန်း ...ပြီးတာက်၊ ညနေကျောင်းဆင်းလျှင်လည်း မေမိုးကို အဆောင်ပြန် ...ိုက်ပို့ရနှင့် မအားနိုင်အောင် ဖြစ်နေရ၏။ ထိုပင်ပန်းမှုလေးတွေကို ...တော့ စိတ်ထဲမှာမရှိချေ။ ပီတိပင် ဖြစ်နေသေးသည်။ ခုနောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



သူရနှင့် ရတနာက ချစ်သူတွေဖြစ်သွား၍ တတွဲတွဲပြန်နေသဖြင့် အဖော်ကွဲနေသော မိုးဆွေကို အာကာပြန်လိုက်ပို့ပေးနေခြင်း ဖြစ်သည်။ နေ့စဉ်ညနေပိုင်းဆိုလျှင်ပင် အာကာလာမည့်အချိန်ကို ကင်တင်းရှေ့နားမှ ခုံတန်းလျားမှာစောင့်ရင်း မေမိုးမျှော်နေတတ်ပြီ။

အာကာရောက်လာလျှင် နှစ်ယောက်သားချက်(စ်)တစ်ပွဲ နှစ်ပွဲလောက်ထိုးကာ သူမအား ပြန်လိုက်ပို့သည့် အချိန်လေးတွေကိုလည်း မေမိုးကြည်နူးသာယာနေခဲ့ပြီ။ မိုးဆွေနှင့် ကိစ္စအဆင်မပြေသေးဟု အာကာညည်းတိုင်း နားထောင်ရင်း မေမိုးတစ်ယောက် သက်ပြင်းသာ တွင်တွင်ချနေရသည်မှာလည်း ခဏ,ခဏ။

ထိုကိစ္စတွေကိုသိသော နိုင်ဝင်းနှင့် သူရတို့က အမျိုးမျိုးပြောပြကြသော်လည်း အာကာကတော့ နေ့စဉ်ဝတ္တရားတစ်ခုလို မေမိုးနှင့် မိုးဆွေတို့အား ခံစားချက်တစ်မျိုးစီနှင့် ဆက်လက်ပတ်သက်နေခဲ့၏။

ဒါသည် မလွန်ဆန်နိုင်သော သူ့ရင်ထဲက ခံစားချက်တွေ မှန်းသိလျက်နှင့် အာကာကိုယ့်ကိုယ်ကို ညာနေခဲ့သည်။

သို့သော်လည်း . . .

"ဘယ်သူမှညာ၍မရသော ကံတရားသည် သူတို့သုံးဦး၏ အနာဂတ်ကို စနစ်တကျ ပြဋ္ဌာန်းလာခဲ့လေသည်။

ဆောင်းတွင်းကြီး မိုးရွာသလိုပေါ့၊ နွေခေါင်ခေါင်မှာ မိုးကြီးပစ်တာမျိုးလည်း ကြုံချင်ကြုံရမှာပါ။

အဲသည်လိုပဲ ကံကြမ္မာဆိုတာ မာယာများသည်လေ . . .။

* * * *



(၂၈)

"မိုးဆွေပျို . . . ကျွန်မ ဒီမှာခဏထိုင်ပါရစေနော်"

စကားသံပါးပါးက နားစည်ကို ရိုက်ခတ်လာသဖြင့် မိုးဆွေ [illegible]ည့်ကြည့်လိုက်မိသည်။ အံ့ဩစိတ်ကလေးဖြစ်သွားပေမယ့် ဩော် . . ဟုသာ စိတ်ထဲမှ ကြိတ်ရေရွတ်လိုက်မိသည်။ တကယ်တော့ [illegible]မိန်းကလေးသည် အာကာနှင့်တွဲနေသော မေမိုးဆွေမှန်း သူမ [illegible]ထားခဲ့တာကြာပြီ။ သို့ပေမယ့် ခုလိုရောက်လာလိမ့်မည်ဟု မထင် [illegible]သာကြောင့် အံ့ဩမိသွားခြင်း ဖြစ်၏။

မိုးဆွေက . . .

"ထိုင်လေ . . . နေရာလွတ်နေရင် ဘယ်သူမဆို ထိုင်လို့ [illegible]ာပဲ"

မေမိုးစိတ်ထဲ ဖျဉ်းကနဲ ဖြစ်သွားသော်လည်း စိတ်ကို ချက် [illegible]ချင်းလျှော့ချကာ ဝင်ထိုင်လိုက်၏။ တစ်ယောက်နှင့်တစ်ယောက် [illegible]ဆိုင်းချင်း အရင်ဆုံမိကြသည်။ အကြည့်နှစ်ခုစလုံးက မင်းသာလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုတာ ငါသိနေတယ်ဟု ယူဆရသည့် အဓိပ္ပါယ်မျိုး။

မေမိုးက အရင် . . .

"ကျွန်မနာမည် မေမိုးဆွေပါ၊ မိုးဆွေပျိုနဲ့ စကားနည်းနည်းလောက် ပြောချင်လို့"

"ဘယ်လို . . . စကားပြောချင်လို့ ဟုတ်လား၊ ကျွန်မတို့နှစ်ယောက် အရင်က တစ်ယောက်နဲ့တစ်ယောက် မသိဘူးတာတော့ သေချာမယ်ထင်တယ်"

မာနပါးပါးရောစွပ်နေသည့် မိုးဆွေစကားအဆုံးမှာ မေမိုးက ခေါင်းအသာညိတ်ပြလိုက်ပြီး . . .

"ဟုတ်ပါတယ် . . ခုမှသိဖူးတာပါ၊ ပြောချင်တယ်ဆိုတာလည်း အာကာနဲ့ ပတ်သက်နေလို့ပါ"

"အာကာ . . ."

သံယောင်လိုက်ကာ မိုးဆွေရေရွတ်လိုက်သေးသည်။ အမှန်တော့ မေမိုးကို မြင်ကတည်းက ဒီစကားပဲ ထွက်လာမည်ဟု မိုးဆွေထင်ပြီးသား။ ခုလည်း အာကာက မေမိုးကို သံခင်းတမန်ခင်းအဖြစ် လွှတ်လိုက်ဟန်တူသည်။

မိုးဆွေက ချက်ချင်းပင် မထီတရီဟန်လေးနှင့် . . .

"အာကာနဲ့ ပတ်သက်တာဆိုရင်တော့ ကျွန်မမှာ ပြောစရာ မရှိပါဘူး၊ ရှင်လည်း ပြန်ပါတော့"

"ဒီလို ဂျစ်ကန်ကန်ကောင်မလေးမို့ အာကာစိတ်ညစ်နေ တာဟု မေမိုးတွေးမိသည်။ သို့သော်လည်း အမူအရာမပျက်စေဘဲ ဆက်ပြောလိုက်၏။

"ဒီလိုပါ မိုးဆွေပျို၊ တကယ်တော့ ဖြစ်ခဲ့တဲ့ကိစ္စမှာ အာကာ လွန်သွားတာ ဟုတ်ပါတယ်၊ ဒါပေမယ့် နားလည်မှုလွဲပြီး ဖြစ်ခဲ့တာ





ဆိုတော့ မိုးဆွေပျိုဘက်က နည်းနည်းလျှော့ပြီး . . ."

စကားပင် မဆုံးလိုက်ချေ။ မိုးဆွေက ဆတ်ကနဲ ပြန်ပြော လာသည်။

"နေ . . . နေစမ်းပါဦး . . . မေမိုးဆွေ၊ ရှင်က အာကာ အတွက် လာပြောနေရအောင် အာကာ့ဘာတော်တဲ့ ရှေ့နေလား၊ ဒါမှမဟုတ် အာကာ့ရည်းစားလား"

မိုးဆွေစကားကြောင့် မေမိုးမျက်နှာတစ်ခုလုံး ထူပူသွားရ သည်။ ချက်ချင်းပင် လက်ကာပြလိုက်ပြီး . . .

"ခဏလေး . . . ခဏလေးပါ မိုးဆွေပျို၊ ရှင်သလို မဟုတ် ပါဘူး၊ ကျွန်မတို့က သူငယ်ချင်းတွေပါ၊ သူက ရှင်နဲ့ပတ်သက်ပြီး တကယ်စိတ်မကောင်းဖြစ်နေတာပါ၊ ကျွန်မတို့လည်း အာကာနဲ့တွေ့ တိုင်း ဒါတွေပဲ ကြားနေရလို့ စိတ်မချမ်းသာဘူး၊ ဖြစ်နိုင်ရင် သူ့ကို ခွင့်လွှတ်ပေးလိုက်ပါလား၊ ပြီးခဲ့တာတွေလည်း ပြီးပြီပဲလေ၊ အားလုံး ဟာ မတော်တဆ ဖြစ်ခဲ့တယ်ဆိုတာ မိုးဆွေပျိုလည်း သိမှာပါ"

"မတော်တဆ ဟုတ်လား၊ ဟင်း . . . ဟင်း . . . ရယ်စရာ ကောင်းလိုက်တာ၊ ဒါနဲ့ ခုလည်း ရှင့်ကို သူလွှတ်လိုက်တာလား"

မေမိုးက ခေါင်းကို ခပ်သွက်သွက်ခါလိုက်ရင်း . . .

"ဟင့်အင်း . . ကျွန်မ ရှင့်ဆီလာတာ သူတောင် မသိပါဘူး"

မျက်မှောင်လေးကြုတ်ကာ မိုးဆွေစဉ်းစားသွားသည်။ ဆတ် ကနဲ မေမိုးမျက်ဝန်းတွေဆီ လှမ်းဖတ်တော့ အာကာအပေါ် ငြိတွယ် မှုတွေကို မြင်လိုက်ရ၏။

မိုးဆွေက ဟက်ကနဲ ရယ်လိုက်ရင်း . . .

"ရှင် ခုလိုလာပြောတာကိုတော့ အားနာပါတယ်၊ ဒါပေမယ့် ဒီကိစ္စက ကျွန်မနဲ့ အာကာနဲ့ ဖြစ်ခဲ့တာလေ၊ ကျွန်မပိတ်ဆို့ချင်



www.burmeseclassic.com

www.burmeseclassic.com



သလောက်ဆိုးခွင့်ရှိတယ်၊ ဘယ်အချိန်မဆိုလည်း စိတ်ပြေချင်ပြေမှာပဲ၊ ဒီလောက်ဆို မေမိုးဆွေ နားလည်ရောပေါ့"

နှစ်ယောက်သား ထပ်ကြည့်မိပြန်သည်။ အကြည့်နှစ်ခုက အပ်ဖျားနှစ်ခု တစ်နေရာမှာ ဆုံသွားသလိုမျိုး . . .။

သဘောပေါက်စွာဖြင့် မေမိုး ထရပ်လိုက်သည်။

"ကျွန်မကို ခွင့်ပြုပါဦး မိုးဆွေပျို၊ ခုလို နားထောင်ပေးတာကို ကျေးဇူးပါပဲ"

"ကောင်းပါပြီရှင် . . ."

မဲ့ပြုံးလေးနှင့် မိုးဆွေပြန်ပြောလိုက်သည်။ လှည့်ထွက်သွားသော မေမိုး၏ကျောပြင်ကိုကြည့်ကာ စိတ်ထဲက တစ်စုံတစ်ခုကို ရိပ်မိလိုက်သည့်အလား လွတ်လပ်စွာ ရယ်မောပစ်လိုက်လေသည်။

* * * *



(၂၉)

မိုးဆွေမျက်ဝန်းထဲမှာ ခါတိုင်းထက်ပိုတောက်ပနေသော မီးညွန့်များကို တွေ့လိုက်၍ တောင်းပန်ဖို့လာသော အာကာမှာ အနည်းငယ် တွန့်သွားရသည်။ အဆင်ပြေလုနီးပြီဟု တွက်ထားသော အာကာမှာ ဘယ်လိုစကားစရမည်မှန်းပင် မသိ။

ထိုအချိန်မှာပဲ မိုးဆွေက ခပ်တင်းတင်းကြည့်ကာ . . .

"ဒီမှာ အာကာ၊ ရှင်နဲ့ ကျွန်မရဲ့ကိစ္စမှာ ကြားလူတစ်ယောက် ဝင်လာတာ ဘာသဘောလဲ"

စကားအဆုံးမှာ ပါးစပ်အဟောင်းသားနှင့် အာကာကြောင် အမ်းသွားရပြီး . . .

"ဗျာ . . . ဘယ်လို၊ ဘယ်က ကြားလူက ပါလာလို့လဲ"

"ဘယ်သူဖြစ်ရမှာလဲ၊ ရှင်နဲ့တွဲနေတဲ့ မေမိုးဆွေဆိုတာလေ၊ သူ ကျွန်မဆီရောက်လာတယ်၊ ရှင့်ကိစ္စအတွက်တဲ့ . . ."

"သူ . . . သူက ဘာပြောသွားလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဆွေက ခြောက်ကပ်ကပ်ရယ်လိုက်ရင်း . . .

"ကျွန်မဘက်က ရှင့်ကို ခွင့်လွှတ်ပေးဖို့ လာပြောတာပါ။ ရှင်လွှတ်လိုက်တာ မဟုတ်ရင်တော့ ရှင့်ကောင်မလေးက အားကိုးရ သားပဲ"

အာကာ မိုးဆွေကိုကြည့်ရင်း လက်ကာပြလိုက်သည်။

"ဟာ . . . သူက ကျွန်တော့်ကောင်မလေး မဟုတ်ပါဘူး။ မိုးဆွေနဲ့ပတ်သက်ပြီး ကျွန်တော်စိတ်ညစ်နေတာသိလို့ လာပြောတာ ဖြစ်မယ်"

"ဟုတ်လား . . . သူ့မျက်ဝန်းနဲ့ စကားသံတွေကတော့ ရှင့်ကို အတော်ကြွေနေတဲ့ပုံပဲနော်"

"မဟုတ်ပါဘူး မိုးဆွေရယ်၊ သူနဲ့က ရိုးရိုးသားသား သူငယ်ချင်းတွေပါ၊ အဲဒီလိုတော့ မပြောပါနဲ့"

"ဒါဆို . . . ရှင့်ဘက်က ကြွေနေတာပေါ့"

အာကာ စိတ်ရှုပ်လာရသည်။ ကိစ္စတစ်ခုက မပြီးသေး။ နောက်တစ်ခုကို ထပ်ဖြေရှင်းရပြန်ပြီ။

ထိုအချိန်မှာပဲ မိုးဆွေက လှောင်ပြုံးစစနှင့် ကြည့်လျက် . .

"ဘယ်လိုလဲ . . . ရှင်မဖြေနိုင်တော့ဘူးလား။ အဲဒါကြောင့် ပြောတာပေါ့၊ အဲဒီကောင်မလေးက ရှင့်အတွက် အားကိုးရတယ်လို့ လေ"

"တော်ပါတော့ မိုးဆွေရာ . . . တော်ပါတော့"

ခပ်ကျယ်ကျယ်ပြောလိုက်ရင်း အာကာ အသက်ရှူမဝသလို ခံစားလာရသည်။ စိုက်ကြည့်နေသော မိုးဆွေ၏မျက်ဝန်းတွေကြောင့် စိတ်နှင့်ကိုယ် မကပ်တော့ဘဲ . . .

"ဒီမှာ မိုးဆွေ၊ မေမိုးနဲ့ ကျွန်တော်က ဘာမှဖြစ်တာမဟုတ်





ဘူး။ ကျွန်တော် တကယ်စိတ်ဝင်စားနေတာက မိုးဆွေကိုပဲ။ မိုးဆွေ . . . မိုးဆွေကို ကျွန်တော်ချစ်တယ်"

"ရှင် . . ."

ဒီတစ်ခါ နှုတ်ခမ်းလေးများ ဝိုင်းသွားရသူက မိုးဆွေပင် ဖြစ်လေသည်။ ဘယ်လိုမှ မထင်မှတ်ထားသဖြင့် အာကာကိုလည်း ကြောင်အမ်းအမ်းဆွဲ့အပြီး ပြန်ကြည့်နေမိသည်။

ပြောလက်စနှင့် မထူးပြီမို့ အာကာလည်း အသက်ကိုဝဝရှူ သွင်းလိုက်ပြီး . . .

"ဟုတ်တယ် . . . မိုးဆွေ၊ မိုးဆွေကို ကျွန်တော်ချစ်တယ်၊ စတွေ့ပြီးကတည်းက မိုးဆွေကို ကျွန်တော်လိုက်ရှာခဲ့တာ ဒေါသ ကြောင့်ချည်းပဲ မဟုတ်ဘဲ ချစ်စိတ်ပါရှိနေလို့ပါ"

ရုတ်တရက် မိုးဆွေဘာပြန်ပြောရမည်မှန်းပင် မသိတော့။ အာကာကို မယုံသလိုကြည့်ရင်း ဦးနှောက်ထဲ အလုပ်ရှုပ်သွားရသည်။

ပြီးမှ လှုပ်ရှားနေသော စိတ်ကိုထိန်းချုပ်လိုက်ကာ အာကာ ကို တစ်ချက်စိုက်ကြည့်လိုက်ရင်း . . .

"အာကာ . . . ဒီစကားပြောတာ ရှင့်ဘက်က သေချာရဲ့ လား"

တွေဝေနေသော စိတ်ကို အာကာမောင်းထုတ်လိုက်လျက်-

"သေချာပါတယ် မိုးဆွေ၊ ကျွန်တော် မိုးဆွေကိုချစ်တာ တကယ်ပါ"

"ဒါဆိုလည်း ပြန်တော့ . . ."

"ဗျာ . . ."

"ဟုတ်တယ်လေ၊ ရှင့်ဆီမှ ပူပူနွေးနွေး ရည်းစားစကားပြော ခံထားရတဲ့ ကောင်မလေးက ရှင့်ရှေ့မှာ နေချင်ပါ့မလား၊ အဲဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

တော့ ရှင်နားလည်မှာပေါ့"

"တာ . . . ဆောရီးပါဗျာ၊ ဒီလိုဆိုလည်း ကျွန်တော်ပြန်တော့မယ်၊ မိုးဆွေစိတ်ဆိုးနေတာကို မေ့ထားပြီး ကျွန်တော်ပြောတာကို စဉ်းစားပေးပါနော်"

မျက်စောင်းဒိုင်းကနဲထိုးလိုက်ရင်း မိုးဆွေက . . .

"သွားမှာသာ သွားစမ်းပါ၊ အဲဒါက ကျွန်မကိစ္စပါ၊ ခုတော့ ရှင်သွားတော့"

တစ်ချက်စိုက်ကြည့်ပြီး အာကာမှာ ချာကနဲ လှည့်ထွက်လာခဲ့သည်။ ကျန်ခဲ့သည့် မိုးဆွေ၏နှုတ်ခမ်းထက်မှာတော့ အပြုံးတစ်ပွင့်က မြွေတစ်ကောင်လို သွေးအေးစွာ ဖူးပွင့်နေလေသည်။

* * * *



(၁၀)

"မင်းကတော့ လုပ်ချလိုက်ပြန်ပြီ အာကာရာ၊ ကိစ္စတစ်ခုကို စဉ်းစားပြီးမှ လုပ်ပါဆို၊ အရင်တစ်ခါကလည်း ခုလိုအလောတကြီး လုပ်မိလို့ ပြဿနာကမှ မပြီးသေးဘူး၊ ခုလည်း လုပ်လာပြန်ပြီ"

ခေါင်းတဗျင်းဗျင်းကုတ်ပြီး သူရက ပြောလာသည်။ နိုင်ဝင်းကလည်း စိတ်မသက်သာဟန်နှင့် လေပူကြီးကို မှုတ်ထုတ်လိုက်ရင်း-

"ဟော့ကောင် . . . မင်းခုလုပ်လာတဲ့ ကိစ္စက ပေါ့သေးသေး မဟုတ်ဘူးနော်၊ ကောင်မလေးတစ်ယောက်ကို ရည်းစားစကားပြောလာတာကွ . . . သိရဲ့လား"

ထိုအခါမှ မျက်နှာငယ်လေးနှင့် ငြိမ်နေသော အာကာက လှုပ်ရှားလာသည်။ သက်ပြင်းကို မသိမသာချလိုက်ပြီး . . .

"သိပါတယ်ကွာ၊ ငါလည်း ထူပူပြီး ပြောမိပြောရာ ပြောခဲ့လိုက်တာ"

"ဘာကွ . . . ပြောမိပြောရာပြောတာက ရည်းစားစကား



www.burmeseclassic.com

www.burmeseclassic.com



တဲ့လား ဟော . . ."

"ဟာကွာ . . . မိုးဆွေကလည်း လှတာပဲဟာကို၊ ငါလည်း စိတ်ဝင်စားသလို ဖြစ်လာတာနဲ့ ပြောချလိုက်တာ"

"ဟော . . ."

နှစ်ကောင်စလုံးပါးစပ်တွေ ပြဲသွားကြသည်။ သူရက မျက်လုံးကြီးပြူးကာ ကြည့်လျက် . . .

"အာ . . . အာကာ၊ မင်း မိုးဆွေကို တကယ်ပဲ စိတ်ဝင်စားလို့ ပြောလိုက်တာလား"

"ထင်တာပဲ . . ."

"ဟာကွာ . . ."

နှစ်ကောင်သား စိတ်ပျက်လက်ပျက်ဖြစ်သွားပုံက အထင်းသား။ နိုင်ဝင်းက စူးစိုက်ကြည့်လာရင်း . . .

"အာကာ . . . မင်းစိတ်တော့ ကောင်းပါသေးတယ်နော်"

"အောင်မာ . . . ငါက ဘယ်တုန်းက ရူးနေလို့လဲ"

"ဟုတ်ပါတယ်၊ ခု မင်းစဉ်းစားကြည့်လေ၊ စိတ်ဝင်စားတယ်လို့ ထင်တာနဲ့ပဲ ရည်းစားစကားပြောခဲ့ရတယ်လို့"

"အဲဒီလိုလည်း မဟုတ်ဘူးကွ၊ ငါ မိုးဆွေကို စိတ်ဝင်စားနေတယ်ဆိုတာ သေချာတယ်"

"ဒါဆို မေမိုးကိုကော . . ."

"ဘာ . . ."

သူရစကားအဆုံးမှာ အာကာအလန့်တကြား ဖြစ်သွားရသည်။ နိုင်ဝင်းက ဘယ်လိုလဲဆိုသည့်ဟန်ဖြင့် မေးဆတ်ပြလာ၏။

အာကာက . . .

"ဟိုကွာ . . . မေမိုးနဲ့ ငါက သူငယ်ချင်းပဲဥစ္စာ၊ ဘာဖြစ်





ရမှာလဲ"

"အဲဒီလိုတော့ တစ်ဖက်သတ်ကြီးမပြောနဲ့ အာကာ၊ မေမိုး မင်းအပေါ် သံယောဇဉ်ရှိနေတာ မင်းသိတာပဲ၊ မင်း မေမိုးနဲ့ သွားနေလာနေတာက သူ့အပေါ် အိပ်မက်ပေးသလို ဖြစ်မနေဘူးလား"

"အေးလေ . . . ဒီကိစ္စ မေမိုးကို ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

"ဒါဆိုလည်း မပြောနဲ့ပေါ့ကွာ၊ အချိန်တန်ရင် သူ့ဟာသူ သိသွားမှာပဲ"

ခပ်တည်တည်ပြောလိုက်သော အာကာစကားအဆုံးမှာ သူရက ဝုန်းကနဲ ထရပ်လိုက်သည်။ ပြီး လက်သီးဝေါက်ဝေါက်ထိုးလျက် . . .

"ဟေ့ကောင် အာကာ၊ ကိစ္စတစ်ခုကို ဒီလိုပေါ့သေးသေး မပြောနဲ့ကွ၊ တစ်ဖက်လူ ဘယ်လိုဖြစ်သွားမယ်ထင်လဲ"

နိုင်ဝင်းက လက်ကာပြရင်း . . .

"နေ . . နေကြပါဦးကွာ၊ ကဲ . . အာကာ၊ ဒီကိစ္စကို ဘယ်လို ဆက်လုပ်မယ် စဉ်းစားထားလဲ"

"အာ . . . ဘာကိုစဉ်းစားရမှာလဲ၊ ရည်းစားစကားပြောထားမှတော့ အဖြေတောင်းရတော့မှာပေါ့"

"အေး . . . မင်းဟာမင်း သွားတောင်း၊ မင်း ငါတို့ဆီကိုလည်း ဘယ်တော့မှမလာနဲ့၊ လူစိတ်မရှိတဲ့ကောင်"

"ဟ . . . ဘာလိုင်းကြီးပါလား၊ ငါ့ကိစ္စကို မင်းက ဘာဝင်နာနေတာလဲ"

"တော်ပြီကွာ၊ မပြောချင်တော့ဘူး။ လာ . . နိုင်ဝင်း သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကောင်သား ရုပ်တည်နှင့် ထွက်သွားကြတော့သည်။ အာကာမှာပဲ အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့၏။ ဒီကိစ္စကိုတော့ သိပ်စဉ်းစားနေစရာလည်း မလိုချေ။ မိုးဆွေကို ရည်းစားစကားပြော လိုက်၍ မေမိုးဘက်ကနာကာ တင်းပြီး ပြောသွားခြင်းဖြစ်သည်။ ခုချိန်မှာတော့ အာကာလည်း ဘာမှမတတ်နိုင်တော့။ မေမိုးနှင့်တွေ့ ရမှာ မျက်နှာပူသလို ဖြစ်မိသော်လည်း တစ်ဖက်မှာက မိုးဆွေကို ပြောပြီးသွားပြီ။

နောက်ဆုံးမှာတော့ မေမိုးနှင့် မိုးဆွေတို့၏ မျက်နှာတွေကို တစ်လှည့်စီမြင်ယောင်ရင်း အာကာပခုံးသာ တွန့်လိုက်မိလေသည်။

ထိုသို့ဖြင့် . . .။

* * * *



(၃၁)

နောက်ရက်တွေမှာတော့ နိုင်ဝင်းနှင့်သူရတို့က သိသိသာ သာပင် ရှောင်နေကြသည်။ အာကာကလည်း အောက်ကျို့ခံပြီး ိုက်ရှာမနေပါ။ ဒါဆို အာကာဘယ်သွားနေလဲ။ မိုးဆွေနောက်သို့ ကောက်ကောက် လျှောက်လိုက်နေပါသည်။ ပါးစပ်ကလည်း ကရား ရေလွှတ်သလို တတွတ်တွတ်နှင့် . . .

"မိုးဆွေ . . . မိုးဆွေ . . . ကျွန်တော်ပြောထားတာကို စဉ်း းပြီးပြီလားဟင်"

"အောင်မာ . . . ဘာကိုစဉ်းစားရမှာလဲ"

"ဟိုလေ . . . ကျွန်တော် မိုးဆွေကို ချစ်တယ်လို့ ပြောထား ာကိုလေ"

"ဘာရှင့် . . . ပထမတစ်မှုက မပြီးသေးဘူးနော်၊ နောက် ်တစ်မှု ထပ်တက်ချင်လို့လား"

"နောက်တစ်မှု ဟုတ်လား၊ အဲဒီအမှုကိုတော့ စီရင်ချက်



www.burmeseclassic.com

www.burmeseclassic.com



မြန်မြန်သာချလိုက်စမ်းပါ မိုးဆွေရယ်"

မျက်စောင်းကို ဒိုင်းကနဲ ထိုးလိုက်ရင်း မိုးဆွေက . . .

"သေလိုက်ပါလား"

"ဟာဗျာ . . . မိုးဆွေကလည်း . . . "

မျက်နှာငယ်လေးလုပ်ကာ အာကာပြန်ပြောလိုက်သည်။ မိုးဆွေက ရှုတင်းတင်းပြန်ကြည့်ရင်း . . .

"အာကာ . . ရှင်တစ်ရက်တစ်ရက် ကျွန်မနောက်ကလိုက်ပြီး ဒီစကားတွေပဲ ပြောနေမှာလား"

"ဒါဆိုရင် ဘာပြောရမှာလဲ မိုးဆွေရဲ့"

"ရှင်ပြန်တော့၊ ကျွန်မ အတန်းတက်ရဦးမယ်"

"ဒါဆိုလည်း ပြန်လိုက်ဦးမယ်နော်"

"ဝေးလေ ကောင်းလေပဲ"

အာကာကုပ်ကုပ်ကလေး ပြန်သွားတော့မှ မိုးဆွေမဲ့ပြုံးပြုံးရင်း အခန်းထဲဝင်လာခဲ့သည်။ သူမကို လှမ်းကြည့်ကာ တီးတိုးပြောနေကြသော ချောချောနှင့် နွေးနွေးတို့အုပ်စုကို အရင်တွေ့လိုက်ရ၏။

မိုးဆွေက လွယ်အိတ်ကို ခုံပေါ် ပစ်ချရင်း . . .

"ဟဲ့ . . . နင်တို့တွေ ဘာအတင်းပြောနေကြတာလဲ"

နွေးနွေးက . . .

"အတင်းမဟုတ်ပါဘူးဟာ၊ နင့်အကြောင်း ဒဲ့ပြောနေတာ"

"ဘာ . . . ဘယ်လို . . . ဘယ်လို"

ထိုအချိန်မှာပဲ ချောချောကဝင်ပြီး . . .

"ဟုတ်တယ် မိုးဆွေရဲ့၊ အာကာ နင့်ကို ပရိုပို့စ်လုပ်ထားတယ်ဆိုတာ ရိုးရိုးသားသားလို့ နင်ထင်နေလား"

မိုးဆွေ မျက်မှောင်ကြုတ်သွားရသည်။ ချက်ချင်းပဲ ပြန်မေးလိုက်၏။

"နေစမ်းပါဦး၊ နင်တို့က ဘယ်လိုထင်နေလို့လဲ"

"ဒီလိုဟာ၊ အာကာက နင့်ကို လိုက်တောင်းပန်ရာကနေ ခုလိုကြီး ဖွင့်ပြောလိုက်တော့ ဖြစ်ရိုးဖြစ်စဉ်မှ ဟုတ်ရဲ့လားလို့ပါ။ တခြားအကြံအစည်တစ်ခုခုနဲ့များ နင့်ကို ချဉ်းကပ်တာလားလို့ပါ"

"ဘယ်လိုအကြံအစည်မျိုးလဲ"

နွေးနွေးက ခေါင်းခါရင်း . . .

"ဒါတော့ ငါလည်း မပြောတတ်ဘူးဟာ၊ ခုကိစ္စက သဘာဝမကျသလိုတော့ ဖြစ်နေတယ်၊ သူဘယ်လိုတောင်းပန်တောင်းပန် ခွင့်မလွှတ်မှန်းသိလို့ အဲဒီနည်းနဲ့ ဝင်လာတာလား"

မိုးဆွေ တွေကနဲ ဖြစ်သွားစဉ်မှာပဲ ချောချောက . . .

"ပြီးတော့ နင်သိထားသင့်တာ တစ်ခုရှိသေးတယ်၊ အဲဒါက ညနေညနေဆိုရင် အဲဒီအာကာက ဟိုမေမိုးဆိုတဲ့ ကောင်မလေးနဲ့ တတွဲတွဲပဲတဲ့၊ ကျောင်းဆင်းရင် အဲဒီကောင်မလေးကို အာကာက အဆောင်ထိအောင် ပြန်လိုက်ပို့တာတဲ့"

"ဘာ . . . "

စကားသံဟိန်းထွက်သွားသော မိုးဆွေမျက်နှာပေါ်မှာတော့ ခံပြင်းမှုတွေကို အထင်းသားမြင်လိုက်ရလေသည်။

* * * *







www.burmeseclassic.com

www.burmeseclassic.com

## (၃၂)

ဘူမိကင်တင်းထဲ လှမ်းကြည့်လိုက်တော့ မေမိုးနှင့်ထိုင်နေသော သူရနှင့်နိုင်ဝင်းတို့ကို တွေ့လိုက်ရသည်။ သူ့ကို လှမ်းမြင်မြင်ချင်း နိုင်ဝင်းနှင့်သူရတို့က တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြကာ ထထွက်သွားကြ၏။

အာကာက မသိကျိုးကျွံပြုကာ မေမိုးရှိရာ စားပွဲမှာပဲ ဝင်ထိုင်လိုက်သည်။ ပြီး ခပ်တည်တည် ပြန်မေးလိုက်၏။

"ဟိုနှစ်ကောင် ဘယ်ထသွားတာလဲ မေမိုး၊ ပြီးတော့ ရတနာကိုကော မမြင်ပါလား"

မေမိုးက . . .

"မသိဘူးလေ၊ သွားတော့မယ်ဆိုပြီး ရုတ်တရက် ထသွားတာပဲ၊ ရတနာက ဒီနေ့ကျောင်းမတက်တာ . . ."

ဩော်ဟု ရေရွတ်လိုက်ပြီးမှ အာကာထပ်မေးလိုက်သည်။

"ဒါနဲ့ ဒီကောင်တွေ မေမိုးကို ဘာပြောသွားသေးလဲဟင်"





"ထွေထွေထူးထူးတော့ ဘာမှမပြောပါဘူး၊ ဘာဖြစ်လို့လဲ အာကာ၊ ရှင်တို့အချင်းချင်း မခေါ်ကြလို့လား"

သက်ပြင်းငွေ့ငွေ့ကိုချရင်း အာကာက . . .

"ဟုတ်တယ် မေမိုး၊ ဒီကောင်တွေ ကျွန်တော့်ကို တင်းနေကြတာ"

"ရှင် . . . အာကာတို့က ဘယ်လိုတွေ ဖြစ်ကြတာလဲ"

အာကာက အကြည့်ကို မေမိုးမျက်နှာဆီမှ လွှဲဖယ်လိုက်ရင်း-

"ဒီလို မေမိုးရာ၊ ကျွန်တော် မေမိုးကို တောင်းပန်နေရင်းကပဲ မမျှော်လင့်ဘဲ ပရိုပို့စ်လုပ်ဖြစ်သွားတယ်"

"ရှင် . . ."

မျက်လုံးကလေးဝိုင်းပြီး မေမိုးက အလန့်တကြား ပြန်ကြည့်လာသည်။ အာကာက အကြည့်ကို ဆက်ကာလွှဲထားရင်း . . .

"ဟုတ်တယ် မေမိုး၊ အဲဒါကြောင့် ဒီကောင်တွေ ကျွန်တော့်ကို တင်းနေကြတာ"

"ဩော် . . ."

သက်ပြင်းချသံသဲ့သဲ့နှင့်အတူ မေမိုးထံမှ ရေရွတ်သံကို အရင်ကြားလိုက်ရသည်။

အတန်ကြာသည်အထိ နှစ်ယောက်သားကြားမှာ တိတ်ဆိတ်မှုက ဖြစ်တည်နေသေးသည်။ ထိုအချိန်မှာပဲ အာကာစိတ်ထဲမှာလည်း ငါမေမိုးကို ခုလိုပြောလိုက်တာ မှားသွားပြီဆိုသည့်အသိဖြင့် အားနာစိတ်တွေက တအိအိ ပြိုကျလာရ၏။

ထိုစဉ် . . .

"အာကာ . . . ဒီဘက်လှည့်ပါဦး၊ မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မကို ရှက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပါးဟန်လေးဖြင့် ပြောလာသော မေမိုးစကားသံကြောင့် အာကာပင် ကြောင်အမ်းသွားရသည်။ ဆတ်ကနဲ လှည့်ကြည့်လိုက်တော့ မေမိုးက အပြုံးပါးပါးဖြင့် . . .

"ပြောပါဦး၊ အဲဒီတော့ ခုအခြေအနေက . . ."

ပြောလာသော မေမိုးကိုကြည့်ကာ ဟန်ဆောင်ပြီး ပြောနေတာလားဟု အာကာအကဲခတ်လိုက်သေးသည်။ ကိုယ်ကပဲ လူကဲခတ်ညံ့နေသည်လား မပြောတတ်။ မေမိုးမျက်နှာပေါ်မှာ ဟန်ဆောင်ထားသည့် အငွေ့အသက်တို့ကို မမြင်ရချေ။ တကယ်ပင် ရိုးရိုးသားသား မေးနေပုံပေါ်သည်။

အာကာလည်း ခုမှစိတ်လက်ပေါ့ပါးဟန်နှင့် ခေါင်းခါလိုက်ပြီး . . .

"ဘာမှမထူးသေးပါဘူးဗျာ၊ ဟိုလိုလို ဒီလိုလိုပါပဲ၊ ကဲ . . . ကျွန်တော်တို့ ချက်(စ်)ထိုးကြတော့မလား"

"ဟင့်အင်း . . . အာကာ၊ ကျွန်မ ဒီနေ့ နည်းနည်းငြီးစီစီ ဖြစ်နေလို့ အဆောင်ပဲ ပြန်တော့မယ်"

"ဟင် . . . မေမိုး နေမကောင်းလို့လား"

ရုတ်တရက်ပင် အာကာလက်က မေမိုးနဖူးပေါ် ရောက်သွားသည်။ မေမိုးက ရှက်ရွံ့ဟန်ဖြင့် နောက်သို့အနည်းငယ်ရှိလိုက်ပြီး-

"ရပါတယ်၊ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး"

"ဒါဆိုလည်း ပြန်ရအောင်၊ မေမိုးကို ကျွန်တော်လိုက်ပို့မယ်"

"အင်း . . ."

ကင်တင်းမှ နှစ်ယောက်သား ထလာခဲ့ကြသည်။ အဆောင်ထဲဝင်သည့် လမ်းသွယ်ထဲရောက်တော့ မေမိုးကို လိုက်နှောက်ယှက်တတ်သော ဖောက်သည်ကြီးကို တွေ့လိုက်ရသဖြင့် မေမိုးလက်က





လေးကို အာကာကိုင်ထားလိုက်၏။ ခုလို မေမိုးလက်ကလေးနှင့် ထိတွေ့လိုက်တိုင်း ဖော်မပြတတ်သော ခံစားမှုတစ်မျိုး အမြဲခံစားရသည်ဟု အာကာထင်မိသည်။ ထိုခံစားမှုကိုတော့ ဘယ်လိုအမည်တပ်ရမည်မှန်လည်း မသိချေ။

အဆောင်ရှေ့ရောက်တော့ မေမိုးက ကျေးဇူးပဲဟု ခပ်တိုးတိုးဆိုလာသည်။ အာကာက မေမိုးလက်ကလေးကို လွှတ်ပေးလိုက်၏။

ခါတိုင်းဆိုလျှင် အဆောင်ဝင်းထဲသို့ လှစ်ကနဲ ပြေးဝင်သွားတတ်သော မေမိုးက ဒီနေ့တော့ အာကာဘက်ပြန်လှည့်ကာ မျက်နှာမူလိုက်ရင်း . . .

"အာကာ . . ."

"ဟင် . . . ဘာလဲ"

"နောက်နေ့တွေ လိုက်မပို့နဲ့တော့နော်၊ ကျွန်မအတွက် အလုပ်တစ်ခုလို ဖြစ်နေပြီ"

"အာ . . . မဟုတ်တာ၊ ရတနာကလည်း ဟိုကောင်သူရနဲ့ ပြန်တာ၊ မေမိုးတစ်ယောက်တည်းဆိုတော့ ဟိုလူနှောက်ယှက်တာကို"

ရပါတယ်၊ ကျွန်မဖြေရှင်းနိုင်မှာပါ၊ အာကာလည်း ပြန်တော့"

ပြောရင်း အဆောင်ထဲသို့ ဆတ်ကနဲ လှည့်ဝင်သွားလေသည်။ မေမိုးဟု လှမ်းခေါ်လိုက်သော်လည်း မကြားရှာလားမသိ၊ လှည့်မကြည့်တော့ချေ။

ဘာဖြစ်လို့ ဒီနေ့ကျမှ မေမိုးဒီလိုစကားမျိုး ပြောသွားတာလဲ?

အာကာစဉ်းစား၍မရ။ တစ်စုံတစ်ခုကို စိတ်ထဲမှာ သိနေသလိုလိုရှိသော်လည်း ထိုအဓိပ္ပါယ်ကို ဖမ်းဆုပ်၍ မရနိုင်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာထာတစ်ခုကတော့ . . .

မေမိုး၏စကားကြောင့် သူ့ရင်ထဲက တစ်နေရာမှ လစ်ဟာသွားသလို ခံစားလိုက်ရသည်ကတော့ အမှန်ပင် ဖြစ်လေသည်။

* * * *



(၃၃)

နောက်နေ့လိုက်မပို့နဲ့တော့ဟု မေမိုးက ဆိုခဲ့သည့်တိုင် ညနေရောက်တော့လည်း အာကာခြေလှမ်းတွေက ဘူမိကင်တင်းဘက်သို့ ဦးတည်လျက် ရှိနေပြန်သည်။

ကင်တင်းရှေ့အရောက် ငေ့ကြည့်လိုက်တော့ မေမိုးကိုတွေ့လိုက်ရသည်။ တစ်ယောက်တည်း မဟုတ်။ သူရ၊ ရတနာတို့နှင့်အတူထိုင်နေခြင်း ဖြစ်သည်။ ထိုဝိုင်းမှာ အာကာဝင်ထိုင်လိုက်တော့ သူရက တစ်ချက်ကြည့်လိုက်ပြီးမှ သူ့ဘေးမှ ရတနာအား . . .

"ရတနာ . . . ကိုယ်တို့ပြန်ရအောင်"

ပြောရင်း သူရက ထရပ်လိုက်သဖြင့် ရတနာကလည်း အင်း . . သွားမယ်လေဟုပြောကာ နှစ်ယောက်သား ထထွက်သွားကြသည်။ အာကာလည်း မေမိုးကိုကြည့်ကာ ပခုံးအသာတွန့်ပြမိတော့၏။

မေမိုးကလည်း အာကာကိုပြန်ကြည့်ရင်း ခပ်ဟဟရယ်လျက်-

"အဟင်း . . . ရှင့်သူငယ်ချင်းကတော့ ခုထိတင်းနေတုန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်"

"မသိတော့ပါဘူး မေမိုးရယ်၊ ကျွန်တော့်ဘက်ကတော့ အေး အေးဆေးဆေးပါပဲ"

စကားအဆုံးမှာ မေမိုးက မစို့မပို့ တစ်ချက်ပြုံးလိုက်ပြီး လက်မှနာရီကိုကြည့်လျက် . . .

"ကဲ . . . အာကာ၊ ကျွန်မလည်း ပြန်တော့မယ်"

အာကာက အံ့ဩသွားဟန်ဖြင့် . . .

"ဟင် . . . ချက်(စ်)မထိုးတော့ဘူးလား၊ ပြီးရင် ကျွန်တော် လိုက်ပို့မှာပေါ့"

မေမိုးက . . .

"မထိုးတော့ပါဘူး၊ ချက်(စ်)ခုံလေးတောင် အဆောင်မှာ ထားခဲ့တယ်၊ ပြီးတော့ အာကာကို မနေ့ကပဲ ပြောခဲ့တယ်လေ၊ လိုက် မပို့နဲ့တော့လို့"

အာကာက ရှုံ့ရှုံ့ရှားရှား ဖြစ်သွားဟန်နှင့် . . .

"ဟာကွာ၊ အဲဒါ မေမိုးဘက်က တစ်ဖက်သတ်ကြီးပြောတာ ပဲဟာကို၊ နေစမ်းပါဦး၊ ချက်(စ်)မထိုးတော့ဘူးလို့၊ ပြန်လိုက်မပို့နဲ့ တော့လို့ ပြောတာကတော့ ဘာသဘောတွေလဲ"

မေမိုးက မျက်ခုံးလေးပင့်လိုက်ရင်း . . .

"ဘာသဘောမှ မဟုတ်ပါဘူး၊ အရင်တုန်းက အာကာ မိုးဆွေနဲ့ပတ်သက်ပြီး စိတ်ရှုပ်နေလို့ စိတ်အပြောင်းအလဲဖြစ်အောင် ချက်(စ်)ထိုးကြတာလေ၊ ခု . . လိုမှမလိုတော့ပဲ၊ ပြီးတော့ ခုလို အာကာ ကျွန်မကို လိုက်လိုက်ပို့နေတာ မိုးဆွေသိသွားရင်လည်း ကြိုက်မယ် မထင်ဘူး"

"မဆိုင်လိုက်တာဗျာ၊ မိုးဆွေနဲ့ ကျွန်တော်နဲ့ကလည်း ဘာမှ





ဖြစ်သေးတာ မဟုတ်ဘူး၊ ဖြစ်ရင်တောင် ကျွန်တော့်ရဲ့ကိုယ်ပိုင်အခွင့်အရေး ကို ချုပ်နှောင်ထားလို့ မရဘူးဗျ၊ ဒီမှာ မေမိုး"

မေမိုးက မျက်လုံးလေးဝိုင်းပြီး ပြန်ကြည့်လာသည်။ အာကာ လည်း အသက်ကို ဝဝရှူသွင်းလိုက်ပြီး . . .

"ကျွန်တော်ပြောပြမယ်၊ မေမိုးမဆိုင်တာတွေကို ဘာမှ လျှောက်တွေးမနေနဲ့၊ မနက်ဖြန် ချက်(စ်)ခုံပြန်ယူလာခဲ့၊ ပြီးတော့ ခါတိုင်းလိုပဲ မေမိုးကို လိုက်ပို့မယ်၊ နောက်နေ့တွေလည်း ဒီကပဲ စောင့်နေပါ၊ ဟုတ်ပြီလား"

အစိမ့်ပွါယ်ဖော်ရခက်သော မျက်ဝန်းများဖြင့် မေမိုးက ပြန် ကာစိုက်ကြည့်နေသည်။

အာကာက . . .

"မေမိုး . . . ကျွန်တော်ပြောတာ ကြားရဲ့လား"

ထိုအခါမှ မေမိုးက လျှော့ရဲရဲပြုံးလိုက်ရင်း ခေါင်းကလေး အသာညိတ်ပြလာသည်။

စိတ်ထဲမှာတော့ . . .

ဘာမှပြန်မပြောချင်တာ အာကာရဲ့အမိန့်ကို တိတ်တိတ် ကလေး နာခံချင်လို့ပေါ့ကွယ် . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

(၃၄)

"အာကာ . . . ရှင် ညနေပိုင်းကျောင်းဆင်းရင် သွားစရာရှိလားဟင်"

မရှိပါဘူးဟု ပြောလိုက်မည်ပြုပြီးမှ မေမိုးဆီသွားရန် ရှိသေးသည်ကို သတိရလာ၍ . . .

"ဘာဖြစ်လို့လဲ မိုးဆွေရဲ့၊ ကိစ္စရှိလို့လား"

မိုးဆွေက ခပ်တည်တည်မျက်နှာလေးဖြင့် . . .

"ဩော် . . . ထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ ဒီနေ့ချောချောကျောင်းမတက်ဖူးလေ"

"သိပြီ . . . သိပြီ . . . ဒါနဲ့ပဲ မိုးဆွေက ကျွန်တော့်ကို အဖြေပေးတော့မယ်ပေါ့"

"အောင်မာ . . . ဘာမှမဆိုင်ဘူး"

မျက်စောင်းကို ဒိုင်းကနဲထိုးရင်း မိုးဆွေက ပြောလာသည်။ အာကာက ဟီးကနဲ ရယ်လိုက်ရင်း . . .





"ကဲ . . . ဒါဆိုလည်း ဘာလဲ . . . ပြော"

"ဒီလိုလေ၊ ကျွန်မတစ်ယောက်တည်း ပြန်ရမှာ ပျင်းနေလို့၊ အာကာကို လိုက်ပို့ခိုင်းမလားလို့"

"ဟင် . . . မိုးဆွေမှာ ကားမပါဘူးလား"

"ပါသားပဲ၊ အာကာ ကားမောင်းတတ်တယ် မဟုတ်လား"

မိုးဆွေ၏မျက်နှာကို အာကာတစ်ချက်စိုက်ကြည့်လိုက်သည်။ ခုလို မိုးဆွေပြောနေသော စကားသည် သူ့အတွက် အခွင့်အရေးတစ်ခုဆိုတာလည်း သူနားလည်ပါသည်။

သို့သော် . . .

ဒီစကားကို မိုးဆွေသွေးရိုးသားရိုးမှ ပြောတာဟုတ်ရဲ့လား။ ပြီးတော့ မေမိုးနှင့် ချိန်းထားတာကို အာကာထပ်သတိရလိုက်မိသည်။

ထိုအတွေးလေးနှင့်ပင် . . .

"ကားကတော့ မောင်းတတ်ပါတယ်၊ မိုးဆွေကိုလည်း လိုက်ပို့ချင်ပါတယ်၊ ဒါပေမယ့် ညနေကျောင်းဆင်းရင် ချိန်းထားတာလေးတစ်ခုရှိနေလို့၊ ဟိုလေ . . . မိုးဆွေမှာလည်း ကားပါသားပဲဟာ၊ မောင်းပြန်လိုက်ရင် ပြီးတာပဲဟာကို"

စကားအဆုံးမှာ မိုးဆွေက ခပ်ညှင်းညှင်းရယ်လျက် . . .

"ဟုတ်ပါပြီရှင်၊ ရပါတယ် . . . ရပါတယ်၊ အာကာများ လိုက်ပို့ချင်စိတ်ကလေး ရှိရဲ့လားလို့ မေးကြည့်တာပါ၊ ကိုယ့်ကားကိုယ်ပဲ မောင်းပြန်လိုက်ပါ့မယ်"

ထိုစကား၏အတိမ်အနက်ကို နောက်တစ်နေ့မှပဲ အာကာသိလိုက်ရလေသည်။ ထုံးစံအတိုင်း နောက်နေ့ အာကာသွားတော့ မိုးဆွေက . . .



www.burmeseclassic.com

www.burmeseclassic.com



“အာကာ . . . ဒီညနေကော အားလားဟင်”

“ဗျာ . . . ဘာ . . ဘာဖြစ်လို့လဲ”

မိုးဆွေက စိတ်ရှုပ်ဟန်လေးဖြင့် . . .

“ဒီနေ့လည်း ချောချော ကျောင်းမလာဘူးလေ၊ ပြီးတော့ ကျွန်မကားလည်း ဝပ်ရှော့ထိုးထားရလို့ ယူမလာရဘူး၊ ဒီညနေ လိုင်းကားနဲ့ အိမ်ပြန်ရမှာ၊ အာကာလိုက်ပို့ပေးလို့ ဖြစ်တယ်မလား”

စိတ်ထဲမှာ ကြိတ်၍ လေပူကြီးကို စိတ်ရှိလက်ရှိ မှုတ်ထုတ်လိုက်မိသည်။ ဒီနေ့မှထပ်ကာ ငြင်းလိုက်လျှင်တော့ သူနှင့်မိုးဆွေကြားက ဆက်ဆံရေးသည် ပိုမိုဆိုးရွားသွားနိုင်သည်။

ထို့ကြောင့် . . .

“အင်းလေ . . . မိုးဆွေခုလိုတစ်ယောက်တည်း ပြန်ရမှာဆိုရင် ကျွန်တော်လိုက်ပို့မှာပေါ့”

မိုးဆွေကို ထိုသို့ပြောခဲ့ပြီး နိုင်ဝင်းနှင့်သူရတို့ကို လိုက်ရှာပါသေးသည်။ ဒီညနေစောင့်မနေပါနှင့်တော့ဟု မေမိုးထံသို့ အကြောင်းကြားခိုင်းရန် ဖြစ်၏။ ဖြစ်ချင်တော့ နဂိုကတည်းက ရှောင်ဖယ်ဖယ်လုပ်နေသည့် ဒင်းတို့နှစ်ကောင်ကိုလည်း အစအနပင် ရှာမတွေ့ချေ။

သို့နှင့် ညနေကျောင်းဆင်းတော့ မိုးဆွေအား လိုင်းကားနှင့်လိုက်ပို့ရပြန်သည်။ ထိုအချိန်အထိ မေမိုးတစ်ယောက်စောင့်နေမည်လား ဟူသောစိတ်ကလည်း တထင့်ထင့်နှင့် . . .။

မိုးဆွေကိုလိုက်ပို့ပြီး ပြန်မည်ဟု စဉ်းစားလိုက်သေးသည်။ ပြီးတော့မှ မေမိုးစောင့်နေမည်ကို တွေးမိပြန်သဖြင့် ကျောင်းကိုပဲ လှည့်ပြန်လာခဲ့၏။ စိတ်ထဲမှာတော့ မေမိုးစောင့်နေလိမ့်မည်ဟု ထင်မထားတော့ချေ။

သို့သော်လည်း . . .





စိတ်တထင့်ထင့်နှင့် အာကာရောက်သွားချိန်မှာတော့ . . .

“ဟင် . . .”

မျက်လုံးပြူးမတတ်ပင် အံ့ဩသွားရသည်။ ဘူမိကင်တင်းရှေ့မှ ခုံတန်းလျားလေးမှာ မေမိုးကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

“မေမိုး . . . မေမိုးစောင့်နေသေးတယ် . . . ဟုတ်လား”

မေမိုးက ခပ်ယဲ့ယဲ့ပြုံးကာ ထရပ်လိုက်ရင်း . . .

“အင်းလေ . . . အာကာပဲ စောင့်နေဆို၊ ဘယ်သူမှလဲ အကြောင်းလာမကြားတော့ ကျွန်မလည်း စောင့်နေတာပေါ့”

“မေမိုးရယ် . . .”

ထိုသို့သာ အာကာ ခပ်တိုးတိုး ညည်းမိတော့သည်။ မေမိုးက ရီဝေဝေစိုက်ကြည့်နေသော အာကာမျက်ဝန်းများကို လွှဲဖယ်ရင်း သူမဘေးမှာချထားသော ချက်(စ်)ခုံလေးကို လှမ်းယူကာ လွယ်အိတ်ထဲထည့်လိုက်၏။

ရင်ထဲမှာ လှိုက်လှိုက်ခါခါ ဖြစ်ပွားသောစိတ်နှင့်အတူ အာကာက . . .

“ကျွန်တော် ဘာဖြစ်လို့ နောက်ကျနေလဲဆိုတာ မေမိုး မမေးတော့ဘူးလားဟင်”

မေမိုးက ခေါင်းကို ခပ်ဖြည်းဖြည်းခါလိုက်ပြီး . . .

“ဟင့်အင်း . . . မမေးတော့ပါဘူး၊ ခု အာကာရောက်လာပြီပဲ”

အာကာ သက်ပြင်းကိုသာ ကြိတ်၍ ချမိတော့သည်။ အပြင်ဘက်ကို ဝေ့ကြည့်လိုက်တော့ ပတ်ဝန်းကျင်မှာပင် မှောင်စပြုနေပြီ။ ကြွင်းကျန်နေသေးသော ဆည်းဆာအလင်းဖျော့ဖျော့များကြားမှ မေမိုးမျက်နှာလေးကို စိုက်ကြည့်မိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



မေမိုးက မျက်လွှာလေးကို တံခါးပိတ်လိုက်ကာ . . .

"ပြန်ရအောင်လေ . . . အာကာ၊အပြင်မှာတောင် မှောင်စပြုနေပြီ"

"အင်းလေ . . . ပြန်ကြတာပေါ့"

နှစ်ယောက်သား ကျောင်းဝင်းထဲမှ ထွက်လာခဲ့ကြပြီး အပြင်ရောက်တော့ အာကာက ကားတစ်စီးငှားလိုက်၏။ အဆောင်ရှေ့ရောက်သည်အထိ မေမိုးက ကားပေါ်မှာ ငြိမ်ဆိတ်ကာ လိုက်ပါလာသည်။ အဆောင်ရှေ့ရောက်၍ အာကာက ကားရပ်ခိုင်းလိုက်တော့ မေမိုးက တံခါးဖွင့်ကာ ဆင်းလိုက်ပြီး . . .

"သွားပြီနော် . . . အာကာ၊ နောက်နေ့ အာကာ မအားရင် မလာပါနဲ့တော့"

"ဘာဖြစ်လို့လဲ မေမိုး၊ ဒီနေ့ ကျွန်တော်လာတာ နောက်ကျသွားလို့လား"

"မဟုတ်ပါဘူး၊ အာကာမှာက အချိန်တချို့ကို ဖွဲ့ပေးရမယ့်သူ ရှိနေပြီပဲ၊ အဲဒါကြောင့်မို့ပါ"

ခပ်တိုးတိုးပြောကာ မေမိုး အဆောင်ထဲလှမ်းဝင်သွားတော့သည်။ ရုတ်တရက် ပြန်ပြောစရာ စကားရှာမတွေ့သလို အာကာ ဆွံ့အ,ပြီး ကျန်ရစ်ခဲ့ရ၏။

အိမ်အပြန်လမ်းမှာတော့ အမှောင်က သိသိသာသာ နေရာယူထားလေပြီ။

သို့သော်လည်း . . .

အချိန်အတိုင်းအတာတစ်ခုမှာ ထင်းသန့်တောက်စားသွားသည့် ကိုယ့်ရင်ဘတ်ထဲကိုတော့ အာကာခံစားမှုတစ်ချို့နှင့် သိမြင်လိုက်ရလေသည်။



(၃၅)

"တကယ်ပါကွာ၊ ငါဆုံးဖြတ်လိုက်တာ မှားသွားပြီထင်တယ်"

ခပ်ညည်းညည်း ပြောလိုက်သည့် အာကာ့စကားအဆုံးမှာတော့ သူ့ရက စိတ်မကောင်းဟန်ဖြင့် ကြည့်လာပြီး . . .

"အေး . . မင်း ဒီလိုခံစားလာရလိမ့်မယ်လို့ ငါတို့ထင်ထားပြီးသားပါ၊ ငါတို့ မင်းကိုစိတ်ဆိုးပြီး တင်းနေလို့လည်း ဘာမှမထူးဘူးဆိုတာ သိပါတယ်"

"ဟုတ်တယ် အာကာ၊ အခြေအနေတွေက လွန်ကုန်ပြီလို့တော့ ပြောလို့မရသေးဘူး၊ မင်း ခုဘာဆက်လုပ်မှာလဲ"

"ဟူး . . . ငါလည်း ဘာဆက်လုပ်ရမှန်းတောင် မသိတော့ပါဘူး၊ မိုးဆွေဆီကလည်း အဖြေက တောင်းထားပြီးနေပြီ ပြီးတော့ ငါ . . ငါ မေမိုးကိုလည်း . . ."

စကားမဆုံးခင်မှာဘဲ သူ့ရက နားလည်သလို လက်ကာပြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သဘောပေါက်တယ် အာကာ၊ လောလောဆယ် အကြံ ပေးချင်တာကတော့ ကိုယ့်ကြောင့် ဘယ်သူ့ကိုမှ ထိခိုက်မနာကျင်စေရအောင် မင်းသေသေချာချာ ထပ်စဉ်းစားပါ။ ပြီးတော့ မင်းကိုယ်မင်းလည်း မြင်အောင်ပြန်ကြည့်ပါ။ ပြောချင်တာကတော့ ဒါပါပဲ၊ ခု ငါတို့ ဘုမိဘက်ကို သွားမလို့၊ မင်းလိုက်ဦးမှာလား"

စိတ်ညစ်သော ပုံစံဖြင့် အာကာခေါင်းကိုပဲ ခါပြမိတော့သည်။ သူရတို့ထွက်သွားပြီး အတော်ကြာသည်အထိ ကင်တင်းမှာ တစ်ယောက်တည်း ငူငူငိုင်ငိုင် ထိုင်နေမိသေးသည်။

နေရထိုင်ရတာလည်း ဘယ်လိုမှ အဆင်မပြေချေ။ လောလောဆယ် မိုးဆွေဆီ သွားချင်စိတ်မရှိသလို မေမိုးနှင့်လည်း တွေ့ရမှာ အားနာသလိုကြီး ဖြစ်နေမိသည်။

သို့သော်လည်း ဒီအခြေအနေမှာ ဒီအတိုင်းကြီး ထိုင်နေလို့ မဖြစ်မှန်း အာကာနားလည်ပါသည်။

မည်သို့ပင်ဖြစ်စေ . . .

သူ့အနေနှင့် ဆုံးဖြတ်ချက်တစ်ခုကို ခက်ခက်ခဲခဲ ဆုံးဖြတ်ရတော့မည်ဆိုတာကိုလည်း အာကာရင်မောနာကျင်စွာ တွေးလိုက်မိလေ၏။

* * * *



(၃၆)

သို့နှင့် ထိုနေ့က စာသင်ခန်းထဲဝင်ကာ တစ်ရက်လုံးသင်နေသော စာထဲမှာပဲ အာရုံနှစ်ထားလိုက်သည်။ ညနေကျောင်းဆင်းချိန် နီးသည့်တိုင်အောင် ဘယ်သွားပြီး ဘာလုပ်ရမည်ကို မဆုံးဖြတ်ရသေး။

ထိုအချိန်မှာပဲ ဘေးမှ သူငယ်ချင်းတစ်ယောက်က တီးတိုးလှမ်းပြောလာသည်။

"အာကာ . . မင်းကို အခန်းအပြင်ဘက်မှာ ကောင်မလေးတစ်ယောက် လက်ညှိုးထိုးပြီး လှမ်းခေါ်နေတယ်"

"ဟင် . . ."

အံ့ဩစိတ်နှင့်အတူ အာကာလှမ်းကြည့်ပြီး မျက်လုံးပြူးသွားရ၏။ လက်ဟန်ပြကာ လှမ်းခေါ်နေသူက တစ်ခြားမဟုတ်။ မိုးဆွေပင် ဖြစ်လေသည်။

ဆရာထံမှ ခွင့်တောင်းကာ အာကာထွက်သွားလိုက်တော့-

"စာတွေ သိပ်ကြိုးစားနေပါလား အာကာရဲ့၊ ဒီနေ့မနက်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မလာတော့ ကျောင်းမတက်ဖူးတောင် ထင်နေတာ၊ အဲဒါ ဒီဘက်က ဖြတ်လာရင်း ရှင့်ကို လှမ်းမြင်တာနဲ့ . . . "

အာကာက မပွင့်တပွင့် ပြုံးလိုက်ပြီး . . .

"အင်း . . . ကျွန်တော်လည်း မနက်က ထွက်လာမလို့ဘဲ၊ ဒီရက်ပိုင်း အတန်းတွေ တော်တော်ပျက်နေတာနဲ့ အတန်းဝင်တက်နေတာ၊ ခု မိုးဆွေဘယ်သွားမှာလဲ၊ တစ်ခုခုသောက်မလား"

မိုးဆွေက မျက်ခုံးလေးပင့်လိုက်ကာ . . .

"မသောက်တော့ပါဘူး၊ ခုပြန်တော့မှာလေ၊ အဲဒါ အဖော်မရှိလို့ ရှင့်ကိုလာခေါ်တာ၊ ဒီနေ့လည်း ကျွန်မမှာ ကားမပါလာဘူး ရှင့်၊ လိုင်းကားနဲ့ပဲ ပြန်ရမှာလေ၊ အဲဒါ ရှင်လိုက်ပို့မယ် မဟုတ်လား"

"ဗျာ . . . "

အာကာ ခေါင်းမွှေးထောင်မတတ်ဖြစ်သွားရ၏။ မိုးဆွေသူ့ကို ခုလိုအရေးပေးသလို ဒါမှမဟုတ် အနေရခက်အောင် ဆက်ဆံနေတာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ ဘာပြန်ပြောရမည်မှန်းမသိဘဲ အာကာချွေးပြန်လာရသည်။

ထိုအချိန်မှာပဲ မိုးဆွေက . . .

"ဘာဖြစ်လို့လဲ အာကာ၊ ရှင့်မှာ ကျွန်မအတွက် အချိန်တွေ အဲဒီလောက်ရှားပါးနေလို့လား"

အာကာ အိုးတိုးအမ်းတမ်း ဖြစ်သွားရပြီး . . .

"အာ . . . အင်း . . . အဲဒီလိုသဘောမဟုတ်ပါဘူး၊ ကျွန်တော် သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားသေးလို့၊ ဒီလိုလုပ်ပါလား၊ သူနဲ့သွားမယ့်ကိစ္စကို မသွားဖြစ်တော့ဘူးလို့ အသိသွားပေးလိုက်မယ်၊ မိုးဆွေကင်တင်းမှာဖြစ်ဖြစ် ခဏစောင့်ပေးပါလား၊ ပြီးရင် ကျွန်တော် မိုးဆွေကို လိုက်ပို့ပေးမယ်"





စကားအဆုံးမှာ မိုးဆွေက တခစ်ခစ် ရယ်တော့သည်။ အာကာကိုလည်း မျက်စမျက်နဖြင့်ကြည့်ကာ . . .

"ပွင့်ပွင့်လင်းလင်းပြောပါလား အာကာရဲ့၊ ရှင်သွားပြောမယ်ဆိုတာ မေမိုးဆွေမဟုတ်လား"

"ဟင် . . . မိုးဆွေက ဘယ်လိုသိတာလဲ"

ချက်ချင်းပင် မိုးဆွေမျက်နှာလေးက တည်သွားပြန်သည်။

"ကိုယ့်ကို ပရိုပိုဇ်လုပ်ထားတဲ့ လူတစ်ယောက်ရဲ့အကြောင်းကို ဒီလောက်သိတာ မဆန်းပါဘူး၊ ရှင်သွားချင်ရင် သွားလေ၊ ကျွန်မလည်း လိုက်ခဲ့ပေးမယ်၊ ပြီးရင် ရှင်က ကျွန်မကို အဝေးကြီးတောင် လိုက်ပို့ရမှာ"

အာကာ ယောက်ယက်ခတ်သွားရ၏။ လျှောက်ရမည့်ခြေလှမ်းတွေကလည်း ခါးသွားပေါ် ဖြတ်လျှောက်ရသကဲ့သို့ တွန့်ဆုတ်သွားရပြန်သည်။

ထိုအချိန်မှာပဲ မိုးဆွေက . . .

"ဩော် . . . အတော်ပဲ အာကာ၊ ရှင်သွားပြောမယ့် မေမိုးက ဒီဘက်ကို လာနေတယ်"

"ဟင် . . . "

လှမ်းကြည့်လိုက်တော့ မေမိုးနှင့် ရတနာတို့ တကယ်ပင် လျှောက်လာနေသည်ကို တွေ့လိုက်ရ၏။ ရှောင်ထွက်ရန် စဉ်းစားလိုက်သော်လည်း မေမိုးတို့က မြင်သွားလေပြီ။ ခြေလှမ်းမှန်မှန်နှင့်ပင် အာကာတို့ဘက် လျှောက်လာပြီး . . .

"အာကာတို့ပါလား၊ ဘယ်သွားကြမလို့လဲ"

မေမိုး၏အမေးက ရင်ထဲမှာ စစ်တနဲ နာကျင်သွားစေသည်။ ဝင့်သက်ကို ခိုးရှိုက်လိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ . . . ကျွန်တော် မိုးဆွေနဲ့ သွားစရာရှိလို့ ဒီနေ့ မေမိုးကို လိုက်မပို့ဖြစ်တော့ဘူးလို့ လာပြောမလို့ပါ"

ထိုအချိန်မှာပဲ မိုးဆွေက ရုတ်တရက်ဝင်ကာ . . .

"သွားစရာဆိုတာက ကျွန်မကို လိုက်ပို့မလို့ပါ"

မိုးဆွေစကားကြောင့် အာကာစိတ်ထဲ မျက်ကနဲ ဖြစ်သွားရသော်လည်း မေမိုးကတော့ အာကာကိုပဲကြည့်ကာ ရယ်လျက် . . .

"ရပါတယ် အာကာရဲ့၊ ရှင့်ကို မနေ့ကပဲ လိုက်မပို့နဲ့တော့လို့ ပြောခဲ့တာပဲ၊ အဲဒါကြောင့် ဒီနေ့ ရတနာနဲ့ပြန်ဖို့ ထွက်လာတာ"

"ဟာ . . . မဟုတ်တာ၊ မေမိုးမှာ အခက်အခဲရှိနေတာ ကျွန်တော်သိတာပဲ၊ နောက်နေ့တော့ စောင့်နေ . . ."

စကားမဆုံးခင်မှာပဲ မိုးဆွေက ဖြတ်၍ . . .

"ဩော် . . . အာကာ၊ ကျွန်မကားက တစ်ပတ်လောက် ဝပ်ရှော့ထိုးထားရဦးမယ်၊ ဒီကြားထဲ ရှင့်ကိုပဲ လိုက်ပို့ခိုင်းရမှာ"

ပြောရင်းပင် မိုးဆွေက မထီတရီမျက်ဝန်းများကို မေမိုးဘက်သို့ ပို့လိုက်၏။ အကြည့်နှစ်ခုကြားထဲမှာ မီးတောင်တစ်လုံး ပေါက်ကွဲသွားသည်ဟု အာကာခံစားလိုက်ရသည်။

ချက်ချင်းပင် မေမိုးအပေါ် အားနာစိတ်တွေက သောင်တစ်ခုလို ဖြစ်ထွန်းလာလျက် . . .

"ကဲ . . . မေမိုး၊ ကျွန်တော်တို့ သွားတော့မယ်"

မေမိုးက ဟန်ဆောင်မျက်နှာဖုံးပေါ်က အပြုံးလေးတပ်ဆင်ကာ အာကာဘက်လှည့်ရင်း ခေါင်းညိတ်ပြလာသည်။

မိုးဆွေကို လိုက်ပို့နေသည့် လမ်းတလျှောက်မှာလည်း တင်းကျပ်နေသော စိတ်တွေဖြင့် အာကာ ဘာစကားမှ မပြောဖြစ်ချေ။ မိုးဆွေတို့အိမ်အနီးရှိ ကားမှတ်တိုင်ရောက်တော့ နှစ်ယောက်သား





ဆင်းလိုက်ကြသည်။

ကျွန်တော်သွားတော့မယ်ဟု အာကာနှုတ်ဆက်လိုက်ချိန်မှာ မိုးဆွေက ခပ်စူးစူးလေး စိုက်ကြည့်လာပြီး . . .

"အာကာ . . . ဒီနေ့ သောကြာနေ့နော်၊ ကြားထဲမှာ နှစ်ရက်ကျောင်းပိတ်ပြီးလို့ တနင်္လာနေ့ လေးနာရီတိတိမှာ ကန်ပေါင်ကိုလာခဲ့ပါ"

"ဟင် . . . မိုးဆွေပြောချင်တာက . . ."

"ဟုတ်တယ် အာကာ၊ ရှင့်ကို အဲဒီနေ့အချိန်မှာ ရှင်တောင်းထားတဲ့ အဖြေကိုပေးမယ်၊ နောက်မကျဘဲ ရောက်အောင်လာခဲ့ပါ"

"ဗျာ . . . ."

"နောက်တစ်ခါ ထပ်မပြောတော့ဘူးနော်၊ ကဲ . . . ကျွန်မသွားပြီ"

ပြောရင်း စိုက်ကြည့်ကာ မိုးဆွေချာကနဲ လှည့်ထွက်သွားလေသည်။ မထင်မှတ်ထားသော စကားကြောင့် အာကာကြောင်အမ်းကာ ရပ်နေမိသေးသည်။

ဒီဖြစ်ရပ်သည် အိပ်မက်မဟုတ်မှန်းလည်း နားလည်ပါသည်။

ဒါဆိုလျှင် . . .

သူ လက်သီးလက်မောင်းတန်းပြီး ပျော်ပစ်လိုက်ရမည်လား။

ဒါမှမဟုတ် . . .

နောင်တတွေ ပွေ့ဖက်ကာ နာကျင်ကြေကွဲပစ်လိုက်ရမည်လား။

လောလောဆယ် သူ့ရင်ထဲမှာ ခံစားမှုတွေကော ဦးနှောက်ထဲမှာပါ အသိဉာဏ်တွေမဲ့နေသလို အာကာ မတုန်မလှုပ်ရပ်နေဆဲပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃၇)

အာကာ မမျှော်လင့်ရဲသော်လည်း တနလ်ာနေ့သည် သိုးဆောင်းပြက္ခဒိန်၏အလိုအတိုင်း စနစ်တကျ ရောက်ရှိလာခဲ့လေပြီ။

ကျန်ခဲ့သည့် နှစ်ရက်စလုံးမှာလည်း ဝေဝါးသော ဗွိဟစိတ်တွေဖြင့် မှုန်းကျပ်နေခဲ့၏။

သူ . . မိုးဆွေဆီက အဖြေကို ကျေကျေနပ်နပ် သွားယူလိုက်ရမည်လား။ ထိုကိစ္စသည် မေမိုးအပေါ် မှာကော နာကျင်မှုတွေပေးလိုက်သလို ဖြစ်လာမည်လား။

အိမ်မှာ ခွေခေါက်ကာ လူးလိမ့်ရင်း တစ်ခုခုကို ဆုံးဖြတ်လိုက်ရမှာ ကြောက်ရွံ့နေမိသည်။ ထိုစိတ်တွေဖြင့် တနလ်ာမည်သောဒီနေ့မှာလည်း ကျောင်းသို့မရောက်ဖြစ်ချေ။ သို့သော်လည်း သူ့အတွက် ခက်ခဲစေမည့် လေးနာရီဆိုသော အချိန်သည် တရွေ့ရွေ့ဖြင့် ရောက်လာဦးမည်ကိုလည်း အာကာ ရှောင်လွှဲ၍မရမှန်း သိထားပြီးသားဖြစ်သည်။





သို့နှင့် နာရီလက်တံသည် ဂဏန်းတချို့ကို ဖြတ်သန်းကာ သုံးနာရီပင် ထိုးလုနေပြီ။ အာကာတစ်ယောက် အိပ်ယာထဲမှာ ခွေခွေမ်ရ လူးလိမ့်နေဆဲ။

ထိုစဉ် . . .

"အခန်းတံခါးဖွင့်သံနှင့်အတူ ဝင်ရောက်လာသူတွေက သူရနှင့် နိုင်ဝင်း . . .။

မျက်လုံးပြူးကာ ကြည့်ရင်း သူရက အရင် . . .

"ဘယ်လိုလဲ အာကာ၊ ကောင်မလေးဆီက အဖြေသွားတောင်းမယ့်ကောင်က ဘယ်လိုပုံစံကြီး ဖြစ်နေတာလဲ"

အာကာ ငေါက်ကနဲ ထထိုင်မိလိုက်ကာ အံ့ဩစွာဖြင့် . . .

"ဟင် . . . ဒီကိစ္စကို မင်းတို့က ဘယ်လိုသိတာလဲ"

နိုင်ဝင်းက မဲ့ပြုံးပြုံးလိုက်ရင်းပင် . . .

"သိတာပေါ့ကွာ၊ ဒီကိစ္စကို ငါတို့တွေတင် မဟုတ်ဘူး၊ မေမိုးပါ သိတယ်"

"ဟေ . . ."

ပိုမိုသော အံ့ဩမှုတွေက ရင်ထဲမှာ ပြည့်သိပ်သွားကြသည်။ ထရပ်ကာ နိုင်ဝင်းပခုံးကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်မိပြီ . . .

"ငါ့ကို ပြောပြကြပါဦးကွာ၊ ဘယ်လိုတွေ သိသွားကြတာလဲ၊ ခုချိန်မှာ မပြတ်သားခဲ့မှုတွေက ငါ့ကို ဒဏ်ခတ်နေပြီကွ၊ ပြောကြစမ်းပါဦး"

မျက်စိမျက်နှာပျက်လျက် အရူးတစ်ယောက်လို ဖြစ်သွားသော အာကာကိုကြည့်ကာ သူရက သက်ပြင်းချလျက် . . .

"အာကာ . . . ခဏထိုင်လိုက်ဦး၊ သိပ်စိတ်မလှုပ်ရှားပါနဲ့ သူငယ်ချင်းရာ၊ ပြီးခဲ့တဲ့ ကိစ္စတွေကိုတော့ ငါတို့လည်း သာမှမပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်တော့ဘူး၊ ဒီနေ့ မင်းကို မိုးဆွေလေးနာရီတိတိ အင်းယားကန်ပေါင်မှာ အဖြေပေးမယ့်ကိစ္စကို မိုးဆွေကပဲ မေမိုးကို အသိပေးလိုက်တာကွ၊ ငါလည်း ရတနာဆီက တစ်ဆင့်ပြန်သိရတာ"

"ဘာ . . . မိုးဆွေက ပြောလိုက်တာ . . . ဟုတ်လား"

သူရက ခေါင်းညိတ်လျက် . . .

"ဟုတ်တယ် အာကာ၊ ပြောရုံမဟုတ်ဘူး၊ ဒီစာနဲ့ မေမိုးကို နာကျင်အောင် ထပ်လုပ်လိုက်တာပဲ"

အာကာ ဘာမှနားမလည်နိုင်တော့ချေ။ သူရလှမ်းပေးလာသော စာရွက်ခေါက်ကလေးကိုပဲ ယူကာ ဖွင့်ဖတ်လိုက်မိသည်။

မေမိုးဆွေ

ဒီနေ့ ကျွန်မ အာကာကို အဖြေပေးမလို့ အင်းယားကန်ပေါင်က (     ) နေရာမှာ လေးနာရီတိတိ ချိန်းထားတယ်။ အဲဒါဖြစ်နိုင်ရင် အဲဒီအချိန်မှာ မေမိုးဆွေကိုလည်း ရှိနေစေချင်တယ်။ ဆိုလိုချင်တဲ့ သဘောကတော့ ရှင်နဲ့ သူနဲ့လည်း ပတ်သက်မှုတွေရှိနေတာ ကျွန်မသိထားတယ်လေ။ မေမိုးဆွေကို လာခဲ့စေချင်တာက ကျွန်မရင်ထဲက သံသယဆူးကို ရှင့်ရှေ့မှာ တစ်ခါတည်း နှုတ်ပစ်ချင်လို့ပါပဲ။ ဒီကိစ္စကို အာကာလည်း နားလည်သဘောကျမှာပါ။ ရှင့်ဘက်က ရိုးသားရင်လည်း လာခဲ့စေချင်ပါတယ်။

မိုးဆွေပို့

နာကျင်စိတ်လှုပ်ရှားလွန်း၍ အာကာရင်ထဲမှာ တလှပ်လှပ်ဖြစ်နေသည်။ မိုးဆွေဘာဖြစ်လို့ ခုလိုလုပ်လိုက်တာလဲ . . .။

အရင်တုန်းက မိုးဆွေ သူ့အပေါ် အရေးပေးဆက်ဆံခဲ့တာ





တွေက ဒီအဖြစ်မျိုးတွေနဲ့ မေမိုးကို နာကျင်စေအောင်တဲ့လား . . .။

ပြီးတော့ မိုးဆွေ သူ့ကို စိတ်ဆိုးနာကျည်းနေသည့်ကြားက ချဉ်းကပ်မှုကို လက်ခံခဲ့တာတွေ . . .။

ခုတော့ မိုးဆွေ၏ တစ်စင်းထဲသောမြားက လူနှစ်ယောက်ရင်ကို ထုတ်ချင်းပေါက် နစ်ဝင်စေခဲ့ပြီ။

ဆောက်တည်ရာမရှိစွာ ထရပ်ရင်း အာကာ တုန်တုန်လှုပ်လှုပ် မေးလိုက်မိ၏။

"ဒါနဲ့ မေမိုး . . . မေမိုးရဲ့သဘောထားကကောဟင်"

သူရက ပင့်သက်ကိုရှိုက်ကာ မျက်နှာလွှဲလိုက်ရင်း . . .

"မေမိုးကတော့ မိုးဆွေချိန်းတာကို လက်ခံပြီး သွားမယ်တဲ့ကွာ"

"ဘာ . . ဘာပြောတယ်၊ မေမိုးက သွားမယ်တဲ့လား၊ ဟာကွာ

နာကျင်စူးရှစိတ်တွေနှင့် အာကာရေရွတ်လိုက်မိသည်။ ခေတ္တမျှ စိတ်ကို အတည်ငြိမ်ဆုံးထိန်းကာ စဉ်းစားလိုက်၏။

ပြီး . . ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ နာရီကိုကြည့်လိုက်ကာ-

"ငါ . . ငါသွားမှဖြစ်မယ်"

"အာကာ . . . သူငယ်ချင်း . . . "

သူရ၏စကားသံကိုပင် ဂရုမစိုက်နိုင်တော့ဘဲ အာကာ ဝုန်းကနဲ ပြေးထွက်လာခဲ့တော့၏။

ရင်ထဲက အစိတ်အပိုင်းတစ်နေရာ၏ ခံစားမှုစစ်စစ်အား အာကာထိုးထွင်းသိမြင်လိုက်လေပြီ။

ဒါသည်ပင် အာကာအတွက် ကိုယ့်ကိုယ်ကို ပြန်လည်ရှာဖွေတွေ့ရှိသွားပြီလား ဆိုတာကိုတော့ . . .။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## (၃၈)

ကိုယ်စီမတ်တပ်ရပ်ကာ ကန်ရေပြင်တစ်နေရာဆီသို့ ငေးကြည့်နေသော မိုးဆွေနှင့် မေမိုးတို့နှစ်ဦးကြား၌ တိတ်ဆိတ်မှုသည်သာ အပြည့်အဝ ရပ်တည်နေလေသည်။

ထိုတိတ်ဆိတ်မှုပိုင်နက်ထဲမှ စတင်ကျူးကျော်လိုက်သူကမိုးဆွေဖြစ်သည်။ သက်ပြင်းချသံသဲ့သဲ့နှင့်အတူ လက်မှ လက်ပတ်နာရီကို ကြည့်လိုက်ခြင်းဖြစ်၏။

နာရီလက်တံနှစ်ခုက လေးနာရီဆယ့်ငါးဟူသော အချိန်ကိုအတိအကျ ညွှန်ပြနေသည်။ မေမိုးကို တစ်ချက်ငဲ့ကြည့်လိုက်တော့သူလိုပဲ နာရီကြည့်နေသည်ကို တွေ့လိုက်ရ၏။

တကယ်တော့ အာကာအပေါ် အနိုင်ရချင်စိတ်တစ်ခုနှင့်သာ မေမိုးထံသို့ သူ့စာလှမ်းပို့ခဲ့ခြင်း ဖြစ်သည်။ မေမိုးရောက်လာမည်ဟု လုံးဝမထင်ထားခဲ့။ တကယ်ပင် မေမိုးရောက်လာတော့ မိုးဆွေစိတ်ထဲမှာ တော်တော်ကျွတ်သွားသည်။ သူမသာဆိုလျှင်တော့





လုံးဝလာခဲ့မည် မဟုတ်ချေ။

ခုတော့ အာကာရောက်မလာသေးသည်ကိုပဲ မိုးဆွေအံ့ဩလာမိတော့၏။ အံ့ဩစိတ်နှင့်အတူ သူမ၏မာနကလည်း တဆက်တည်း ရှန်းကြွလာတော့သည်။

မေမိုးဆီသို့ အကြည့်ကို ပို့လိုက်ရင်း . . .

"ကျွန်မပြန်တော့မယ် မေမိုးဆွေ၊ လေးနာရီခွဲပြီးချိန်အထိစောင့်ပြီးပြီပဲ၊ အချိန်မလေးစားတဲ့သူကို ကျွန်မထပ်မစောင့်နိုင်တော့ဘူး"

မေမိုးကလည်း ငေ့ကနဲ ပြန်ကြည့်လာပြီး . . .

"ခဏပဲဖြစ်ဖြစ် ဆက်စောင့်လိုက်ပါဦးလား၊ သူလာမှာပါ၊ ဒီနေ့က ရှင်နဲ့အာကာအတွက် အရေးကြီးတဲ့နေ့ပဲလေ၊ ကျွန်မလည်းစောင့်ပေးနိုင်ပါတယ်"

မဲ့ပြုံးတစ်ချက်ကို မိုးဆွေက နှုတ်ခမ်းထောင့်စွန်းမှာ ချိတ်ဆွဲလိုက်ပါသည်။ ပြီး ခေါင်းခါလိုက်ရင်း . . .

"ဟင့်အင်း . . . မစောင့်နိုင်တော့ဘူး၊ ဒါပေမယ့် သူလိုချင်တဲ့ အဖြေကိုတော့ ကျွန်မပြောခဲ့မှာပါ"

"ဟင့်အင်း . . . ကျေးဇူးပြုပြီး ကျွန်မကိုတော့ မပြောခဲ့ပါနဲ့ မိုးဆွေပျို"

မိုးဆွေက ဘာမှပြန်မပြောဘဲ သူ့လွယ်အိတ်ထဲမှ စာအုပ်ကိုထုတ်ကာ စာကြောင်းအချို့ကို ရေးလိုက်သည်။ ပြီး ထိုစာရွက်ကိုစာအုပ်မှ ဆွဲဖြဲလိုက်ကာ ခေါက်၍ မေမိုးဆီလှမ်းပေးရင်း . . .

"သူနဲ့တွေ့ရင်သာ ဒီစာကိုပေးလိုက်ပါ မေမိုးဆွေ၊ သူလိုချင်တဲ့အဖြေ ရေးထားပါတယ်၊ ဒါပေမယ့် ရှင့်ကို တစ်ခုလောက်တော့မေးချင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် . . . ဘာမေးမှာလဲ"

မိုးဆွေက မေမိုးနှင့် အကြည့်ချင်းရင်ဆိုင်လိုက်ပြီး . . .

"ရှင့်ရင်ထဲမှာ အာကာကို ချစ်နေခဲ့လား မေမိုးဆွေ၊ အမှန်အတိုင်း ကျွန်မသိချင်တယ်"

ဒီတစ်ခါတော့ အကြည့်ကိုလွှဲဖယ်ရင်း မေမိုး နာနာကျင်ကျင် ရယ်မောမိလိုက်သည်။ ပြီး ထွက်လာသော စကားသံကလည်း အေးစက်သိပ်သည်းစွာ . . .

"ခုချိန်မှာ ဒီမေးခွန်းက ရှင့်ကိုယ်ရှင် မေးရမှာလေ မိုးဆွေပျို ရဲ့၊ ရှင်ကော အာကာကို တကယ်ချစ်ခဲ့လားဆိုတာကိုလေ၊ ဒါပေမယ့် ရှင်သိပ်သိချင်တဲ့ ကျွန်မသဘောထားကိုတော့ ပြောခဲ့ပါ့မယ်၊ ရှင် အာကာကို အဖြေမပေးရသေးတဲ့ ခုနက အချိန်အထိ ကျွန်မချစ်နေတုန်းပဲ၊ ရှင်အဖြေပေးပြီးရင်တော့ ကျွန်မမေ့ပစ်လိုက်တော့မှာပါ မိုးဆွေပျို"

အဓိပ္ပါယ်ဖော်ရခက်သော အပြုံးမျိုးကို မိုးဆွေပြုံးလိုက်သည်။ ပြီး . . .

"ခုလိုပြောပြပေးတာ ကျေးဇူးပါပဲ မေမိုးဆွေ၊ ကျွန်မပြန်တော့မယ်၊ ခုနက စာကိုသာ အာကာကို ပေးလိုက်ပါနော်"

ဆန့်ကျင်ဘက်အရပ်ဆီသို့ နှစ်ယောက်သား ကျောခိုင်းလိုက်ကြသည်။ လွှဲဖယ်လိုက်ကြသော နှစ်ဦးစလုံး၏ မျက်ဝန်းတွေထဲမှာလည်း မျက်ရည်စတွေက ခိုသီးရစ်ဝိုင်းလျက် . . .။

ထိုမျက်ရည်စတွေ၏ အဓိပ္ပါယ်တွေကိုတော့ သူတို့နှစ်ဦးသာ ကိုယ်စီသိနိုင်ပါလိမ့်မည်။

ထိုသို့ဖြင့်ပင် . . . . .။

* * * *



(၃၉)

BURMESE CLASSIC

လမ်းသွယ်လေးထဲသို့ ချိုးဝင်လိုက်ချိန်မှာတော့ မေမိုးမျက်လုံးများက ဝိုင်းစက်သွားရသည်။ ညှင်းသိုးသိုးပုံစံဖြင့် ရပ်နေသော အာကာကိုတွေ့လိုက်ရ၍ ဖြစ်၏။ လှိုက်ကနဲ ဝမ်းသာသလို ဖြစ်သွားမိသော်လည်း ထိုဝမ်းသာစိတ်ကလေးက ချက်ချင်းပင် နှလုံးသားမှ ခုန်ထွက်သွားပြန်သည်။

"မေမိုး . . ."

ခေါ်သံနှင့်အတူ အနားသို့ရောက်လာသော အာကာကို မိုးဆွေပေးလိုက်သော စာအား လှမ်းပေးလိုက်ပြီး . . .

"ရော့ . . . အာကာ၊ ဒါ မိုးဆွေပျိုပေးလိုက်တာ၊ ရှင်လိုချင်တဲ့ အဖြေရေးထားတာတဲ့"

အာကာလှမ်းယူလိုက်ချိန်မှာ မေမိုးဆတ်ကနဲ လှည့်ထွက်ရန် ပြင်လိုက်သည်။

အာကာက မေမိုးလက်ကို ဆတ်ကနဲ ဖမ်းဆွဲလိုက်ရင်း . .



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မေမိုး၊ ဒီစာကို ကျွန်တော်မဖတ်ချင်ဘူး၊ အဲဒါကြောင့်လည်း မလာခဲ့တာ၊ ကျွန်တော် မေမိုးကိုပဲ ချစ်တယ်၊ အဲဒါအမှန်တရားပဲ"

ရုတ်တရက် မေမိုးတစ်ကိုယ်လုံး တောင့်တင်းသွားသလိုခံစားလိုက်ရ၏။ ချက်ချင်းပင် သတိပြန်ဝင်လာကာ လက်ကို ဆတ်ကနဲ ရုန်းလိုက်ပြီး . . .

"အာကာ . . . ရှင်ဘာတွေလာပြောနေတာလဲ၊ ဒီစကားက မိုးဆွေမျှကို ပြောရမှာလေ၊ သူ အာကာကို စောင့်နေသေးတယ်၊ အာကာမလာတာနဲ့ ဒီစာကို . . ."

"ကျွန်တော်သိပါတယ် မေမိုးရယ်၊ မေမိုးကို အဆုံးအရှုံးမခံနိုင်လို့ အဲဒီကို မလာခဲ့တာပေါ့"

"ရှင် အဲဒီလိုမပြောနဲ့ အာကာ၊ ရှင် ပရိုပို့စ်လုပ်ထားတဲ့ မိန်းကလေးတစ်ယောက်ရဲ့ အဖြေကိုတော့ လေးစားသင့်တယ်၊ ပြီးတော့ သူ့ရဲ့သိက္ခာ . . ."

ကိုယ်ချင်းစာစိတ်တွေနှင့်အတူ မေမိုးအသံက တိမ်ဝင်သွားရသည်။ အာကာလည်း ခေါင်းငိုက်စိုက်ကျသွားရ၏။

မေမိုးကပဲ . . .

"အဲဒီစာကိုပဲ ဖတ်လိုက်ပါ၊ ပြီးတော့ ကျွန်မကို ချစ်တယ်ဆိုရင် ဒီစာအတိုင်း လက်ခံပေးလိုက်ပါ အာကာ၊ အဲဒါ ကျွန်မရဲ့ဆန္ဒပဲ"

ပြောရင်း ချာကနဲ လှည့်ထွက်သွားတော့သည်။ ယူကြုံးမရစိတ်တွေနှင့် အာကာစာကို ဖွင့်ဖတ်ကြည့်လိုက်တော့ . . .

အာကာ

ရှင့်ကို ကျွန်မ မချစ်ခဲ့ဘူး။ ရှင့်အပေါ် နာကျည်းတဲ့စိတ်





ရယ်၊ မေမိုးဆွေအပေါ် မခံချင်တဲ့ စိတ်တွေနဲ့ ဒီကိစ္စတွေကို ဖန်တီးခဲ့တာပါ။ ရှင်တကယ်ချစ်နေတာ မေမိုးဆွေပဲ။ မေမိုးဆွေကလည်း ရှင့်အပေါ် ချစ်နေတာ ကျွန်မသိပါတယ်။ ကျွန်မမှာ လက်ထပ်ရမယ့်သူ ရှိပြီးသားပါ။ ကိုယ့်အလှည့်ရောက်မှ မနာကျင်ချင်ဘူးလေ။ ဒီနေ့လည်း မေမိုးဆွေကိုခေါ်ထားတာ ဒီအကြောင်းတွေကိုပြောပြပြီး ရှင်နဲ့ဆုံပေးမလို့ပါ။ ဒါပေမယ့် ရှင်က ရောက်မလာခဲ့ဘူး။ ဘာပဲဖြစ်ဖြစ် ဒီစာကို ဖတ်နေရတဲ့ အချိန်မှာ ရှင်တို့နှစ်ယောက် ပျော်ရွှင်နေမှာပဲလို့ ကျွန်မယုံပါတယ်။

မိုးဆွေမျှ

စာဖတ်အပြီး ဟေးကနဲအော်ကာ ထခုန်လိုက်သော အာကာအသံကြောင့် မေမိုးက ကြောင်တက်တက်ကလေး လှည့်ကြည့်လာသည်။

အာကာလည်း ဒရောသောပါး ပြေးလိုက်သွားလိုက်ရင်း တုန်ရင်လှိုက်မောသော အသံဖြင့် . . .

"မေမိုး . . . မေမိုးက မေမိုးကိုချစ်ရင် ဒီစာအတိုင်းလက်ခံလိုက်လို့ ပြောခဲ့တယ်နော်၊ မေမိုးလည်း ဖတ်ကြည့်ဦး"

မေမိုးက အာကာ၏ထူးခြားသော အပြုအမူကြောင့် မျက်လုံးကလေး ကလယ်ကလယ်နှင့် စာကိုယူဖတ်လိုက်သည်။ ပြီး နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်လျက် မဝံ့မရဲအကြည့်လေးထဲမှာလည်း ရှက်သွေးရှက်ရောင်တို့ စွတ်စိုလျက် . . .

အာကာက . . ၊

"ကဲ . . . မေမိုးလည်း သိပြီနော်၊ ပြောပါဦး . . ကျွန်တော့်ကို ချစ်ရဲ့လားလို့"



www.burmeseclassic.com

www.burmeseclassic.com



မေမိုးမျက်နှာလေးပေါ်မှာ စိန်ပန်းတွေ ဖျတ်ဖျတ်လူးသွားရပြီး . . .

"အာ . . . အာကာကလည်း စာထဲမှာ ရေးထားတဲ့ဟာကို၊ အဲဒီအတိုင်းပဲပေါ့"

"ဟာ . . . မရဘူးကွာ၊ ပါးစပ်နဲ့ ပြောရမယ်"

"လုပ်ပြန်ပြီ၊ လမ်းလည်ခေါင်ကြီးမှာ အာကာကလည်း . . ."

"ဒါဆိုလည်း၊ တစ်နေရာကိုသွားမယ်"

"ဟင် . . . ဘယ်နေရာလဲ"

အာကာက မျက်ခုံးပင့်လိုက်ရင်း . . .

"သောကြာထောင့်မှာ မစောင့်နေတဲ့ ကောင်မလေးကို အချစ်နတ်သမီးဗီးနပ်(စ်)ရှိတဲ့ သောကြာထောင့်ကို ခေါ်သွားပြီး အဖြေပေးခိုင်းမလို့"

"မဖြစ်ဖူးလေ၊ ဒီနေ့မှ တနင်္လာပဲ ရှိသေးတာ၊ သောကြာနေ့ရောက်မှပြောမယ်"

"မေမိုးနော် . . ."

ပြောရင်း အာကာက မေမိုးလက်ကလေးကို ထပ်ကာဆုပ်ကိုင်လိုက်လေသည်။ ပြီး နှစ်ဦးသားပြုံးတူ ခပ်လွင်လွင် ရယ်လိုက်မိကြ၏။

ထိုရယ်သံချိုချိုများကိုတော့ သောကြာထောင့်မှ အချစ်နတ်သမီးဗီးနပ်(စ်) ကြားနာနေလိမ့်မည်ဟု နှစ်ဦးသား ရင်ခုန်ယုံကြည်ရင်း . . .။

လေးစားစွာ

လတ်တေဇအောင်

ကြယ်ပွင့်စာပေ

## လတ်တေဇအောင်၏ ထုတ်ဝေပြီးသောစာအုပ်များ

၁။ တိမ်တွေဖျော်ထည့်ထားတဲ့ကောင်းကင်

၂။ ငါ့ရင်ဘတ်ကိုမှ ကြက်ခြေခတ်တဲ့ချစ်သူ

၃။ ရင်ကြားစေ့အလွမ်းတွေနဲ့ ယုန်ကလေးရဲ့ငါ

၄။ ကျွန်တော်နှင့် ဆယ့်နှစ်ကြိုးဆိုင်ခီ

၅။ အနှုတ်အမြှောက်အနှုတ် ညီမျှခြင်းအပေါင်း

၆။ ငါ့မြို့ရိုးထက်က ငွေ့ရည်ဖွဲ့မိုးတိမ်

၇။ နှင်းဆီဖိုင်

၈။ မိုးကျရွှေကို ပုံပြင်

ယခု

၉။ သောကြာထောင့်မှာ မစောင့်တဲ့ ဗီးနပ်(စ်)

ဆက်လက်၍

၁၀။ အစိမ်းတေးအယ်လ်ဘမ်

www.burmeseclassic.com